ကြေးမုံ
The Mirror
Established in 1957
၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်၊ တနင်္လာနေ့၊ (2-2-2015) (၈၁၀၄)

ကောင်းမှုဖြင့် ဖုံးအုပ်

မိမိပြုခဲ့ပြီးသော မကောင်းမှုအကုသိုလ်ကို ကောင်းမှုကုသိုလ်ဖြင့် ဖုံးအုပ်သော(ပယ်သော)သူသည် တိမ်တိုက်မှကင်းသော လမင်းကဲ့သို့ ဤလောကကို (မဂ်ဉာဏ်ရောင်ဖြင့်) ထွန်းလင်းစေ၏။

ဓမ္မပဒ(၁၇၃)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဂေါက်သီးရိုက်ပြိုင်ပွဲဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၁

၂၀၁၄-၂၀၁၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၆ နာရီခွဲတွင် နေပြည်တော် ဂေါက်ကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဝေလွင်၊ ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့●**

အမျိုးသားပညာရေးဥပဒေဆိုင်ရာကိစ္စရပ်များအတွက် ဆွေးနွေးညှိနှိုင်းအဖြေရှာခြင်းဖြင့် ရလဒ်ကောင်းများရရှိနိုင်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁

ဒီမိုကရေစီအစိုးရသစ်လက်ထက်တွင် ကျင့်သုံးလျက်ရှိသည့် နိုင်ငံရေးယဉ်ကျေးမှုသစ်အရ အမျိုးသားပညာရေးဥပဒေနှင့် ပတ်သက်သည့် ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တက္ကသိုလ် တက္ကသိုလ်စိန်ရတုခန်းမ၌ ကျင်းပသည်။**(ယာပုံ)**

ယနေ့ ဆွေးနွေးပွဲသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးအောင်မင်းနှင့် ဦးတင်နိုင်သိန်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ၊ တိုင်းရင်းသားရေးရာနှင့် ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးသိန်းဆွေ၊ ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာချမ်းငြိမ်းနှင့် လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဒေါက်တာစိုးမိုးအောင်၊ ဒေါ်စုစုလွင်၊ ဒေါ်နန်းဝါနု၊ ဒေါ်မိမြင့်သန်း၊ ဒေါ်နန်းစေအွာ၊ ဒေါ်ခင်စောဝေ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဦးဇော်မြင့်ဖေ၊ ဦးခင်မောင်ရီ၊ ဒေါက်တာဗညားအောင်မိုး၊ ဒေါ်ခင်ဝိုင်းကြည်၊ ဒေါက်တာမြတ်ဉာဏစိုး၊ ဒေါ်နန်းနီနီအေးနှင့် ဦးနု၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးပြုပြင်ပြောင်းလဲမှုကွန်ရက်(NNER)မှ ဒေါက်တာသိန်းလွင်၊ ဒေါက်တာတင်လှိုင်၊ ဦးနိုင်နွယ်သိန်း၊ ဒေါက်တာသန့်လွင်မောင်၊ ဒေါက်တာဒေါ်ညိုညိုသင်းနှင့် အဖွဲ့ဝင်များ၊ ကျောင်းသားကိုယ်စားလှယ်များဖြစ်ကြသည့် မောင်ချစ်ဝင်းမောင်၊ မောင်ပြည့်ဖြိုးကျော်၊ မောင်သန့်ဇင်ထွန်း၊ မောင်ပိုင်ရဲသူ၊ မောင်ဝေမိုးနိုင်၊ မောင်မင်းလွင်ဦး၊ မောင်ရဲဇာနည်ထွန်း၊ မောင်နန်းလင်း၊ မောင်ဇေယျာလွင်၊

မောင်အောင်နေပိုင်၊ မောင်စိုးလှိုင်၊ မောင်မင်းသွေးသစ်၊ မောင်အောင်မှိုင်းဆန်း၊ မောင်နန္ဒစစ်အောင်၊ မဖြိုးဖြိုးအောင်နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက အဖွင့်အမှာစကား ပြောကြားရာတွင် ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးညှိနှိုင်းနိုင်ရန် မိမိအနေဖြင့် စီစဉ်ဆောင်ရွက်ပေးခြင်းသာဖြစ်ကြောင်း၊ ယနေ့ရောက်ရှိနေသည့် ဆွေးနွေးဖက်များအနေဖြင့် ဆွေးနွေးညှိနှိုင်းအဖြေရှာသည့် ဖြစ်စဉ်တစ်ရပ်ကို ဝိုင်းဝန်းတည်ဆောက်ကြရန်ဖြစ်ပါကြောင်း။

အမျိုးသားပညာရေးဥပဒေဆိုင်ရာကိစ္စရပ်များအတွက် ဆွေးနွေးညှိနှိုင်းအဖြေရှာခြင်းဖြင့် ရလဒ်ကောင်းများရရှိနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ၎င်းအချက်ကိုပိုပြီးလေးနက်စေရန် နိုင်ငံတော်သမ္မတ၏ ယနေ့နံနက်တွင် ပြောကြားသည့် အမျိုးသားပညာရေးဥပဒေဆိုင်ရာ သဘောထားရပ်တည်ချက်နှင့် မူဝါဒများကို ထင်ဟပ်သည့် ရေဒီယိုမိန့်ခွန်းကောက်နုတ်ချက်ကို ဖတ်ကြားလိုပါကြောင်း။ **စာမျက်နှာ ၈ ကော်လံ ၁ သို့○**

တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ နေပြည်တော်သို့ ရောက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁

(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အခမ်းအနားတွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်မည့် ကချင်ပြည်နယ်မှ ယဉ်ကျေးမှုအဖွဲ့ဝင်များသည် ယနေ့ညနေပိုင်းတွင် မော်တော်ယာဉ်ဖြင့် နေပြည်တော်ရှိ အမှတ်(၇)တည်းခိုရေးစခန်းရွာတော်သို့ ရောက်ရှိလာကြသည်။**(ဓါတ်ပုံ)**

အဆိုပါ ယဉ်ကျေးမှုအဖွဲ့ဝင်များအား ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနလက်အောက်ရှိ အနုပညာဦးစီးဌာနမှ ဝန်ထမ်းများက ဒိုးပတ်ဝိုင်းများဖြင့် ကြိုဆိုကြသည်။

တနင်္သာရီတိုင်းဒေသကြီးမှ ယဉ်ကျေးမှုအဖွဲ့ဝင်များသည်လည်း ယနေ့ညပိုင်းတွင် ရောက်ရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

တင်ထွန်းအောင်(သတင်းစဉ်)

ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၅ နှင့် ၁၆ တို့တွင် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ ဇီဝဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ ပါရှိပါသည်။

ကြေးမုံ စာ တည်း ရှု ထောင့်

၂-၂-၂၀၁၅၊ တနင်္လာနေ့

နိုင်ငံရေး ယဉ်ကျေးမှုဖော်ဆောင်

မြန်မာနိုင်ငံတွင် ဒီမိုကရေစီအသွင်ကူးပြောင်းမှု သက်တမ်းငါးနှစ်ကာလသို့ စတင်ဝင်ရောက်လာသည့်အချိန်၌ နိုင်ငံရေးယဉ်ကျေးမှုမှာ ပိုမိုပီပြင်ထင်ရှားလာပါသည်။ လက်တွေ့တွင်လည်း မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုနှင့် ဖြေလျှော့ပေးမှုများကို ပြည်သူများ ပိုမိုသိမြင်ခံစားနေပြီဟု ပြောနိုင်ပါသည်။

ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တနေသည့် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ မိမိတို့ကျရာကဏ္ဍအသီးသီးကနေ တည်ဆောက်ပေးနိုင်စွမ်းရှိသည်ဆိုသည့် ရပ်တည်ချက်ကနေရှုမြင်ပြီး ငြိမ်းချမ်းရေးဖြစ်စဉ်မှာ အဆင့်ဆင့်တက်လှမ်းကာ အောင်မြင်မှုများရယူပေးကြဖို့ကိုလည်း ရေဒီယိုမိန့်ခွန်းတွင် နိုင်ငံတော်သမ္မတက တိုက်တွန်းထားသည်ကို တွေ့ရပါသည်။

ထိုဖြစ်ထွန်းမှုများ နောက်တစ်ဆင့် တက်လှမ်းနိုင်ဖို့အတွက် နိုင်ငံရေးအာမခံချက်များရရှိအောင် ဖြစ်စဉ်တိုင်းမှာ အဆင့်ဆင့်တက်လှမ်းပြီး နိုင်ငံရေးသဘောတူညီချက်များရယူကြဖို့ကိုလည်း ထိုမိန့်ခွန်းတွင် နိုင်ငံတော်သမ္မတက ထပ်မံတိုက်တွန်းထားသည်ကို တွေ့ရပါသည်။

ယနေ့ကာလသည် မြန်မာနိုင်ငံ၏ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုပြသသော သမိုင်းမှတ်တိုင်စိုက်ထူနေသည့်ကာလ ဖြစ်ပါသည်။ ပင်လုံမြေမှ အစပြုသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေးကိစ္စကို ဒီမိုကရေစီအစိုးရက သမိုင်းအမွေကို ဆက်လက်ထိန်းသိမ်းသောအားဖြင့် အမျိုးသားရေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်ပေးနေသည်ဟု ယုံကြည်ပါသည်။

လက်ရှိတွင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်များမှာ ကန့်သတ်ချက်အချို့ရှိသော်လည်း အဆင့်ဆင့်ဖြစ်ထွန်းများမှုရှိနေသည်မှာ အမှန်ဖြစ်သည်။ လက်နက်ကိုင်ပဋိပက္ခများအား နိုင်ငံရေးနည်းလမ်းဖြင့် အဖြေရှာနိုင်ရေးအတွက် နိုင်ငံရေးဆွေးနွေးပွဲများ စတင်ပြင်ဆင်နေသည်ကိုလည်း တွေ့ရပါသည်။ နိုင်ငံရေးတွင် တိုးတက်မှုများရှိနေပြီး စိန်ခေါ်မှုများကိုလည်း မြင်တွေ့ကြရမည်ဖြစ်သည်။ ယင်းတို့မှာ ပြုပြင်ပြောင်းလဲရေးလုပ်ဆောင်သည့် နိုင်ငံတိုင်း ကြုံတွေ့ရလေ့ရှိသည့် နိုင်ငံရေးယဉ်ကျေးမှုများဖြစ်ပါသည်။

ဒီမိုကရေစီအသွင်ကူးပြောင်းရေးအောင်မြင်ရန်နှင့် ဒီမိုကရေစီ အခြေတည်ခိုင်မြဲရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ပွင့်လင်းလွတ်လပ်သည့် လူ့အဖွဲ့အစည်းဆိုင်ရာကိစ္စများသည် လူ့အဖွဲ့အစည်းက ရည်မှန်းထားသည့်၊ အဓိပ္ပာယ်ဖွင့်ဆိုထားသည့်၊ ရယူပိုင်ဆိုင်လိုသည့် အောင်မြင်မှုများပင်ဖြစ်သည်။ ထိုအောင်မြင်မှုများကိုရရှိရန်အတွက် ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ရှားဆောင်ရွက်ရာ၌ ကြုံတွေ့ရလေ့ရှိသည့် အခက်အခဲနှင့် စိန်ခေါ်မှုများကို သိမ်မွေ့ညင်သာစွာ မဖြစ်မနေကျော်လွှားကြရမည်သာဖြစ်သည်။

ထိုသို့ရင်ဆိုင်ကျော်လွှားကြရာတွင် အစိုးရတစ်ရပ်အနေနှင့်သာမက နိုင်ငံရေးပါတီများ၊ နိုင်ငံရေးအင်အားစုများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများအားလုံးသာမက ပြည်သူတစ်ဦးချင်းစီလည်းပါဝင်ပြီး ချောမွေ့ညင်သာသော အသွင်ကူးပြောင်းရေးဟူသည့် အောင်မြင်မှုကို အချင်းချင်းအပြန်အလှန်နားလည်မှု၊ ယုံကြည်မှု၊ စိတ်ရှည်သည်းခံမှုတို့ကို အခြေခံပြီး ညီညီညွတ်ညွတ်ဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှုကို ရယူကြဖို့ဖြစ်သည်။

မည်သည့်ကိစ္စတွင်မဆို ညီညီညွတ်ညွတ် ဆွေးနွေးညှိနှိုင်းအဖြေရှာခြင်းသည် အောင်မြင်ခြင်းသာဖြစ်သည်ဟု ဗုဒ္ဓအဆုံးအမလည်းရှိပြီးဖြစ်သည်။ လက်တွေ့ကျသော အဖြေလည်းရရှိနိုင်သည်။ နိုင်ငံရေးလှုပ်ရှားမှုများကို ဆောင်ရွက်ရာတွင် အချိန်ကာလကိုလည်း သတိမူရမည်ဖြစ်သည်။ လက်ရှိအချိန်ကာလမှာ စာမေးပွဲရာသီအချိန်ကာလဖြစ်၍ ကလေးသူငယ်များ စာမေးပွဲကို ဖြောင့်ဖြူးစွာဖြေဆိုနိုင်ရေးအတွက်လည်း အလေးထားသင့်သည်။

သို့ဖြစ်ရာ ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင်၊ ပြည်သူများလူမှုစီးပွားဖွံ့ဖြိုးတိုးတက်အောင်၊ မျိုးဆက်သစ်လူငယ်များ ပိုမိုကောင်းမွန်သည့် အနာဂတ်ဖော်ဆောင်နိုင်အောင် စိတ်ရှည်သည်းခံမှုနှင့် ငြိမ်းချမ်းစွာညှိနှိုင်းအဖြေရှာခြင်းဟူသည့် နိုင်ငံရေးယဉ်ကျေးမှုကို ကျွန်ုပ်တို့အားလုံးဖော်ဆောင်သင့်ပါကြောင်း ကြေးမုံက ထင်မြင်ယူဆပါသည်။ ။

နိုင်ငံတကာစံနှုန်းများနှင့်ကိုက်ညီသော အခွန်စနစ်ဖြစ်ပေါ်အောင် ဆောင်ရွက်လျက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁

အခွန်စည်းကြပ်ကောက်ခံမှုများကို တည်ဆဲအခွန်ဆိုင်ရာ ဥပဒေများနှင့်အညီ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ညီညွတ်မျှတသော အခွန်စည်းကြပ်ကောက်ခံမှုများဖြစ်စေရန် အရေးကြီးကြောင်း၊ အခွန်ဆိုင်ရာ အသိပညာများ တိုးပွားရရှိစေရေးအတွက် အခွန်ပညာပေးဆွေးနွေးမှုများ စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်လိုကြောင်း၊ ၂၀၁၅ ခုနှစ် အခွန်အကောက်ဥပဒေပြဋ္ဌာန်းရာတွင် မြေပြင်အခြေအနေနှင့် ကိုက်ညီသော အခွန်ဥပဒေဖြစ်ရန် လိုကြောင်း၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုများကို ဝန်ထမ်းများအားလုံးက လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူကျင့်သုံးစေလိုကြောင်း၊ ကိုယ်ကျင့်သိက္ခာ စောင့်ထိန်းမှု၊ ဥပဒေကိုလေးစားလိုက်နာမှုဖြင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်ဘဏ္ဍာများ တိုးတက်ရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ နိုင်ငံတကာစံနှုန်းများဖြင့် ကိုက်ညီသော အခွန်စနစ်ဖြစ်ပေါ်လာစေရေးအတွက် အရည်အချင်း၊ အရည်အသွေးပြည့်ဝသော၊ အကျင့်စာရိတ္တကောင်းမွန်သော ဝန်ထမ်းများလိုအပ်သဖြင့် တစ်ဦးချင်းသာမက ဌာနတစ်ခုလုံးကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း စသည်ဖြင့် ဇန်နဝါရီ ၃၁ ရက် နံနက် ၉ နာရီတွင် ပန်းဆိုးတန်းလမ်းရှိ အခွန်ကောက်ခံမှု စိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် အခွန်ကောက်ခံမှု စိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့နှင့် ပြည်တွင်းအခွန်များဦးစီးဌာနမှ အရာထမ်းများတွေ့ဆုံပွဲတွင် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အကျယ်တဝင့် ဆွေးနွေးမှာကြားသည်။

အဆိုပါ အခမ်းအနားတွင် အခွန်ကောက်ခံမှုစိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့ဥက္ကဋ္ဌ သူရဦးသောင်းလွင်က တရားမဝင် ကုန်သွယ်မှုများ တားဆီးပိတ်ပင်နိုင်ရေး၊ အထောက်အကူပြုအဖွဲ့များအား ရပ်ကွက်အဆင့်ထိဖွဲ့စည်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များအားလည်းကောင်း၊ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထွဋ်က ရှင်းလင်းလွယ်ကူသော အခွန်စနစ်ဖြစ်ပေါ်စေရေး၊ အခွန်စည်းကြပ်ကောက်ခံမှုများအား ခေတ်မီနည်းပညာများဖြင့် ဆောင်ရွက်နိုင်ရေး၊ စားသောက်ဆိုင်များတွင် ပြေစာအမှတ်တံဆိပ်များ စနစ်တကျ ကပ်နှိပ်စေရေးနှင့် ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေပြဋ္ဌာန်းနိုင်ရေးဆောင်ရွက်နေမှုဆိုင်ရာကိစ္စရပ်များအား လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းသိန်းက တရားမဝင်စက်သုံးဆီနှင့် အခြားကုန်သွယ်မှုများ တားဆီးပိတ်ပင်နိုင်ရေး ကိစ္စရပ်များအားလည်းကောင်း အသေးစိတ်ဆွေးနွေးကြသည်။

ဆက်လက်၍ တက်ရောက်လာကြသော အခွန်ကောက်ခံမှုစိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့ အဖွဲ့ဝင်များက ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ ကိစ္စရပ်များနှင့် ပြည်တွင်းအခွန်များဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများအပေါ် ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားရာတွင် ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေထုတ်ပြန်ရာတွင် အခွန်ထမ်းပြည်သူများ သိရှိလိုက်နာဆောင်ရွက်နိုင်ရေးအတွက် အခွန်ပညာပေး ဆွေးနွေးမှုများ ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်ရန် လိုအပ်ကြောင်း၊ နိုင်ငံတကာ အခွန်စနစ်များကို လေ့လာသုံးသပ်ထားရန်လိုအပ်ကြောင်း၊ အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲမှုများကို အောင်မြင်အောင် ဆောင်ရွက် နိုင်ရေးအတွက် ကြိုးကြပ်ပံ့ပိုးကူညီဆောင်ရွက်ကြရန် အရေးကြီးကြောင်း၊ အခွန်တိုးတက်ကောက်ခံရရှိရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း မှာကြားသည်။

(သတင်းစဉ်)

စာပေမြင့်မှ လူမျိုးတင့်မည်

လားရှိုးမြို့၌ အဝေးပြေးယာဉ်ရပ်နားစခန်းအသစ် တည်ဆောက်ပြီးစီး

သီပေါ ဖေဖော်ဝါရီ ၁

ရှမ်းပြည်နယ် (မြောက်ပိုင်း)၏ မြို့တော်လားရှိုးမြို့အား မြို့တော်အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရန်၊ အနယ်နယ်အရပ်ရပ်သို့ သွားရောက်မည့် ခရီးသွားပြည်သူများ တစ်နေရာတည်း အဆင်ပြေမှုရှိစေရန်နှင့် လားရှိုးမြို့တွင်းသို့ မော်တော်ယာဉ်ကြီးများ ဝင်ရောက်သွားလာမှုကြောင့် မြို့တွင်းလမ်းများ ပျက်စီးခြင်း၊ ယာဉ်ကြောပိတ်ဆို့ခြင်းများ မဖြစ်စေရန် ရည်ရွယ်ပြီး လားရှိုးမြို့ရှောင်လမ်း

အနီးတွင် ခေတ်မီသပ်ရပ်သည့် အဆင့်မြင့် အဝေးပြေးယာဉ်ရပ်နားစခန်းအသစ်ကို ဇန်နဝါရီ ၂၈ ရက်က ဤသို့တွေ့မြင်ခဲ့ရသည်။ **စိုင်း(သီပေါ)**

●ရွှေဖုံးမှ
ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီးလှဋ္ဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တီခုံအမှတ်(၁)၌ Smoke Ball ကို ရိုက်၍ ဦးစွာဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ကာကွယ်ရေးဦးစီးချုပ်(လေ)တို့က Smoke Ball ကိုရိုက်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပါဝင်ယှဉ်ပြိုင်ကစားကြမည့် ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများက သတ်မှတ်တီခုံအသီးသီးတွင် ပါဝင်ယှဉ်ပြိုင်ကစားကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တီခုံအမှတ်(၁)၌ Smoke Ball ကို ရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။ (မြဝတီ)

၂၀၁၄-၂၀၁၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇန်နဝါရီ ၃၁ ရက်မှစ၍ နေပြည်တော် ဂေါက်ကွင်းနှင့် ရေပြာဂေါက်ကွင်း တို့တွင် ကျင်းပလျက်ရှိပြီး ပြိုင်ပွဲဝင် အသင်း ၂၀ သင်း ပါဝင်ယှဉ်ပြိုင် ကစားခဲ့ကြောင်း သတင်းရရှိသည်။

(မြဝတီ)

၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ(မူကြမ်း)အပေါ် အကြံပြုချက်များ ပေးပို့နိုင်ရန် ဖိတ်ခေါ်

နေပြည်တော် ဖေဖော်ဝါရီ ၁

၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ(မူကြမ်း)နှင့်ပတ်သက်၍ နိုင်ငံပိုင်သတင်းစာများတွင် ဇန်နဝါရီလ ၂၆ ရက်နေ့က ဖော်ပြခဲ့ပြီးဖြစ်ရာ အဆိုပါ အခွန်အကောက်ဥပဒေ(မူကြမ်း)နှင့်ပတ်သက်၍ ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်အတည်ပြုပေးရန် ရှိပါသဖြင့် ယင်းကိစ္စနှင့်ပတ်သက်၍ ပြည်သူများ၊ ပညာရှင်များ၊ စီးပွားရေးအဖွဲ့အစည်းများ၏ အကြံပြုချက်များကို ထည့်သွင်းစဉ်းစားဆောင်ရွက်သွားရန်ရှိကြောင်း သိရသည်။

သို့ပါ၍ အကြံပြုချက်ပေးပို့လိုသူများအနေဖြင့် ပြည်ထောင်စုလွှတ်တော်ရှိ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် အမျိုးသားစီမံကိန်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးနှင့် အခွန်အကောက်ဆိုင်ရာဥပဒေကြမ်းများစိစစ်ရေးပူးပေါင်းကော်မတီသို့ စာဖြင့်သော်လည်းကောင်း၊ e-mail လိပ်စာ i7 planning @gmail.com သို့လည်းကောင်း ဖေဖော်ဝါရီ ၆ ရက် ညနေ ၄ နာရီအရောက် ပေးပို့နိုင်ရန် ဖိတ်ခေါ်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆုကြီးများအရေအတွက် တိုးလာခြင်းကြောင့် ထီကံစမ်းသူများလာ

ရန်ကုန် ဖေဖော်ဝါရီ ၁

ဖေဖော်ဝါရီ ၁ ရက်တွင် ပြောင်းလဲဖွင့်လှစ်ပေးသည့် ထီစနစ်သစ်ကြောင့် အောင်ဘာလေထီကံစမ်းသူများပြားလာရာ လကုန်ရက်ပိုင်းမရောက်မီကပင် ရောင်းရန် ထီလက်မှတ်များကျန်ရှိမှု လွန်စွာနည်းပါးလာကြောင်း ထီကုမ္ပဏီတစ်ခုမှ အရောင်းဝန်ထမ်းတစ်ဦးထံမှ သိရသည်။ အနယ်နယ်အရပ်ရပ်ရှိ ထီအရောင်းဆိုင်များတွင် ပုံမှန်အားဖြင့်လစဉ် ၂၅ ရက် ကျော်သည့်တိုင် ရောင်းရန်လက်မှတ်အများအပြားကျန်ရှိနေတတ်ရာ ယခုအခါ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲက ဇန်နဝါရီ ၁ ရက်တွင် ဖွင့်လှစ်ပေးခဲ့ပြီးသော ပဒေသာယူနစ်အစား ဝေဝေဆာဆာ ပဒေသာဆုမဲများအဖြစ် ဖေဖော်ဝါရီ ၁ ရက်တွင် ပြောင်းလဲဖွင့်လှစ်ပေးမည်ဟု ကြေညာခဲ့ခြင်းကြောင့် ထီကံစမ်းသူ လွန်စွာများပြားလာပြီး ယင်းကဲ့သို့ ဝယ်လိုအားမြင့်လာခြင်းဖြစ်ကြောင်း သိရသည်။

"အခု ဖွင့်လှစ်ခဲ့တဲ့စနစ်မှာ သိန်း ၁၀၀၀ က တစ်ဆု၊ ငါးရာက သုံးဆု၊ ၃၀၀ က နှစ်ဆု၊ ၂၀၀ က နှစ်ဆု၊ ၁၀၀ က ရှစ်ဆု အရင်လကထက် ဆုကြီးတွေ ဆုမဲရေအတွက်တိုးလာတယ်။ အဲဒါကြောင့် အရင်လကငါးစောင်ပဲထိုးတာ။ အခုလ ၁၀ စောင်ထိုးဖြစ်တယ်" ဟု ထီကံစမ်းသူ တစ်ဦးက ဆိုသည်။ ဇန်နဝါရီ ၁ ရက်တွင် (၃၁၂)ကြိမ်မြောက်အဖြစ် ဖွင့်လှစ်ပေးသောစနစ်တွင် အမြင့်ဆုံးသိန်း ၁၅၀၀ မှ အနိမ့်ဆုံး ကျပ်ငါးသောင်းဆုထိ ဆုမဲပေါင်း ၃၇၄၈၁ သာ ဖွင့်လှစ်ပေးခဲ့ရာ ယခု ဖေဖော်ဝါရီ ၁ ရက် (၃၁၃)ကြိမ်မြောက်တွင် ဆုမဲပေါင်း ၄၀၂၄၃ ထိ ဖွင့်လှစ်ပေးခဲ့ကြောင်းသိရသည်။ နှိုင်းယှဉ်ချက်အရ (၃၁၂)ကြိမ်မြောက်က ကျပ်နှစ်သိန်းဆုကို ၁၂၂ ဆုသာ ဖွင့်လှစ်ပေးခဲ့ပြီး (၃၁၃)ကြိမ်တွင် ဆုမဲပေါင်း ၁၀၀၀ ထိတိုးလာပြီး ကျပ်တစ်သိန်းဆုတွင် ယခင်အကြိမ်က ဆုမဲပေါင်း ၁၄၈၀၀ ဖွင့်လှစ်ပေးခဲ့ရာမှ ယခုတွင် ၉၀၀၀ ထိလျော့ ကျသွားကြောင်း သိရသည်။

(ဝသန်ထွန်း)

အောင်ဘာလေသိန်းဆုဖွင့်

(၃၁၃)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ၁-၂-၂၀၁၅နေ့ ထွက်ပေါ်လာသောဆုကြီးများစာရင်း

အထူးဆုကြီးတစ်ဆု ကျပ်သိန်း(၁၅၀၀)

ရ-၉၅၇၇၉၈

ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၁၀၀၀)

ဝ-၆၇၈၇၅၆
ဟ-၈၈၈၀၃၈

ဆုကြီးတစ်ဆုချင်း ကျပ်သိန်း (၅၀၀)ဆုများ

ဃ-၈၉၈၉၅၂	ရ-၂၈၈၉၈၁
ခု-၄၃၆၆၃၂	ခု-၆၂၅၀၅၁
ဇ-၇၀၅၉၉၅	

ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၃၀၀)ဆုများ

သ-၈၇၆၉၃၀	ဠ-၇၂၃၀၈၂
ဖ-၂၂၀၄၃၂	ဝ-၅၁၅၃၅၈
ဝ-၈၇၇၉၄၆	ည-၂၆၃၆၄၁

ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၂၀၀)ဆုများ

င-၄၃၄၇၆၃	ခု-၉၀၈၈၀၀
ကစ-၉၉၀၈၃၇	ဌ-၁၃၁၃၇၉
သ-၄၂၉၃၂၂	ဟ-၄၀၄၀၄၉
ဆ-၂၆၈၆၉၄	

ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၁၀၀)ဆုမဲများ

ည-၂၁၈၃၉၂	ထ-၇၈၃၄၂၄
ခ-၁၁၁၃၀၅	ကဃ-၄၈၁၇၉၂
ကဂ-၄၈၁၆၆၇	ထ-၅၅၄၄၆၄
ခု-၅၃၆၉၉၈	ကင-၃၉၀၉၅၆
ကက-၈၈၃၅၂၀	ဘ-၁၆၃၄၆၅
ထ-၆၀၆၀၂၅	ပ-၂၈၉၂၀၉
ည-၄၇၀၇၈၁	ဇ-၅၈၅၅၁၃
ကက-၉၂၅၇၉၁	ကဃ-၈၂၂၂၉၅
ကင-၉၈၀၇၉၁	ရ-၇၁၄၃၂၀

ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့်မွေးနေ့ မြေစိုက်ပိုစတာများစိုက်ထူ၊ မြို့နယ်အတွင်း လှည့်လည်ပြသ

မော်လမြိုင် ဖေဖော်ဝါရီ ၁

မော်လမြိုင်ကျွန်းမြို့တွင် ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့်မွေးနေ့ မြေစိုက်ပိုစတာများကို မော်လမြိုင်ကျွန်းမြို့၏ အချက်အချာကျသော

မြို့မ(၁၁)လမ်း၊ ခုတင် (၁၀၀)ပြည့်သူ့ဆေးရုံရှေ့နှင့် ဗိုလ်ချုပ်ဈေးရှေ့တို့တွင် ၁၅ ပေ × ၁၂ ပေ မြေစိုက်ပိုစတာကြီးများကို ဇန်နဝါရီ ၁၅ ရက်မှစတင်စိုက်ထူထားပြီး ဖျော်ဖြေရေးအစီအစဉ်အဖြစ် ဇန်နဝါရီ ၅ ရက်နှင့် ၆ ရက်တို့တွင် မြို့ပေါ်ရပ်ကွက်များနှင့် ဇန်နဝါရီ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ဖျော်ဖြေရေးယာဉ်ဖြင့် ကျေးရွာအုပ်စု ကိုးအုပ်စု၊ ဇန်နဝါရီ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ဖျော်ဖြေရေး ပွဲထောင်ရေယာဉ်ဖြင့် ကျေးရွာအုပ်စု ခြောက်အုပ်စုသို့ လှည့်လည် ဖျော်ဖြေခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့် မွေးနေ့ကို မော်လမြိုင်ကျွန်းမြို့တွင် ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ ဈေးပွဲတော်၊ ပျော်ပွဲရွှင်ပွဲ၊ အမှတ်တရပစ္စည်းရောင်းချပွဲ၊ အဆိုပြိုင်ပွဲ၊ ဆုချီးမြှင့်ပွဲ၊ စာပေဟောပြောပွဲနှင့် ဆွမ်းလောင်းလှူပွဲများ ကျင်းပမည်ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့်မွေးနေ့ကျင်းပမည့် မော်လမြိုင်ကျွန်းမြို့ လွတ်လပ်ရေးပန်းခြံတွင် ပွဲတော်အခမ်းအနားကျင်းပရေး ကြိုတင်ပြင်ဆင်လျက်ရှိရာ သမိုင်းဝင် ဗိုလ်ချုပ်မှတ်တမ်းဓာတ်ပုံ ပြခန်းကိုလည်း ဖွင့်လှစ်ပြသထားပြီဖြစ်ရာ မြို့နယ်အတွင်းမှပြည်သူများ စိတ်ဝင်တစားလာရောက်ကြည့်ရှုလျက်ရှိကြသည်။

(မော်ကျွန်းမြင့်အောင်)

ပုဂ္ဂလိကပိုင် အသေးစားစက်မှုဥယျာဉ် (Light Industrial Park) တည်ထောင်ရန် တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မလစ်ကျေးရွာအနီး၊ ကွင်းအမှတ်(၁၁၀၄) ဦးပိုင်အမှတ်(၇)၊ ကွင်းအမှတ်(၁၁၀၅/ခ) ဦးပိုင်အမှတ်(၁၅)၊ ကွင်းအမှတ်(၁၁၀၆) ဦးပိုင်အမှတ်(၈၊၁၃၊၂၇)၊ ကွင်းအမှတ်(၁၁၀၇) ဦးပိုင်အမှတ်(၅၊၂၁)၊ ကွင်းအမှတ်(၁၁၀၈) ဦးပိုင်အမှတ်(၂)၊ ကွင်းအမှတ်(၁၁၀၈/က) ဦးပိုင်အမှတ်(၅)ရှိ မြေဧရိယာများ၏ တစ်စိတ်တစ်ဒေသတွင် ပါဝင်သည့် မြေဧရိယာ ဧက(၄၀၀)ပေါ်တွင် ပုဂ္ဂလိကပိုင် အသေးစားစက်မှုဥယျာဉ် (Light Industrial Park) တည်ထောင်ရန်အတွက် လုပ်ငန်းဆောင်ရွက်လိုသော ကုမ္ပဏီ/အဖွဲ့အစည်းများအနေဖြင့် အောက်ပါအဆိုပြုလွှာများကို သီးခြားစာအိတ်များဖြင့် တင်ဒါတင်သွင်း နိုင်ပါသည်။

(က) ကျွမ်းကျင်မှုနည်းပညာဆိုင်ရာ အဆိုပြုလွှာတွင် လုပ်ငန်းဒီဇိုင်း၊ တည်ဆောက်မှုကြီးကြပ်ခြင်း၊ လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်၊ အဆင့်အလိုက် ဆောင်ရွက်မည့် အစီအစဉ်များ၊ လုပ်ငန်းလည်ပတ်လုပ်ကိုင်ခြင်း၊ လုပ်ငန်းထိန်းသိမ်းခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဆိုင်ရာအချက်အလက်များ၊ အလားတူလုပ်ငန်းအတွေ့အကြုံနှင့် စာချုပ်ချုပ်ဆိုခဲ့မှုများ ဖော်ပြပါရှိရမည်။

(ခ) ငွေကြေးဆိုင်ရာအဆိုပြုလွှာတွင် လုပ်ငန်းအတွက် စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏ၊ လုပ်ငန်းအဆင့်အလိုက် ကုန်ကျမည့် ရင်းနှီးမြှုပ်နှံမှုပမာဏ၊ နှစ်ဦးနှစ်ဖက် အကျိုးခံစားခွင့်နှင့်စပ်လျဉ်း၍ အဆိုပြုတင်ပြချက်တို့ကိုဖော်ပြရမည်။ ထို့ပြင် တင်ဒါတင်သွင်းသူ၏ လွန်ခဲ့သော (၃)နှစ်အတွက် စာရင်းစစ်ဆေးပြီး ငွေကြေးအစီရင်ခံစာ၊ လုပ်ငန်းအတွက် ငွေကြေးအရင်းအမြစ်တို့ ဖော်ပြပါရှိရမည်။

၂။ တင်ဒါတင်သွင်းသူများအနေဖြင့် ၂၄-၂-၂၀၁၅ရက် ၁၆း၃၀နာရီနောက်ဆုံးထား၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ အတွင်းရေးမှူးရုံးခန်းရှိ တင်ဒါပုံးတွင် မှတ်ပုံတင်၍ တင်ဒါအဆိုပြုလွှာများကို တင်သွင်းရပါမည်။

၃။ တင်ဒါဖွင့်ဖောက် စိစစ်မည့်နေ့ရက်ကို ဆက်သွယ်အကြောင်းကြားပါမည်။

၄။ တင်ဒါလျှောက်လွှာကို ၂၆-၁-၂၀၁၅ရက်မှစ၍ (၁)စုံလျှင်(၅၀၀၀၀ိ/-) (ကျပ်ငါးသောင်းတိတိ)ဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ဝယ်ယူနိုင်ပါသည်။

၅။ တင်ဒါတင်သွင်းမှုအာမခံအဖြစ် (၁၀၀၀၀၀၀၀ိ/-)(ကျပ်သိန်းတစ်ထောင်)ကို မြန်မာ့စီးပွားရေးဘဏ်တွင် ကြိုတင်ပေးသွင်းရပါမည်။

၆။ တင်ဒါတင်သွင်းသည့် ကုမ္ပဏီ/အဖွဲ့အစည်းများအနက် အများပိုင်ကုမ္ပဏီ (Public Company)ကို ဦးစားပေးရွေးချယ်ပါမည်။

တင်ဒါခေါ်ယူစိစစ်ရေးအဖွဲ့

အိုင်အက်စ်တို့က ဂျပန်ဓားစာခံတစ်ဦးကို ထပ်မံသတ်ဖြတ်

တိုကျို ဖေဖော်ဝါရီ ၁

အစ္စလာမ္မစ်နိုင်ငံ ထူထောင်ရေးအဖွဲ့(အိုင်အက်စ်)အား ဂျပန်နှင့် အမေရိကန်နိုင်ငံတို့သည် ကန့်ကွက်ရှုတ်ချနေသည့်ကြားမှ ဒုတိယမြောက် ဂျပန်ဓားစာခံတစ်ဦးကို ခေါင်းဖြတ်သတ်လိုက်ပြီဖြစ်ကြောင်း တနင်္ဂနွေနေ့ အစောပိုင်းက အွန်လိုင်းသို့လွှင့်တင်ခဲ့သည့် ဗီဒီယိုတွင် ပြောကြားသည်။ အဆိုပါ ဗီဒီယိုတွင် အိုင်အက်စ်တို့ ဖမ်းဆီးထားပြီး သတ်ပစ်မည်ဟု ခြိမ်းခြောက်ထားသည့် ဂျော်ဒန်လေယာဉ်မှူးကို မတွေ့ရပေ။

ယင်းဗီဒီယိုတွင် ဂျပန်သတင်းထောက် ကန်ဂျီဂိုတိုသည် မျက်နှာဖုံးစွပ်ထားသည့် လူတစ်ဦးဘေးတွင် ဒူးထောက်လျက်ရှိနေပြီး မျက်နှာဖုံးစွပ်နှင့်လူက သူ့အနေဖြင့် လူများ သတ်ဖြတ်နေရခြင်းမှာ ဂျပန်အစိုးရကြောင့်ဖြစ်ကြောင်း ဗြိတိသျှလေသံဖြင့် ပြောကြားသည်။

အဆိုပါ လူသတ်သမားသည် ခြေဆုံးခေါင်းဆုံး အနက်ရောင်ဝတ်ဆင်ကာ မျက်နှာဖုံးစွပ်ထားပြီး အိုင်အက်စ် စစ်သွေးကြွတို့က ယခင်ဓားစာခံများကို သတ်ဖြတ်သည့် ဗီဒီယိုများကဲ့သို့ပင်ဖြစ်သည်။ ကန်ဂျီဂိုတိုမှာ ဂွါတာနာမိုအကျဉ်းစခန်းမှ အကျဉ်းသားများ ဝတ်ဆင်သည့် လိမ္မော်ရောင်ကို ဝတ်ဆင်ထားသည်။

လူသတ်သမားက ကန်ဂျီဂိုတိုကို သတ်ဖြတ်ခြင်းမှာ ဂျပန်နိုင်ငံ၏ အိပ်မက်ဆိုးများအတွက် အစပြုခြင်းသာဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသို့ ပြောကြားသည်။ ကန်ဂျီဂိုတို သေဆုံးရခြင်းမှာ ဂျပန်အစိုးရ၏ အလေးမထားသည့်ဆုံးဖြတ်ချက်များ၏ ရလဒ်ဖြစ်သည်ဟု ဆက်လက်ပြောကြားသည်။

အဆိုပါဗီဒီယိုသည် တနင်္ဂနွေနေ့ နံနက်အစောပိုင်း၌ ဂျပန်နိုင်ငံတွင် ပေါ်ထွက်လာပြီးနောက် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးအတွက် စိတ်မကောင်းခြင်းကြီးစွာဖြစ်ရပြီး အကြမ်းဖက်သမားများကို မည်သည့်အခါမျှ ခွင့်လွှတ်မည်မဟုတ်ဟု ကတိပြုခဲ့သည်။

"အကြမ်းဖက်သမားတွေကို ဘယ်တော့မှ ခွင့်မလွှတ်ဘူး။ အခုကိစ္စအတွက် ဂိုတိုရဲ့ မိသားစုဝင်တွေနဲ့ ထပ်တူထပ်မျှခံစားရပါတယ်။ နိုင်ငံတကာအသိုင်းအဝိုင်းနဲ့ပူးပေါင်းပြီး



အိုင်အက်စ်တွေ ကျူးလွန်ခဲ့တဲ့ပြစ်မှုတွေကို ဖော်ထုတ်အရေးယူသွားမှာပါ" ဟု ရှင်ဇိုအာဘေးက သတင်းထောက်များကို ပြောကြားသည်။

ဂျပန်သတင်းထောက် သတ်ဖြတ်ခံရသည့် ဗီဒီယိုထွက်ပေါ်လာပြီးနောက် ဂျော်ဒန်နိုင်ငံက ၎င်းတို့ လေယာဉ်မှူးနှင့် အိုင်အက်စ်အဖွဲ့ဝင်အကျဉ်းသားကို လဲလှယ်ရန်အသင့်ရှိကြောင်း ဂျော်ဒန်အစိုးရက တနင်္ဂနွေနေ့တွင် ပြောကြားသည်။ ဂျော်ဒန်လုံခြုံရေးနှင့် စစ်ဘက်ဆိုင်ရာ အေဂျင်စီများအနေဖြင့် ၎င်းတို့ လေယာဉ်မှူးအသက်ရှင်လျက်ရှိနေဆဲဖြစ်ကြောင်း အတည်ပြုနိုင်ရန် စုံစမ်းမှုများ ပြုလုပ်လျက်ရှိသည်။ **အေအက်ဖ်ပီ။**

ရှဖီးလ်တက္ကသိုလ် စာမေးပွဲတွင် မသင်ကြားဘဲမေးသော ခေါင်းစဉ်များ ပါဝင်ဟုဆို

ရှဖီးလ်(အင်္ဂလန်) ဖေဖော်ဝါရီ ၁

ရှဖီးလ်တက္ကသိုလ်မှ စီးပွားရေးနောက်ဆုံးနှစ်ကျောင်းသားများသည် ယခု ရက်သတ္တပတ်အတွင်း ကျင်းပသော စာမေးပွဲ၌ ဖြေဆိုရန် မလွယ်ကူသော မေးခွန်းများ ပါဝင်သဖြင့် စိုးရိမ်လျက်ရှိကြကြောင်း ဘီဘီစီက ယနေ့ဖော်ပြခဲ့သည်။

မေးခွန်းလွှာတွင် မဖြေမနေရမေးခွန်းများ၌ တစ်ခါမျှ သင်ကြားပေးခဲ့ဖူးခြင်းမရှိသော ခေါင်းစဉ်များ ပါဝင်ကြောင်း ကျောင်းသားများက ပြောသည်။

စာမေးပွဲဖြေဆိုသည့် ကျောင်းသားများ၏ ၉၀ ရာခိုင်နှုန်းကျော်သည် စုပေါင်းလက်မှတ်ရေးထိုး၍ အွန်လိုင်းမှတစ်ဆင့် အသနားခံစာတင်ခဲ့ကြသည်။

သင်ရိုးညွှန်းတမ်းအရ သင်ကြားခဲ့သော ခေါင်းစဉ်များအပေါ် အခြေခံ၍ မေးခွန်းထုတ်ထားခြင်းဖြစ်သည်ဟု တက္ကသိုလ်က ပြောသည်။

ဇန်နဝါရီ ၂၀ ရက်တွင် ကျင်းပသည့် စာမေးပွဲ၌ ကျောင်းသား ၁၀၀ ကျော်ဖြေဆိုခဲ့သည်။ ယခုစာမေးပွဲတွင် အမှတ်ကောင်းကောင်း မရခြင်းသည် နောက်ဆုံးစာမေးပွဲကြီးအပေါ် ထိခိုက်မည်ကို ၎င်းတို့က စိုးရိမ်လျက်ရှိကြသည်။ **ဘီဘီစီ။**

အီရတ်အဘိုးအိုတစ်ဦး ကလဲ့စားချေပစ်ခတ်မှုကြောင့် အိုင်အက်စ် ခုနစ်ဦးသေ

တီကရစ် ဖေဖော်ဝါရီ ၁

အီရတ်နိုင်ငံမြောက်ပိုင်းရှိ ဆာလာဟူဒင်စီရင်စုတွင် အီရတ်အဘိုးအိုတစ်ဦးက ကလဲ့စားချေလိုစိတ်ဖြင့် အစ္စလာမ္မစ်စစ်သွေးကြွ ခုနစ်ဦးအား သေနတ်ဖြင့် ပစ်သတ်ခဲ့သည်။

ဘဂ္ဂဒက်မြို့တော်မြောက်ပိုင်းရှိ တီကရစ်မြို့၏ ဝင်ပေါက်တစ်ခုတွင် စစ်သွေးကြွများအား ဘာဆေးရာမာဒန်အမည်ရှိ အသက်(၆၀) နှစ်အရွယ်အဘိုးအိုက အေကေ ၄၇ သေနတ်ဖြင့် ပစ်ခတ်ခဲ့ရာ စစ်သွေးကြွ ခုနစ်ဦးသေဆုံးခဲ့ပြီး စစ်သွေးကြွများ၏ပြန်လည်ပစ်ခတ်မှုကြောင့် ရာမာဒန်လည်း အခင်းဖြစ်ပွားရာနေရာတွင် လဲကျသေဆုံးသွားသည်။

လွန်ခဲ့သည့်တစ်လက အိုင်အက်စ်စစ်သွေးကြွများက ရာမာဒန်၏ သားဖြစ်သူ ကောလိပ်ကျောင်းသားတစ်ဦးအပါအဝင် လူငယ် ခုနစ်ဦးအား သတ်ဖြတ်ခဲ့သည်။ ထိုသို့သတ်ဖြတ်ခဲ့ခြင်းမှာ ကောလိပ်ကျောင်းသားများက အီရတ်လုံခြုံရေးတပ်ဖွဲ့များကို ကူညီထောက်ပံ့ပေးသည်ဟု ထင်မြင်ယူဆသောကြောင့်ဖြစ်သည်။

၂၀၀၇ခုနှစ်အစောပိုင်းတွင် ရာမာဒန်၏သားတစ်ယောက်ကိုလည်း အယ်လ်ခိုင်ဒါစစ်သွေးကြွများက တီကရစ်မြို့တွင် သတ်ဖြတ်ခဲ့ကြောင်းသိရသည်။ **ဆင်ဟွာ။**

အီရတ်နိုင်ငံ၌ ဇန်နဝါရီလအတွင်း သေဆုံးသူပေါင်း ၁၃၇၅ ဦးရှိ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁

၂၀၁၅ခုနှစ် ဇန်နဝါရီလအတွင်း အီရတ်နိုင်ငံ၌ ဖြစ်ပွားခဲ့သော စစ်ပွဲများကြောင့် သေဆုံးသူပေါင်း ၁၃၇၅ ဦးကျော်ရှိခဲ့ပြီဖြစ်ကြောင်း ကုလသမဂ္ဂအဖွဲ့က ယနေ့ပြောကြားခဲ့သည်။

၎င်းတို့အနက် ၇၉၀ မှာ အရပ်သားများဖြစ်ပြီး ကျန် ၅၈၅ ဦးမှာ အီရတ်စစ်ဘက်မှ ဖြစ်ကြောင်းသိရသည်။

လွန်ခဲ့သောနှစ်ကစပြီး နိုင်ငံအတွင်း အိုင်အက်စ်အဖွဲ့နှင့်အီရတ်စစ်ဘက်တို့ပြင်းထန်စွာ ဖြစ်ပွားခဲ့သော တိုက်ပွဲများတွင် အီရတ်စစ်သား ၅၈၅ ဦး သေဆုံးခဲ့သည်။ အိုင်အက်စ်အဖွဲ့က နိုင်ငံအတွင်းရှိ နေရာအများအပြားကို သိမ်းပိုက်ထားသည်။

အရပ်သားများနှင့် စစ်သား စုစုပေါင်း ၂၂၄၀ ကျော် ထိခိုက်ဒဏ်ရာရရှိထားကြောင်း အမေရိကန်အထောက်အကူပြုရေးအဖွဲ့က ထုတ်ပြန်သော ကြေညာချက်အရသိရသည်။ **ရိုက်တာ။**

သေနတ်သမားများ ထရီပိုလီရှိ ဂျော်ဒန်သံရုံးကို စီးနင်းတိုက်ခိုက်

ထရီပိုလီ ဖေဖော်ဝါရီ ၁

လစ်ဗျားနိုင်ငံ၏ မြို့တော်ထရီပိုလီရှိ ဂျော်ဒန်သံရုံးကို တနင်္ဂနွေနေ့တွင် သေနတ်သမားများက စီးနင်းတိုက်ခိုက်ပြီးနောက် သံရုံးလုံခြုံရေးဝန်ထမ်းအား ပြန်ပေးဆွဲသွားကြောင်း လုံခြုံရေးသတင်းရပ်ကွက်များက ပြောကြားသည်။

"ထရီပိုလီ မြို့လယ်မှာရှိတဲ့ ဂျော်ဒန်သံရုံးကို သေနတ်သမားတွေ ဝင်ရောက် စီးနင်းတိုက်ခိုက်ခဲ့ပါတယ်။ ဘယ်သူဘယ်ဝါမှန်းတော့ အတိအကျမသိပါဘူး" ဟု စစ်ဆင်ရေးအဖွဲ့ပြောခွင့်ရ ပုဂ္ဂိုလ် အာဆန်အယ်နားက ပြောကြားသည်။

၎င်းတို့သည် သံရုံးလုံခြုံရေးဝန်ထမ်းကို ပြန်ပေးဆွဲခဲ့ပြီးသံတမန်လုံခြုံရေးယာဉ်ကိုလည်း ယူဆောင်သွားခဲ့သည်ဟု ၎င်းကဆိုသည်။

ဂျော်ဒန်သံအမတ်ကြီး ဖာဝပ်အယ်(လ်)အီတန်ကို ၂၀၁၄ ခုနှစ် ဧပြီလက စစ်သွေးကြွများ ပြန်ပေးဆွဲမှုဖြစ်ပွားပြီး နောက်ပိုင်း ဂျော်ဒန်သံတမန် အဖွဲ့ဝင်များသည် ထရီပိုလီမှ ထွက်ခွာခဲ့သည်။ **ဆင်ဟွာ။**

ရုရှားနှင့် ခရိုင်းမီးယားတံတား ပူတင်၏ သူငယ်ချင်းက တည်ဆောက်မည်

မော်စကို ဖေဖော်ဝါရီ ၁

ခရိုင်းမီးယား၌ တံတားတစ်စင်းတည်ဆောက်ရန်အတွက် အနောက်အုပ်စုက စီးပွားရေးအရအရေးယူထားခြင်းခံရသည့် ရှယ်ယာအများဆုံးပိုင်သောကုမ္ပဏီသို့သမ္မတ ဗလာဒီမာပူတင်က ကန်ထရိုက်ပေးလိုက်ကြောင်း ဘီဘီစီက ယနေ့ဖော်ပြသည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်၏ ဂျူဒိုကစားဖက်လည်းဖြစ် ငယ်သူချင်းလည်းဖြစ်သူ အာကာဒီရိုတင်းဘတ်ပိုင်ဆိုင်သည့် အက်စ်ဂျီအမ်အုပ်စုသို့ ဒေါ်လာ သုံးဘီလီယံတန်ဖိုးရှိ တံတားတစ်စင်းတည်ဆောက်ရန် ကန်ထရိုက်ပေးအပ်ခဲ့သည်။

အငြင်းပွားဖွယ် လူထုဆန္ဒခံယူပွဲကျင်းပပြီး မတ်လ၌ ယူကရိန်းနိုင်ငံမှ မော်စကိုပိုင်နက်အတွင်းသို့ သွတ်သွင်းခဲ့သော ကျွန်းဆွယ်နှင့် ရုရှားနိုင်ငံကို ၎င်းတံတားက တိုက်ရိုက်ဆက်သွယ်ပေးမည်ဖြစ်သည်။

ပိုက်လိုင်း အထူးတည်ဆောက်သော အက်စ်ဂျီအမ်၏ ပထမဆုံးတည်ဆောက်သော တံတားဖြစ်လာမည်ဟု ရိုက်တာသတင်းဌာနက ဖော်ပြသည်။

ကတ်ရေလက်ကြား၌ မည်သည့်နေရာတွင် တည်ဆောက်မည်ဟု ရှင်းလင်းစွာ မသိရသေးပေ။ ၂ ဒသမ ၅ မိုင်မှ ၉ မိုင်အကျယ် အတွင်း တစ်နေရာရာတွင် ဖြစ်မည်ဖြစ်သည်။

ရုရှားသယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ကန်ထရိုက်ပေးအပ်ကြောင်း ကြေညာချက်တွင် ၎င်းတံတားသည် ၂၀၁၈ ခုနှစ်တွင် ပြီးစီးမည်ဟု ဖော်ပြထားသည်။

လက်ရှိဆက်သွယ်ရေးအနေအထားမှာ ခရိုင်းမီးယားနှင့် ရုရှားကို ရေကြောင်းမှလည်းကောင်း၊ လေကြောင်းမှ လည်းကောင်း ဆက်သွယ်မှုရှိပြီး ယူကရိန်းနိုင်ငံအတွင်းမှ ဖြတ်သန်းသော ကုန်းကြောင်းမှာမူ အရှေ့ပိုင်းမှ တိုက်ပွဲများက အဟန့်အတားပြုလျက်ရှိသည်။

ခရိုင်းမီးယားကို သိမ်းယူခြင်းကြောင့် ရုရှားနိုင်ငံကို ဥရောပသမဂ္ဂ(အီးယူ)၊ အမေရိကန်ပြည်ထောင်စုနှင့် ၎င်း၏ မဟာမိတ်များက စီးပွားရေးပိတ်ဆို့အရေးယူထားသည်။ အနောက်အုပ်စု၏ ပြည်ဝင်ခွင့် တားမြစ်ထားခြင်း၊ ပိုင်ဆိုင်မှုများ ထိန်းချုပ်ထားခြင်းခံရသည့် စီးပွားရေးလုပ်ငန်းရှင်များတွင် မစ္စတာရိုတင်းဘတ်တစ်ဦးအပါအဝင်ဖြစ်သည်။

အမေရိကန်ဘဏ္ဍာရေးဌာန အဆိုအရ အာကာဒီနှင့် ၎င်း၏အစ်ကို ဘော်ရစ်တို့သည် ရုရှားသမ္မတပူတင် အလေးအနက်ထားသော စီမံကိန်းများကို တာဝန်ယူ အကောင်အထည်ဖော်ပေးရသည်။ ခန့်မှန်းခြေဒေါ်လာ ခုနစ်ဘီလီယံတန်ဖိုးရှိသည့် ဆိုချီ

အိုလံပစ် အားကစားပွဲတော်ကို ကန်ထရိုက်ယူ၍ အောင်မြင်စွာ ကျင်းပပေးခဲ့သည်။ ၎င်းအပြင် နိုင်ငံတော်ပိုင် ဂက်စ်ပရွန်စွမ်းအင်ကုမ္ပဏီမှ တစ်ဆင့် ၎င်းတို့၏ ချမ်းသာကြွယ်ဝမှုသည် ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံအထိ ရောက်ရှိလာသည်။

၎င်းညီအစ်ကိုနှစ်ဦးက ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများအတွက် ရုရှားသမ္မတထံမှ အကူအညီများ ရယူခဲ့ခြင်းမရှိပါဟု ငြင်းဆိုခဲ့ ကြသည်။ **ဘီဘီစီ။**

စွမ်းအင်ဈေးကွက် အဆုတ်အတက် ဂယက်မည်သို့နည်း

■ ကိုရင်ဩ

ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းများသည် ၂၀၁၄ ခုနှစ် ဇွန်လနောက်ပိုင်း ၅၀ ရာခိုင်နှုန်းကျော် ကျဆင်းလာခဲ့ပြီး ယခုအခါ တစ်စည်လျှင် ဒေါ်လာ ၅၀ အောက်သို့ ရောက်ရှိသွားရာ အဆုတ်နှင့် အတက် ဈေးကွက်သဘောတရားကို ကျွန်ုပ် စဉ်းစားနေမိလေ၏။

ရေနံကို 'ရွှေမည်း' (Black Gold) ဟူ၍သာမက 'တက္ကဆပ်လက်ဖက်ခြောက်' (Texas Tea) ဟူ၍လည်း ချစ်စနိုး ခေါ်တွင်ကြလေ့ရှိသည်။ အမေရိကန် ပြည်ထောင်စုရှိ အကြီးဆုံး ရေနံသိုက်မှာ တက္ကဆပ် ပြည်နယ်၌ တည်ရှိခြင်းကြောင့် ယင်းသို့ခေါ်ခြင်းဟုတ်တန်ပေရာသည်။

ကမ္ဘာ့ရေနံဈေးကွက်တွင် အဆုတ်နှင့် အတက် (တစ်နည်း) 'ရောင်းလိုအား' နှင့် 'ဝယ်လိုအား' ရှိသည်။ ရောင်းလိုအားနှင့် ဝယ်လိုအားဟူသော အင်အားစုနှစ်ရပ် ချိန်ခွင်လျှာမျှတနေချိန်တွင် ဈေးနှုန်းတည်ငြိမ်မည်။ တစ်ဖက်စောင်းနင်းဖြစ်လျှင် ဈေးကွက်အပြောင်းအလဲဖြစ်တတ်သည်မှာ လောကတံထွာ ဓမ္မတာမဟုတ်ပေလော။

ကျွန်ုပ်တို့ လူသားများသည် သဘာဝအရဖြစ်တည်သော ရေနံအပေါ် မှီခိုအားထားနေကြရသည်။ ကားအင်ဂျင်စက်လည်ပြီး ဘီးများလှိမ့်နိုင်စေဖို့ စက်ရုံများ လည်ပတ်နိုင်စေဖို့ အလင်းရောင်နှင့် တေဇောဓာတ်များပေးနိုင်စေဖို့ စသည်စသည်တို့အတွက် ရေနံသည် မရှိမဖြစ် မပါမပြီး ဟိုက်ဒရိုကာဗွန် ပစ္စည်းပင် ဖြစ်လေသည်။ ရေနံကို အခြေခံကာ ထုတ်လုပ်ထားသော ထုတ်ကုန်ပစ္စည်းများမှာလည်း များပြားလှသည်။

ဟိုက်ဒရိုဂျင်နှင့် ကာဗွန်တို့ ပါဝင်သော အော်ဂဲနစ်ဒြပ်ပေါင်းမှာ ဟိုက်ဒရိုကာဗွန်(Hydrocarbon) ဖြစ်ပြီး ကမ္ဘာပေါ်တွင် ရှာဖွေတွေ့ရှိရသော ဟိုက်ဒရိုကာဗွန်အများစုမှာ ရေနံစိမ်းတွင် ကိန်းဝပ်လျက်ရှိသည်ဟု ကျွန်ုပ်မှတ်သားဖူးလေ၏။

ယနေ့ကာလတွင် ဟိုက်ဒရိုကာဗွန် နည်းပညာရပ်များ ပိုမိုတိုးတက်လာသည်။ ကမ္ဘာပေါ်ရှိ ရေနံသိုက်ကြီးများ အရေအတွက်၏ လေးပုံသုံးပုံကို ပိုင်ဆိုင်သော အိုပက်(OPEC) အဖွဲ့မှာ ဘောဂဗလတောင့်တင်းလှသည်။ ကမ္ဘာ့အကြီးဆုံး ရေနံသိုက်တည်ရာ ဂါဝါရေနံမြေ(Ghawar Oil Field) မှာ ဆော်ဒီအာရေဗျနိုင်ငံ၌ တည်ရှိသည်။

၂၀၁၂ ခုနှစ် အခြေပြစာရင်းအရ ကမ္ဘာပေါ်တွင် ရေနံသုံးစွဲမှုအများဆုံး အမေရိကန်ပြည်ထောင်စုတွင် တစ်ရက်လျှင် စည်ပေါင်း ၁၈ သန်းခန့် အသုံးပြုသည်။ တရုတ်နိုင်ငံမှာ ဒုတိယနေရာတွင်ရှိနေပြီး တစ်ရက် လျှင် စည်ပေါင်း ၁၀ သန်းခန့်သုံးစွဲလေသည်။

ကျွန်ုပ်သည် ၂၀၁၂ ခုနှစ်က စင်ကာပူနိုင်ငံသို့ လေ့လာရေးရောက်ရှိခဲ့ရာတွင် ယင်းနိုင်ငံရှိ ဘူကွန်ကျွန်း (Bukom) ပေါ်၌ ရှဲလ်ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် ရေနံချက်စက်ရုံတည်ထားသည်ဟု လေ့လာ မှတ်သားမိ၏။ နိုင်ငံသေးငယ်သော်လည်း ရတတ်သမျှ မြေကို အသုံးချကာ စီးပွားရေးအမြင်ကျယ်သည့် နိုင်ငံဖြစ်လေသည်။

စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ရေနံချက်စက်ရုံများ လိုအပ်သော်လည်း ရေနံဓာတုအညစ်အကြေး ထုတ်လွှတ်မှုကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်နိုင်ပုံကို အလေးမူသင့်လှသည်။

ကျွန်ုပ်သည် ၁၉၉၉ ခုနှစ်က အိန္ဒိယနိုင်ငံ၌ ပညာသင်တစ်ဦးအဖြစ် နေထိုင်စဉ် ဥတ္တရာပရာဒေ့ရှ် ပြည်နယ် မသူရာမြို့ရှိ ရေနံချက်စက်ရုံသို့ လေ့လာရေးရောက်ရှိခဲ့ရာတွင် ရေနံချက်လုပ်သည့် နည်းစဉ်ကို မှတ်သားမိ၏။

ရေနံချက်လုပ်သည့် နည်းစဉ်မှာ အခြေခံအားဖြင့် ရေနံစိမ်းကို အပူပေးခြင်း (ပေါင်းခံခြင်း) ပင်ဖြစ်သည်။ ပေါင်းခံခွဲထုတ်ခြင်း နည်းစဉ် (Fractional Distillation) အရ မြင့်မားသော ပေါင်းခံရည် ခွဲထုတ်သည့် တိုင်များ (Fractional Columns) ကို အသုံးပြု၍ ငွေ့ရည်ဖွဲ့သောနည်းဖြင့် လောင်စာဆီအမျိုးမျိုးကို ထုတ်လုပ်လေသည်။

အိန္ဒိယနိုင်ငံရှိ ရေနံချက်စက်ရုံများသည် တစ်နှစ်လျှင် ရေနံရွှံ့နှစ် (အနည်အနှစ်) တန်ချိန် ၂၈၂၂၀ ခန့် ပေါ်ထွက်စေပြီး ဘေးဥပဒ်ရှိနိုင်သော စွန့်ပစ်ပစ္စည်းအဖြစ် သုတ်သင်ရှင်းလင်းနိုင်ရန် ကြိုးပမ်းရလေသည်။

ဇန်နဝါရီ ၉ ရက်နေ့ထုတ် ဟိန္ဒူစတန်တိုင်းမ်သတင်းစာတွင် အိန္ဒိယနိုင်ငံရှိ ယမုံနာမြစ် ရေထုညစ်ညမ်းမှုဆိုးရွားနေပုံကို ဖော်ပြထားသည်။ ဂင်္ဂါမြစ်၏ အကြီးဆုံးမြစ်လက်တက်ဖြစ်သော ယမုံနာမြစ်တွင် လွန်ခဲ့သည့် ရှစ်နှစ်ခန့်က ငါးများ အစုအပြုံလိုက် သေဆုံးသည့်ဖြစ်ရပ် ပေါ်ပေါက်ခဲ့သည်။ မသူရာ ရေနံချက်စက်ရုံမှ စွန့်ထုတ်သော ဓာတုဗေဒအညစ်အကြေးများကြောင့် ယမုံနာမြစ် ရေထုညစ်ညမ်းရသည်ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာရှင်များက ပြစ်တင်ပြောကြားခဲ့ကြသည်။

ယမုံနာမြစ်သည် ပိုးသတ်ဆေးများ၊ အမှိုက်များ၊ ချောဆီနှင့် ရေဆိုးတို့ကြောင့် ညစ်ညမ်းနေပြီး ယင်းမြစ်အတွင်း လူတို့ ရေချိုးခြင်းပင် မပြုသင့်တော့ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဘုတ်အဖွဲ့က သတိပေးထားသည်ဟု ကျွန်ုပ်ဖတ်ရှုရလေသည်။

အိန္ဒိယနိုင်ငံ နည်းတူပင် ကမ္ဘာ့နိုင်ငံများ၌လည်း စက်မှုလုပ်ငန်းများကြောင့် ပတ်ဝန်းကျင် ညစ်ညမ်းမှု ပြဿနာကို နဖူးတွေ့ ဒူးတွေ့ ရင်ဆိုင်နေကြရသည်။

စက်မှုလုပ်ငန်းများကြောင့် ပတ်ဝန်းကျင် ညစ်ညမ်းမှု လျှော့ချနိုင်ရန် ဦးတည် လှုပ်ရှားနေကြသော်လည်း ရေနံသည် မဟာဗျူဟာမြောက် ထုတ်ကုန်အဖြစ် ရပ်တည်နေဆဲပင်။

မဟာဗျူဟာ မြောက်ထုတ်ကုန်ကို ထိန်းချုပ်နိုင်ရေးအတွက် နိုင်ငံများအချင်းချင်း ပဋိပက္ခဖြစ်ကြရ၊ စစ်ခင်းကြရသော ဖြစ်ရပ်များ မှာ ခေတ်ပြိုင်သမိုင်းတွင် မဆန်းတော့ပါ။ ဥပမာတစ်ရပ်ကို ညွှန်းဆိုရလျှင် ပါရှားပင်လယ်ကွေ့ စစ်ပွဲ (ဩဂုတ် ၁၉၉၀ မှ ဖေဖော်ဝါရီ ၁၉၉၁)ဖြစ်သည်။

လွန်ခဲ့သော နှစ်ပေါင်း ၁၅၀ ကာလအတွင်း လူသားတို့ သုံးစွဲခဲ့သည့် ရေနံစိမ်းပမာဏမှာ ၁၈၅၀ ဘီလီယံ ဘီအိုအီးဖြစ်သည်။ ဘီအိုအီး (Barrel Of Oil Equivalent) ဟူသည် ရေနံစိမ်းတစ်စည် (၄၂ ဂါလန်သို့မဟုတ် ၁၅၉ လီတာ) လောင်ကျွမ်းခြင်းဖြင့် ထုတ်လွှတ်သော ပျမ်းမျှ စွမ်းအင်ပမာဏအပေါ် တိုင်းတာသည့် ယူနစ်ဖြစ်လေသည်။

ရေနံစိမ်းဈေးနှုန်း အတက်အကျကို တိုင်းတာသော စံနှုန်းများ (Benchmark) အရ ရောင်းလိုအား တိုးလာပြီး ဝယ်လိုအား ကျဆင်းနေသည်ဟု သိရပြီး လက်တလော ရေနံဈေးနှုန်း ကျဆင်းရခြင်း အကျိုးဆက်တစ်ရပ်မှာ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကုမ္ပဏီများ၏ အစု ရှယ်ယာဈေးနှုန်းများ ထိခိုက်ရခြင်းဖြစ်သည်။

သို့ရာတွင် ရေနံဈေးနှုန်း ကျဆင်းလာလင့်ကစား ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဈေးကွက်ကို တိုက်ရိုက်အကျိုးသက်ရောက်မှု မရှိသေးဟု စွမ်းအင်သုခမိန်များက သုံးသပ်ကြသည်။ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဟူသည်ကား သဘာဝအရ ကုန်ခန်းနိုင်ခြင်းမရှိသော စွမ်းအင်များဖြစ်ပြီး နေ၊ လေ၊ ရေစွမ်းအင်၊ ဇီဝလောင်စာတို့ဖြစ်ကြသည်။

တရုတ်နိုင်ငံသည် လေထုညစ်ညမ်းမှုပြဿနာ ဆိုးရွားမှုကြောင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကဏ္ဍ၌ အကြီးအကျယ်ရင်းနှီးမြှုပ်နှံလျက်ရှိလေသည်။

ဖန်လုံအိမ် အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှု လျှော့ချနိုင်ရန် ကမ္ဘာ့နိုင်ငံများ ဦးတည်ကြိုးပမ်းနေချိန်တွင် ရေနံဈေးနှုန်း ကျဆင်းမှုက အစိမ်းရောင်ဈေးကွက်ကို ကိုင်လှုပ်တော့မည်လောဟု ကျွန်ုပ်စဉ်းစားမိသည်။ သဘာဝအရင်းအမြစ်များ ပြုန်းတီးမှုမရှိစေဘဲ စွမ်းအင်ထုတ်ယူနိုင်ရန် ကမ္ဘာ့နိုင်ငံများ ကြိုးပမ်းသင့်ကြသည်။

ကမ္ဘာ့ရာသီဥတုကို ထိန်းညှိနိုင်ရန် ကြိုးပမ်းနေကြချိန်တွင် ရေနံဈေးကျဆင်းမှုက နိုင်ငံများ၏ ရပ်တည်ချက်အဆင့်အတန်းပေါ် မူတည်၍ အကောင်းနှင့်အဆိုး ဒွန်တွဲကာ ဂယက်ရိုက်ခတ်ဖွယ်ရှိသည်။ ရေနံထုတ်လုပ်မှုကို ပြန်လည်လျှော့ချခြင်းဖြင့် ရေနံ စူးစမ်း ရှာဖွေရေးလုပ်ငန်းများ နှေးကွေးသွားနိုင်သည်။ ရေနံ တင်ပို့သော နိုင်ငံများ၌ အစိုးရဝင်ငွေ လျော့ကျကာ အသုံးစရိတ်များ လျှော့ချရလိမ့်မည်။

သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီသော ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင် အရင်းအမြစ်များ ရှာဖွေရေးဈေးကွက်၌ ရင်းနှီးမြှုပ်နှံသူများ လက်တွန့်သွားမည်လော ဟူ၍ ကျွန်ုပ်မချင့်မရဲ တွေးတောနေမိပါသည်။ ။

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ မြေကွက်အမှတ်(၁၇)၊ လူနေရပ်ကွက်အမှတ်(၁၇)၊ မကွေး (၈)လမ်း၊ (၂၀)ရပ်ကွက်(သံဒင်း)နေ အမည်ပေါက် (ဦးလူဟီးဝေါင်၊ ဒေါ်တင်ရွှေ)မြေကွက်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (မြို့ပြ/မြေယာဌာန)တွင် ဂရန်ခွဲလျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်မည့်သူများရှိပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးလူဟီးဝေါင်၊ ဒေါ်တင်ရွှေ

(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

ပြည်ထောင်စုစိတ်ဓာတ် အရင်းခံ၍ . . .

ဥတ္တရ

မြန်မာနိုင်ငံသည် တိုင်းရင်းသားညီနောင်များ စုပေါင်းနေထိုင်ကြသည့် ပြည်ထောင်စုနိုင်ငံဖြစ်ပါသည်။ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့ပါဝင်သည့် ပြည်နယ် ခုနစ်ခုနှင့် တိုင်းဒေသကြီး ခုနစ်ခု ပါဝင်ဖွဲ့စည်းထားသော ပြည်ထောင်စုကြီး ဖြစ်ပါသည်။

နယ်ချဲ့လက်အောက် ကျွန်သပေါက်ဘဝတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းစသည့် တိုင်းရင်းသားလူမျိုးများသည် "မြန်မာ"ဟူသော တစ်မျိုးသားတည်းဖြစ်သော်လည်း အနေဝေးပြီး အဆက်အဆံနည်းခဲ့ရပါသည်။ တိုင်းတစ်ပါးလက်အောက်တွင် ဘဝခြားသကဲ့သို့ ဖြစ်ခဲ့ရပါသည်။ ထိုသို့သော အားနည်းချက်များကြောင့် လွတ်လပ်ပြီးနောက် မြန်မာနိုင်ငံကို ထူထောင်သောအချိန်တွင် အချို့သော တိုင်းရင်းသားများမှာ ကွဲပြားသောအမြင်မျိုးရှိခဲ့ကြသည်။

အမှန်တွင် ထိုစဉ်ကာလက မြန်မာနိုင်ငံ၏လူဦးရေမှာ နိုင်ငံ၏အကျယ်အဝန်းနှင့် နှိုင်းစာလျှင် အလွန်ပင်နည်းပါးပါသေးသည်။ လမ်းပန်းဆက်သွယ်ရေးလည်းခက်ခဲပါသည်။ ထို့ကြောင့် တိုင်းရင်းသားပြည်သူတို့၏စိတ်အနေမှာဝေးခဲ့ကြသည်။ ထိုအားနည်းချက်ကြောင့် နယ်ချဲ့သမားတို့က သွေးခွဲနိုင်ခဲ့ကြသည်။ မြန်မာတိုင်းရင်းသားတို့ တိုင်းတစ်ပါးလက်အောက်တွင် နှစ်ပေါင်းရှည်ကြာ တကွဲတပြားစီနေထိုင်ခဲ့ကြသောကြောင့် သွေးစည်းချစ်ကြည်မှုမှာ ခက်ခဲခဲ့ရသည်။ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကိုရယူရာတွင် ထိုအချက်ကို ကနဦးတည်ဆောက်ယူရသည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်နေ့ "ပင်လုံစာချုပ်" ချုပ်ဆိုခြင်းမပြုမီ ညတွင် "ညီညွတ်ကြစေချင်တယ်"ဟု နယ်စပ်ဒေသ ခေါင်းဆောင်များအား ဗိုလ်ချုပ်အောင်ဆန်းက ဤသို့ကြိုတင်မိန့်ကြားခဲ့သည်-

"ယခုအစည်းအဝေးတွင် ရာထူးအားဖြင့် ကျွန်တော်အကြီးဆုံးဖြစ်သော်လည်း အသက်အားဖြင့် အငယ်ဆုံးဖြစ်ပါတယ်။ ကျွန်တော်ဒီကို ရောက်လာတဲ့ကိစ္စ နားလည်တာတစ်ခုရှိပါတယ်။ ဘာလဲဆိုရင် မြန်မာပြည်ကြီး လွတ်လပ်စေချင်တယ်၊ ညီညွတ်စေချင်တယ်၊ ကြီးပွားစေချင်တယ်၊ သည်ဟာပါပဲ။ တိုင်းပြည်ကြီး လွတ်လပ်အောင်၊ ညီညွတ်အောင်၊ ကြီးပွားအောင် ဘယ်လိုလုပ်ရမလဲဆိုတာကို လွန်ခဲ့တဲ့ ၁၀ နှစ်လောက်ကစပြီး ကြိုးစားလာပါတယ်။ နောင်လည်းကြိုးစားပါဦးမယ်။ လုံးလုံးလွတ်လပ်တဲ့ကိစ္စ ပြီးပြတ်သည်အထိ ကြိုးစားပါမယ်" ဟု ညီညွတ်ရေးအတွက် မျှော်မှန်းချက်ကို ဗိုလ်ချုပ်က ပြောပြခဲ့သည်။

ထိုအစည်းအဝေးတွင်ပင် ညီညွတ်ခြင်း၏အကျိုးရလဒ်နှင့်ပတ်သက်၍ "တစ်တိုင်းတစ်ပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာက တစ်မျိုး၊ ကရင်က တစ်ဖုံ၊ ရှမ်းတို့က တခြား၊ ကချင်၊ ချင်း အကွဲကွဲအပြားပြား လုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိတာ သိနိုင်တယ်။ ပထမ ကျွန်တော်တို့ အဆင်းရဲခံရမယ်။ အခုအခါ အင်္ဂလန်ပြည်မှာ အစားအသောက် အဝတ်အထည်တွေကအစ အတော်ချွေတာပြီး အဆင်းရဲခံနေကြတယ်။ ဒါဘာလဲဆိုရင် တစ်ပြည်လုံးအတွက် အကျိုးရှိအောင်လုပ်နေကြတာပဲ။ သူတို့လုပ်နည်းက ပထမ အဆင်းရဲခံပြီးမှ နောင်အကောင်အထည်ပေါ်ပြီး အကျိုးရှိမှာ သေချာပေါက်ဖြစ်နေတယ်" ဟု ဥပမာနှင့်တကွ မိန့်ကြားခဲ့သည်။

ပင်လုံစာချုပ် မချုပ်ဆိုမီ အကြိုညက တိုင်းရင်းသားခေါင်းဆောင်များအား ဗိုလ်ချုပ်အောင်ဆန်းမိန့်ကြားခဲ့သည့် ညီညွတ်ရေးစိတ်ဓာတ်များမှာ တိုင်းရင်းသား ကိုယ်စားလှယ်များ၏ နှလုံးဘဝင်တွင် မှတ်မှတ်ထင်ထင်စွဲငြိစေခဲ့သည်။ ထိုသို့စွဲငြိစေသည့်အတွက် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်နေ့တွင် ပင်လုံစာချုပ်ကြီးကို အောင်မြင်စွာချုပ်ဆိုနိုင်ခဲ့သည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ပြည်ထောင်စုအတွင်းမှ တိုင်းရင်းသားခေါင်းဆောင်များ စုပေါင်း၍ မျိုးစေ့ချပေးခဲ့သော ပင်လုံစိတ်ဓာတ်သည် ပြည်ထောင်စုကြီးအတွင်းရှိ တိုင်းရင်းသားလူမျိုးများ၏ စည်းလုံးညီညွတ်မှုကို ပိုမိုခိုင်မာအားကောင်းစေခဲ့သည်။ ထိုအကျိုးဆက်ကြောင့်ပင် လုံးဝလွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ဖြစ်တည်လာခဲ့သည်။ သို့သော် လွတ်လပ်ရေးရရှိပြီး နှစ်လအကြာ ၁၉၄၈ ခုနှစ် မတ်လတွင် အယူဝါဒကွဲပြားမှု၊ ကျဉ်းမြောင်းသော လူမျိုးရေးအမြင်အချို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်ကြီးများ တည်ဆောက်ထားသော တိုင်းရင်းသားစည်းလုံးညီညွတ်မှုမှာ လျော့နည်းအားပျော့လာခဲ့သည်။ မြန်မာနိုင်ငံ၏ သမိုင်းကြောင်းတွင် လွတ်လပ်ရေးရပြီးနောက် ပြည်ထောင်စုကြီးပြိုကွဲနိုင်မည့် အန္တရာယ်သုံးကြိမ် ကြုံခဲ့ဖူးသည်။ ၁၉၆၂ ခုနှစ်နှင့် ၁၉၈၈ ခုနှစ် ဖြစ်စဉ်များကို ပြည်သူတို့မှတ်မိလိမ့်မည်။

ထို့ကြောင့် ခေတ်အဆက်ဆက် နိုင်ငံ့တာဝန်ယူခဲ့ကြသည့် အစိုးရများက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ခိုင်မာအောင် နည်းအမျိုးမျိုးဖြင့် တည်ဆောက်ခဲ့ကြသည်ကို တွေ့ရမည်ဖြစ်သည်။ တိုင်းရင်းသားလူမျိုးများ စုပေါင်းနေထိုင်လျက်ရှိသော ပြည်ထောင်စုမြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးများအားလုံး၏ သွေးစည်းညီညွတ်မှုကို အခိုင်အမာ တည်ဆောက်နိုင်မှသာလျှင် တိုင်းရင်းသားပြည်သူအားလုံး ကောင်းစားရေး၊ လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ စည်းလုံးညီညွတ်မှုသည် ပြည်ထောင်စုတစ်ခုလုံးအတွက်သာမက ပြည်ထောင်စုသား တစ်ဦးချင်းစီအတွက်ပါ အရေးအကြီးဆုံးကိစ္စတစ်ခုဖြစ်သည်။ ပြည်ထောင်စုသားအားလုံး လူမျိုးမရွေး၊ ဘာသာမရွေး ညီမျှသောအခွင့်အရေး၊ ညီမျှသော အဆင့်အတန်းရရှိမှသာ တိုင်းရင်းသားစည်းလုံးညီညွတ်မှု အစစ်အမှန်ကို ရရှိနိုင်မည်ဖြစ်သည်။

ဤသဘောတရားကို ပြည်ထောင်စုအစိုးရတစ်ခုတည်းက ဆောင်ရွက်နေရုံဖြင့် ရနိုင်မည်မဟုတ်ချေ။ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက သေချာစွာနားလည်သဘောပေါက်ပြီး ခိုင်မာအောင်တည်ဆောက်မှသာ ရရှိမည်ဖြစ်သည်။ လူဦးရေ ၅၂ သန်းခန့်ရှိသော ပြည်ထောင်စုမြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုး တစ်ရာကျော် ဖြန့်ခွဲနေထိုင်လျက်ရှိသည်။ အချို့တိုင်းရင်းသားများသည် ပြည်ထောင်စုကြီး၏ အတွင်းပိုင်းတွင် နေထိုင်လျက်ရှိပြီး အချို့သောတိုင်းရင်းသားလူမျိုးများမှာ ပြည်ထောင်စုကြီး၏ နယ်နိမိတ်တစ်လျှောက်တွင် နေထိုင်လျက်ရှိသည်။ ဤအရင်းခံအခြေအနေကိုကြည့်လျှင် တိုင်းရင်းသားလူမျိုးအားလုံး၏ စည်းလုံးညီညွတ်မှုကို ညီမျှအောင် ဆောင်ရွက်ဖို့လိုအပ်နေသည်ကို တွေ့ရသည်။ ထိုအလုပ်မှာ အပြောလွယ်သလောက် အလုပ်ခက်သောအခြေအနေဖြစ်သည်။ နိုင်ငံတော်အနေဖြင့်လည်း ထိုအချက်ကို မဖြစ်မနေ အတတ်နိုင်ဆုံး ဆောင်ရွက်ပေးနေသည်။ မည်သို့ပင်ဖြစ်စေ ထာဝရတည်တံ့ခိုင်မြဲသော ပြည်ထောင်စုကြီးအဖြစ် ရပ်တည်နိုင်အောင် သွေးစည်းညီညွတ်ရေးကို မဖြစ်မနေ တည်ဆောက်ကြရမည်ဖြစ်သည်။

တစ်ချိန်က ဝေးလံပြီးအလှမ်းကွာဝေးသောဒေသများတွင် လူမှုဘဝနိမ့်ကျသည်မှာ အမှန်။ ယနေ့အချိန်ကာလတွင် နယ်စပ်ဒေသနေ တိုင်းရင်းသားလူမျိုးများ၏ဘဝကို မြှင့်တင်အားပေးနေသောကြောင့် ယခင်နှင့်မတူ တိုးတက်လာသည်ကိုတွေ့ရသည်။ သို့သော် အယူဝါဒကွဲပြားမှုအချို့တော့ ရှိကောင်းရှိမည်ဖြစ်သည်။ ယင်းကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် နားလည်သိမြင်အောင်၊ တန်းတူညီမျှခြင်းဖြင့် ပူးပေါင်းဆောင်ရွက်လာနိုင်အောင် လုပ်ဆောင်ကြရမည်ဖြစ်သည်။ နယ်စပ်ဒေသနေ တိုင်းရင်းသားလူမျိုးများ လူမှုဘဝမြင့်မားစေရေးတွင် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ခြင်းသည် အဓိကအချက်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်က နယ်စပ်ဒေသများဖွံ့ဖြိုးရေးကိုဘဏ္ဍာနှစ်အလိုက် ငွေကြေးများစွာ အကုန်အကျခံ ဆောင်ရွက်ပေးနေသည်ကိုတွေ့ရသည်။ ယခုအခါ နယ်စပ်ဒေသ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများတွင် ဆက်သွယ်ရေးလမ်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးနေသောကြောင့် တစ်နေရာနှင့်တစ်နေရာ အလွယ်တကူသွားလာနိုင်သည်။ ပညာရေး၊ ကျန်းမာရေး အခြေခံအဆောက်အအုံများကိုလည်း လက်လှမ်းမီအောင် ဆောင်ရွက်ပေးနေသည်။ အထူးလိုအပ်ချက်မှာ နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးဖြစ်သည်။ နယ်မြေဒေသတည်ငြိမ်အေးချမ်းမှုရှိမှသာ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဇောက်ချလုပ်ကိုင်နိုင်မည်ဖြစ်သည်။

နယ်မြေဒေသတည်ငြိမ်အေးချမ်းစေရန်အတွက် ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်နေသည်။ တိုင်းရင်းသားပြည်သူအားလုံးကလည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အတူလက်တွဲ ပါဝင်ဆောင်ရွက်ကြခြင်းဖြင့် မိမိဒေသတည်ငြိမ်အေးချမ်းသာယာရေးကို ဝိုင်းဝန်းဖော်ဆောင်ကြရမည်။ တိုင်းရင်းသားပြည်သူအားလုံး၏ဆန္ဒမှာ အေးချမ်းစွာဖြင့် နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးပင်ဖြစ်သည်။ ထိုဆန္ဒကို နိုင်ငံတော်က ဖြည့်ဆည်းပေးနေသည်။ မျက်မှောက်ကာလတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးမှာ အသက်တမျှ အရေးကြီးပါသည်။ ထို့ကြောင့် သွေးစည်းညီညွတ်ရေးကို မဖြစ်မနေတည်ဆောက်ကြမည်။ တိုင်းရင်းသားအားလုံး တန်းတူညီမျှကြမည်။ အတိတ်က မညီမညွတ်ဖြစ်ခဲ့သည်များကို သင်ခန်းစာယူမည်။ မညီညွတ်သည့်အကျိုးဆက်ကြောင့် လက်ရှိ နိုင်ငံအချို့၏ဖြစ်ရပ်များကို သိမြင်နားလည်ကြမည်၊ မတိုးတက်ခဲ့သည်များကို တိုးတက်ရမည်ဟု တိုင်းရင်းသားအားလုံးက ဆိုပါလျှင် ထာဝရသွေးစည်းညီညွတ်ရေး၊ ထာဝရငြိမ်းချမ်းရေးကို မလွဲမသွေရရှိမည်သာဖြစ်သည်။

ယနေ့မြန်မာနိုင်ငံသည် ယခင်နှင့်မတူတော့ပြီ၊ အပြောင်းအလဲများစွာကို ဖန်တီးပေးခဲ့သည်။ ဖန်တီးပေးနေဆဲဖြစ်သည်။ ၂၀၁၅ ခုနှစ်အရောက်တွင် ပိုမိုသိသာထင်ရှားလာခဲ့သည်။ ယခုဖေဖော်ဝါရီလသည် ပိုမိုထူးခြားလာသည်ဟု ဆိုနိုင်သည်။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံ၏ သွေးစည်းညီညွတ်မှုကို ပိုမိုပြကြရမည့်အချိန်အခါဖြစ်သည်။ ပင်လုံမှအစပြုသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို အဆင့်ဆင့်ဖြစ်ထွန်းမှုမှတစ်ဆင့် ပြန်လည်အသက်ဝင် သက်သေထူနိုင်ဖို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အားထုတ်ကြိုးပမ်းကြတော့မည်ဖြစ်သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ခိုင်မာအားကောင်းမှသာ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲသည်လည်း အောင်မြင်ချောမွေ့မည်ဖြစ်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ဆန္ဒများလည်း ပြည့်ဝလာမည်ဖြစ်ပါသည်။

ထို့ကြောင့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ပြည်ထောင်စုတိုင်းရင်းသားခေါင်းဆောင်ကြီးများ ပင်လုံညီလာခံမှ အစပြု စုပေါင်းမျိုးစေ့ချပေးခဲ့သည့် ပြည်ထောင်စုစိတ်ဓာတ်ကိုအရင်းခံ၍ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မာအားကောင်းအောင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက လက်တွဲကြိုးပမ်းဆောင်ရွက်ရင်း ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဖြစ်ထွန်းအောင် ဝိုင်းဝန်းဆောင်ရွက်ကြဖို့ ဆန္ဒပြုပါသည်။ ။

၂၀၁၅ ခုနှစ်(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

- ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို အစဉ်အမြဲဦးထိပ်ထား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။
- ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းမှုရရှိအောင် တိုင်းရင်းသားအားလုံးပါဝင်ကြိုးပမ်းဆောင်ရွက်ရေး။
- ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို ထာဝစဉ်တည်တံ့ခိုင်မြဲအောင် တည်ဆောက်ရေး။
- ပြည်ထောင်စုအတွင်း တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက် အတူတကွ ပူးပေါင်းနေထိုင်ရေး။
- ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို တိုင်းရင်းသားပြည်သူအားလုံး လက်တွဲပူးပေါင်း တည်ဆောက်ရေး။

ပြည်ထောင်စုနေ့အမိဩဝါဒ

❍ (၆၈)ကြိမ်
လျှမ်းထိန်လို့ရှင်ပျ၊
ပြည်ထောင်စုပွဲကို(ကွယ်)
(သွေးချင်းတို့ရယ်)တူနွှဲကျင်းပ။
❍ ပင်လုံမြေ
သွေးချင်းတွေစုစည်း၊
ဗိုလ်ချုပ်ဦးဆောင်ပြုတယ်
(အိုကွယ်)ပြည်သူရိပ်ထီး။
❍ ပင်လုံသက်သေ
ညီနောင်တွေစုရုံး၊
ဒို့လွတ်လပ်ရေးကို(ကွယ်)
ပိုက်ထွေးရှင်ပြုံး။
❍ သွေးစည်းကြသည်
ထိုးကြသည် ပင်လုံစာချုပ်၊
သွေးချင်းတွေ သက်သေပြုတယ်
(အိုကွယ်)လူထုအားထုတ်။
❍ မြေပြန့်တောင်ပေါ်
သွေးရင်းနှော်လက်တွဲ၊
ဥမကွဲ သိုက်မပျက်
(အိုကွယ်)ချစ်လက်ခိုင်မြဲ။
❍ သွေးစည်းအားမာန်
မြဲရှင်သန်ကျင့်ပွား၊
အရေးကြုံလျှင် သွေးသုံးကြမယ်
(အိုကွယ်)ချစ်စွနောင်ဘွား။
❍ ရှမ်း၊ ကယား၊ ကချင်
ကရင်ပါလက်တွဲ၊
မွန်၊ ချင်း၊ ဗမာ၊ ရခိုင်နဲ့
ချစ်မလျှော့ခိုင်မြဲ။
❍ ပြည်ထောင်စုနော်
ဝင့်မော်စွာပေါ်ထွန်း၊
မိနိုင်ငံဖွံ့ဖြိုးရေးကို
(သွေးချင်းတို့ရယ်)ရေးကြမော်ကွန်း။
❍ ရွှေနှုတ်နဲ့ခေါ်
ဖော်ရွေတဲ့စကား၊
ရွှေလက်နဲ့ကြိုဆိုကမ်းတယ်၊
(အိုကွယ်)ငြိမ်းချမ်းစေသား။
❍ အလင်းလမ်းပေါ်
လျှောက်လှမ်းပျော်ညီနောင်များ၊
မိနိုင်ငံအကျိုးပြုတယ်
(အိုကွယ်)ပြည်ထောင်စုဖွား။
❍ ညီညာမှ ပြည်သာ
မြတ်မေတ္တာစိတ်ထား၊
အရေးကြီးလျှင် သွေးစည်းကြတယ်
(အိုကွယ်)ကြိုးစွမာန်အား။
❍ ငြိမ်းချမ်းပန်းတွေ
စွင့်ဝေဝေပွင့်ဖူး၊
ညီနောင်တွေ ချစ်နှောင်ဖွဲ့တယ်
(အိုကွယ်)ရွှန်းလဲ့ကြည်နူး။
❍ ငြိမ်းချမ်းပါစေ
ပြည်သူတွေမျှော်မှန်း၊
ဒို့ညီနောင်ချစ်ထုံးဖွဲ့လို့
(အိုကွယ်)ရေးတဲ့မှတ်တမ်း။
❍ ထာဝစဉ်
ရှင်သန်တဲ့ငြိမ်းချမ်းရေး၊
အမျိုးသားညီညွတ်ရေးကို
(အိုကွယ်)သွေးချင်းတို့တွေး။
❍ ခေတ်မီနိုင်ငံ
အမြန်တည်ဆောက်ရေး၊
တိုင်းရင်းသားပေါင်းစုံတို့
(သွေးချင်းတို့ရယ်)
စွမ်းကုန်အားပေး။
❍ ဖွဲ့လုံးလည်နှံ
ဇာတိမာန်စိတ်ထား၊
တို့ညီနောင်သွေးရင်းတို့
(အိုကွယ်)ချစ်ခြင်းဆင့်ပွား။ ။

, &rwDAsm&Swuá;HEGbZif

ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့်မော်ကွန်းကျောက်စာတိုင် ထုဆစ်ပြီးစီး

မန္တလေး ဖေဖော်ဝါရီ ၁

နတ်မောက်မြို့ ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပွဲတော်တွင် ဖွင့်လှစ်ပြသပြီး ဗိုလ်ချုပ်နေအိမ်ပြတိုက်တွင် ထားရှိမည့် ဗိုလ်ချုပ်အောင်ဆန်းနှစ်(၁၀၀)ပြည့် မော်ကွန်းကျောက်စာတိုင်ထုဆစ်ခြင်း လုပ်ငန်းများကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလမှစတင်ပြီး ၂၀၁၅ ဇန်နဝါရီ ၃၁ ရက်တွင် ပြီးစီးသွားပြီဖြစ်သောကြောင့် မန္တလေးမြို့မှ နတ်မောက်မြို့သို့ သယ်ဆောင်ရန် စီစဉ်နေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ မော်ကွန်းကျောက်စာတိုင်မှာ အမြင့် ၆ ပေ၊ အကျယ် ၄ ပေနှင့် ထုထည်မှာ ၃ ပေရှိသည်။ သီတဂူဆရာတော်ကြီး၏ဩဝါဒကို ခံယူကာ ပညာရှင်များဖြစ်ကြသော ဗိသုကာပညာရှင် ဦးဝင်းမောင် (တမ္ပဝတီ)က ပုံထုတ်ပေးပြီး ပန်းထိမ်ပညာရှင်ဦးတင်ထွန်းအောင်က ဒေါင်းရုပ်နှင့် ကြယ်ကို ပြုလုပ်ပေးသည်။ ဗိုလ်ချုပ်တစ်ခြမ်းဖောင်းရုပ်ထုအား ကြေးသွန်းပညာရှင် ဦးလှမြင့် (ပြည့်ဝကြေးသွန်းလုပ်ငန်း)က သွန်းလောင်းကာ စကျင်ကျောက်နှင့် ပတ်သက်သော လုပ်ငန်းများအား ပန်းတမော့ပညာရှင် ဦးအောင်မင်း (မုဒိတာကျောက်ဆစ်လုပ်ငန်း)က ထုဆစ်ပေးခဲ့ကြကြောင်းနှင့် မော်ကွန်းကိုလည်း မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် သီတဂူဆရာတော်ကြီးက ရေးထိုးပေးခဲ့သည့်အပြင် စကျင်ကျောက်နှင့် သယ်ယူစရိတ် ကုန်ကျငွေကျပ်သိန်း ၅၀ ကိုလည်း လှူဒါန်းပေးကြောင်း ဦးဝင်းမောင်(တမ္ပဝတီ)က ပြောသည်။

"ဗိုလ်ချုပ်ရဲ့ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်မှာ ဗိုလ်ချုပ်ဆောင်ရွက်ခဲ့တဲ့ အချက်အလက်တွေကို မော်ကွန်းကျောက်တိုင်နဲ့ ပြည်သူတွေသိအောင် ဂုဏ်ပြုဖော်ပြပေးချင်တဲ့ ရည်ရွယ်ချက်နဲ့ လုပ်ဆောင်ခဲ့တာပါ။ မော်ကွန်းနဲ့ပတ်သက်လို့လည်း သီတဂူဆရာတော်ကြီးက ဗိုလ်ချုပ်ရဲ့ လုပ်ဆောင်ချက်တွေအများကြီးထဲက အဓိကအကျဆုံး အချက်က နှစ်ချက်ပဲရှိတယ်။ အဲဒါက သူဟာ လွတ်လပ်ရေးဗိသုကာ ဖြစ်တယ်။ ပြီးတော့ မြန်မာ့တပ်မတော်ရဲ့ဖခင်ဖြစ်တယ်။ ဒါဟာအဓိကပဲလို့မိန့်ခဲ့ပါတယ်" ဟု ပြောသည်။

မော်ကွန်းကျောက်တိုင်ဗိသုကာပိုင်းဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်များအနေဖြင့် ဗိုလ်ချုပ်အောင်ဆန်းသည် စစ်ရေးအရသာမက နိုင်ငံရေးအရပါ ပါဝင်လှုပ်ရှားပြီး မြန်မာပြည်ကို ဖက်ဆစ်တို့၏လက်မှလည်းကောင်း၊ ကိုလိုနီနယ်ချဲ့တို့၏ လက်မှလည်းကောင်း လွတ်လပ်ရေးရအောင် ကြိုးပမ်းခဲ့သည့် မြန်မာနိုင်ငံ၏ သူရဲကောင်းတစ်ဦး ဖြစ်ကြောင်း၊ ဗိုလ်ချုပ်တိုက်ခိုက်ဆောင်ရွက်ခဲ့သည့် စစ်ရေးလှုပ်ရှားမှုများကို အနီရောင်နောက်ခံ၊ အဖြူရောင် ကြယ်ပွင့်ကြီးဖြင့်လည်းကောင်း၊ ဗိုလ်ချုပ်ဆောင်ရွက်ခဲ့သည့် နိုင်ငံရေးလှုပ်ရှားမှုများကို ရွှေရောင်ဥဒေါင်းရုပ်ကြီးဖြင့်လည်းကောင်း စသည့်သင်္ကေတများ ထည့်သွင်းထုဆစ်ထားကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

○ **အမျိုးသားပညာရေးဥပဒေမှ**

နိုင်ငံတော်သမ္မတက “အမျိုးသားပညာရေးဥပဒေနှင့်ပတ်သက်ပြီး ကျောင်းသားများရဲ့ လိုလားချက်တွေကို ဆန္ဒဖော်ထုတ်ကြတဲ့ကိစ္စတွေဖြစ်ခဲ့ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ အမျိုးသားပညာရေး ဥပဒေပြင်ဆင်ရေးအတွက် ဆက်လက်ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေကို ဆွေးနွေးဖို့အတွက် ဇန်နဝါရီ ၂၈ ရက်မှာ ပြည်ထောင်စုဝန်ကြီးဦးဆောင်တဲ့ အစိုးရတာဝန်ရှိသူများနဲ့ လွှတ်တော်ကိုယ်စားလှယ်များဟာ ကျောင်းသားအဖွဲ့များနဲ့ အကြိုတွေ့ဆုံညှိနှိုင်းခဲ့ပါတယ်။ အမျိုးသားပညာရေးဥပဒေနဲ့ပတ်သက်ပြီး တွေ့ဆုံဆွေးနွေးအဖြေရှာကြဖို့ သဘောတူနိုင်ခဲ့ပြီလည်းဖြစ်ပါတယ်။ လက်ရှိကာလဟာ စာမေးပွဲရာသီဖြစ်တဲ့အတွက် ကျောင်းတွင်းတည်ငြိမ်အေးချမ်းမှုပျက်ပြားပြီး စာမေးပွဲများ ရွှေ့ဆိုင်းရခြင်း၊ ကျောင်းများပိတ်ရခြင်းများ ဖြစ်ပေါ်လာမှာကို ကျောင်းသားမိဘများအနေနဲ့ စိတ်ပူပန်မှုရှိနေတာကိုလည်း ကြားသိရပါတယ်။ အခုအချိန်မှာဆိုရင် ဆန္ဒပြချီတက်မှုများကိုရပ်တန့်ပြီး ဆွေးနွေးမှုတွေကို ခိုင်ခိုင်မာမာ စတင်ကြရမှာလည်းဖြစ်ပါတယ်။ ဆွေးနွေးညှိနှိုင်းရေးနည်းလမ်းသာလျှင် လက်တွေ့ကျတဲ့ အဖြေဖြစ်တယ်ဆိုတာကို ဆုပ်ကိုင်ထားဖို့လိုအပ်ပါတယ်။ ကျောင်းသားများရဲ့ လိုလားချက်တွေဖြည့်ဆည်းနိုင်ရေးအတွက် ဆက်လက်ဆွေးနွေးလုပ်ဆောင်သွားရမယ့် လုပ်ငန်းစဉ်များကို ညှိနှိုင်းလုပ်ဆောင်နေပြီလည်းဖြစ်ပါတယ်။ စာမေးပွဲများ နီးကပ်လာနေပြီဖြစ်တဲ့အတွက် ဆန္ဒပြကျောင်းသား အချို့အနေနဲ့ တောင်းဆိုချက်များကို မြန်မြန်ဆန်ဆန်ညှိနှိုင်းကြပြီးတော့ အမျိုးသားပညာရေးဥပဒေ ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေးကို အချိန်တိုတိုအတွင်း ဖြည့်ဆည်းဆောင်ရွက်နိုင်မယ့် နည်းလမ်းများရှာဖွေပြီး ပူးပေါင်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်” ဟု ပြောကြားခဲ့ပါကြောင်း။

ဤအချက်များအရ နိုင်ငံတော်သမ္မတမှစ၍ မိမိတို့ တစ်ဦးတစ်ယောက်ချင်းစီတွင် စိတ်ရင်းစေတနာမှန်များရှိနေသည်ကို တွေ့ကြရမှာဖြစ်ကြောင်း၊ ယနေ့တွေ့ဆုံဆွေးနွေးမှုမှစပြီး ပူးပေါင်းညှိနှိုင်းအဖြေရှာရမှာဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်ခင်စန်းရီက ပြောကြားရာတွင် ယနေ့ ဆွေးနွေးပွဲသည် နိုင်ငံတော်အစိုးရ၊ ဥပဒေပြုလွှတ်တော်၊ NNER နှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီမှ ကျောင်းသားများပါဝင်သည့် အမျိုးသားပညာရေးဥပဒေနှင့်ပတ်သက်၍ လေးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးပွဲဖြစ်ကြောင်း၊ ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီမှ ကျောင်းသားကျောင်းသူများ၏ တောင်းဆိုချက်(၁၁)ချက်အပါအဝင် အမျိုးသားပညာရေးဥပဒေနှင့်သက်ဆိုင်သော အချက်များကို ပြင်ဆင်ပေးနိုင်ရေး တွေ့ဆုံဆွေးနွေးကြခြင်းဖြစ်ကြောင်း၊ အမျိုးသားပညာရေးရည်မှန်းချက်များကို လွှတ်တော်သို့ ဆက်လက်တင်ပြဆွေးနွေးသွားမှာဖြစ်ကြောင်း၊ ပညာရေးသည် ရေရှည်ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်ဖြစ်သည့်အတွက် မူဝါဒ၊ ဥပဒေများနှင့်အညီ ချမှတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စာမေးပွဲများ နီးကပ်လာပြီဖြစ်သည့်အတွက် ငြိမ်းချမ်းစွာ ပညာသင်ကြားရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားပြီး ဆောင်ရွက်ကြရမှာဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ ဥက္ကဋ္ဌ ဦးသိန်းဇော်က ဆွေးနွေးပြောကြားရာတွင် ယနေ့ ဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ ပြည်သူ့လွှတ်တော်မှ မိမိအပါအဝင် ကိုယ်စားလှယ် (၉)ဦးနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော်မှ ကိုယ်စားလှယ် (၇)ဦးတက်ရောက်ပါကြောင်း။

ယနေ့ဆွေးနွေးပွဲသည် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်လိုသည့် ကျောင်းသားများ၏ ဒီမိုကရေစီပညာရေးလှုပ်ရှားမှုကို အေးချမ်းတည်ငြိမ်စွာ ဒီမိုကရေစီနည်းလမ်းကျကျ ဖြေရှင်းနိုင်ရန်အတွက် ကျင်းပခြင်းဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၈ ရက်တွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ အစိုးရ၊ လွှတ်တော်နှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီမှ ကျောင်းသားကိုယ်စားလှယ်များသည် နှစ်ဖက်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး သဘောတူညီချက်(၄)ချက်ကို လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့ကြကြောင်း။

ထိုသဘောတူညီချက်မှ ပထမအချက်ဖြစ်သည့် အစိုးရ၊ လွှတ်တော်၊ ကျောင်းသားများနှင့် NNER မှ ကိုယ်စားလှယ်များပါဝင်သော ပထမအကြိမ် (၄)ပွင့်ဆိုင် ဆွေးနွေးပွဲကို စတင်ကျင်းပခြင်းဖြစ်ပါကြောင်း၊ ယခုလက်ရှိဖြစ်ပေါ်နေသော ကျောင်းသားလှုပ်ရှားမှုသည် ၂၀၁၄ ခုနှစ် စက်တင်ဘာ ၃၀ ရက်တွင် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့သည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်ဖြည့်စွက်လိုရာမှ စတင်အခြေခံလာခြင်းဖြစ်ပါကြောင်း။

ဥပဒေ၏ သဘောသဘာဝအရ မည်သည့်ဥပဒေမှ ပြီးပြည့်စုံသည်၊ အမြဲတမ်းမှန်ကန်ဆီလျော်နေသည်ဟု မရှိနိုင်ကြောင်း၊ လိုအပ်ချက်၊ အားနည်းချက်များတွေ့ရှိပါက ပြင်ဆင်ရမည်သာ ဖြစ်ပါကြောင်း၊ ပြင်ဆင်ရန် သတ်မှတ်ပြဋ္ဌာန်းထားသည့် နည်းလမ်းများအတိုင်းသာ ပြင်ဆင်ကြရမှာဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးအတွက်ဆိုပါက ပြင်ဆင်သင့်သည်များကို ပြင်ဆင်ရမည်ဖြစ်ပါကြောင်း။

ကျောင်းသားများ အဆိုပြုထားသည့် (၁၁)ချက်ကိုလည်း ယခုဆွေးနွေးပွဲတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံသားများ၏ အကျိုးဖြစ်ထွန်းရေး ဦးထိပ်ထားပြီး ဆွေးနွေးပေးကြစေလိုပါကြောင်း၊ ဥပဒေတစ်ခုကို ချဉ်းကပ်သုံးသပ်ရာတွင် ဥပဒေပြုရေးအဖွဲ့၊ အဆိုပါလုပ်ငန်းနယ်ပယ်တွင် ကျွမ်းကျင်ပြီး အတွေ့အကြုံရင့်ကျက်သည့် ပညာရှင်များအဖွဲ့တို့သည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ အမြင်ချင်းတူညီသည်များလည်းရှိပြီး မတူညီသည်များလည်းရှိနိုင်ပါကြောင်း၊ တူညီသည့်အချက်များကို ဦးစွာအကောင်အထည်ဖော်ပြီး မတူညီသည်များကို ဆက်လက်ညှိနှိုင်းဆွေးနွေးအဖြေရှာရန် ဖြစ်ပါကြောင်း၊ အရေးကြီးသည်မှာ တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်၏ အနာဂတ် သာယာလှပရေးတို့ကို ရှေးရှုရန်ဖြစ်ပါကြောင်း၊ မည်သည့်ပြဿနာကိုမဆို ဒီမိုကရေစီယဉ်ကျေးမှုအရ တည်ငြိမ်အေးချမ်းစွာ ညှိနှိုင်းဆွေးနွေးခြင်းဖြင့် စုပေါင်းအဖြေရှာရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုလွှတ်တော်နာယကတို့ကလည်း အမျိုးသားပညာရေး အဆင့်မြင့်မားတိုးတက်ရေးကို လိုလားလျက်ရှိကြပါကြောင်း၊ ယခုဆွေးနွေးပွဲရလဒ်အပေါ် အခြေခံပြီး အမျိုးသားပညာရေးဥပဒေကြမ်းကို သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြည်ထောင်စုလွှတ်တော်သို့ အတည်ပြုနိုင်ရေး ပြန်လည်တင်သွင်းကာ ပြည်ထောင်စုလွှတ်တော်က နည်းလမ်းများနှင့်အညီ အမြန်ဆုံးအတည်ပြုနိုင်ရေး ကြိုးစားဆောင်ရွက်သွားကြမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီမှ မောင်ဇေယျာလွင်က ဒီမိုကရေစီယဉ်ကျေးမှုနှင့်အညီ တွေ့ဆုံညှိနှိုင်းမှုမှတစ်ဆင့် အမျိုးသားပညာရေးဥပဒေအပါအဝင် ဆက်စပ်ဥပဒေများကိုရေးဆွဲရာတွင် သက်ဆိုင်ရာကိုယ်စားလှယ်များနှင့် တွေ့ဆုံညှိနှိုင်း အဖြေရှာသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် NNER မှ ဒေါက်တာသိန်းလွင်က ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီမှတင်ပြသည့် (၁၁)ချက်အားရှင်းလင်းဆွေးနွေးကာ ယင်းအချက် (၁၁)ချက်ကို သဘောတူထောက်ခံပါကြောင်းနှင့် ညှိနှိုင်းဆောင်ရွက်ပေးရန် ပြောကြားသည်။

ထို့နောက် တက်ရောက်လာသော ဒီမိုကရေစီပညာရေး လှုပ်ရှားမှုဦးဆောင်ကော်မတီမှ ယနေ့ဆွေးနွေးပွဲတွင် ကျောင်းသားကိုယ်စားလှယ်များတင်ပြတောင်းဆိုလာသည့် အချက်(၉)ချက်နှင့် မူလတောင်းဆိုထားသည့် အချက်(၁၁)ချက်တို့နှင့်ပတ်သက်၍ အသေးစိတ်ဆွေးနွေးကာ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်းကြသည်။ ယနေ့ ဆွေးနွေးမှုတွင် သဘောတူညီချက်များရှိသကဲ့သို့ အချို့အချက်အလက်များကလည်း ဆက်လက်ဆွေးနွေးရမည်ဖြစ်၍ ဖေဖော်ဝါရီ ၃ ရက် (အင်္ဂါနေ့) နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန၌ ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

တွေ့ဆုံညှိနှိုင်းမှုဖြင့် အကောင်းဆုံးကို အဖြေရှာ

ဝင်းဝင်းမော်

ရန်ကုန် ဖေဖော်ဝါရီ ၁

အစိုးရသစ်လက်ထက်တွင် ရေပန်းအစားဆုံးမှာ နိုင်ငံရေး ယဉ်ကျေးမှုသစ်ဖြစ်သည့် ဝိရောဓိများကို ငြိမ်းချမ်းစွာတွေ့ဆုံ အဖြေရှာရေးပင်ဖြစ်သည်။ ယနေ့ နံနက်ပိုင်းကလည်း ရန်ကုန်မြို့ရှိ ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ အမျိုးသားပညာရေးဥပဒေနှင့်ပတ်သက်သည့် ဆွေးနွေးပွဲကို နံနက် ၉ နာရီမှ ည ၇ နာရီဝန်းကျင်အထိ သက်ဆိုင်သူများအားလုံးစုံစုံညီညီဖြင့် ပွင့်လင်းမြင်သာစွာ ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးပွဲအပြီးတွင် သက်ဆိုင်သူများ၏ စကားသံများကို ကောက်နုတ်စုစည်းတင်ပြလိုက်ရပါသည်။

ဒေါ်ညီညီသင်း (မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးပြုပြင်ပြောင်းလဲမှုကွန်ရက် - NNER)

သဘောတူညီမှု (၉)ချက်ကို **NNER** အနေနဲ့ အများကြီး လိုလားပါတယ်။ နောက်တစ်ကြိမ် ဆွေးနွေးမယ့်(အင်္ဂါ)နေ့ ဆွေးနွေးမှုမှာ (၉)ချက်အပေါ် နှစ်ဖက်သဘောတူညီမှုရပြီးရင် (၁၁)ချက်ပေါ်မှာ သဘောထားတွေ အသီးသီးထွက်လာမှာ ဖြစ်တယ်။ ရှေ့လျှောက်ပြီး ကောင်းတဲ့ဘက်သွားနေတယ်လို့ မျှော်လင့်ပါတယ်။ နောက်လာမယ့် ဆွေးနွေးပွဲများမှာလည်း အပြုသဘောဆောင်ပြီး ယခုကဲ့သို့ စိတ်ရှည်စွာ ဆွေးနွေးပေးကြဖို့ အားလုံးကိုမေတ္တာရပ်ခံပါတယ်။ ပထမဆုံးအကြိမ်တွေ့ဆုံမှုဖြစ်တာကြောင့် အသီးသီးမှာ အားနည်းချက်တွေရှိကြပါတယ်။ ဒီနေ့ပွဲက တစ်ယောက်နဲ့တစ်ယောက် စိမ်းနေတာကြောင့် ဒုတိယ၊ တတိယအကြိမ်ဆွေးနွေးရင် မိမိတို့ရဲ့ အားနည်းချက်ကိုပြင်ဆင်လာမယ်လို့ မျှော်လင့်ပါတယ်။ စိတ်ပူစရာမလိုပါဘူး။

ကျောင်းသားတွေဘက်က ငြိမ်းချမ်းတဲ့နည်းနဲ့ ညှိနှိုင်းဆွေးနွေးသွားပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေဘက်ကလည်း သည်းခံပြီးနားထောင်တယ်။ ဝန်ကြီးဌာနဘက်က စိတ်ရှည်ရှည်နဲ့ အားလုံးကိုနားထောင်ပြီး လုပ်ပေးချင်တဲ့ဆန္ဒပေါ်လွင်နေတာကို တွေ့ရတာကြောင့်ကြိုဆိုပါတယ်။ နောင်ဆွေးနွေးပွဲမှာ ဒီထက်ပိုတဲ့၊ ကောင်းမွန်တဲ့ ရလဒ်တွေရလာမယ်လို့ မြင်ပါတယ်။

မောင်ဇေယျာလွင်

ဒေါ်ညီညီသင်း

မောင်ဇေယျာလွင် (ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီ)

အချက်(၁၁)ချက်ကို မဆွေးနွေးခင်မှာ ဘယ်လိုပုံစံနဲ့ဆွေးနွေးမယ်ဆိုတာ **Pre-Condition** ကို အရင်ဆွေးနွေးဖြစ်တယ်။ ကျွန်တော်တင်တဲ့ (၉)ချက်မှာ အချက်အတော်များများ ရခဲ့တယ်။ ဒီနေ့ ဆွေးနွေးပွဲ အကြမ်းဖျင်းအောင်မြင်တယ်လို့ ပြောလို့ရပါတယ်။ တချို့ အချို့အချက်အလက်တွေက သူတို့မှာ ကန့်သတ်ချက်တွေ ရှိနေတယ်လို့ မြင်တယ်။ ကျွန်တော်တို့ဘက်က ဒီ **Pre-Condition** ကိုမရရင် ကျောင်းသားထုအနေနဲ့ အခက်အခဲရှိတယ်။ အစိုးရ၊ လွှတ်တော်၊ **NNER** တွေ့ပြီး ကော်မတီက အတတ်နိုင်ဆုံး ရအောင် ဆွေးနွေးတယ်။ ရာခိုင်နှုန်းအားဖြင့် တော်တော်များများရတယ်လို့ ဆိုနိုင်ပါတယ်။ ကျွန်တော်တို့ **Pre-Condition** (၉)ချက် အောင်မြင်ပါတယ်လို့ ကြေညာချက်ထုတ်ဖို့ ကြိုးစားနေပါတယ်။ ဒီကနေ့ ပူးတွဲကြေညာချက်ကို စတင်ထုတ်နိုင်ပါလိမ့်မယ်။ တစ်နိုင်ငံလုံးက မိဘပြည်သူ၊ ကျောင်းသားကျောင်းသူတွေ (၁၁)ချက်ကို စတင်ဆွေးနွေးနိုင်ဖို့အတွက် အခြေခံမူဘောင်တွေကို စတင်အောင်မြင်စွာ ဆွေးနွေးနိုင်ခဲ့တယ်လို့ ပြောလို့ရပါတယ်။ မူဘောင်နဲ့ပတ်သက်ပြီး လာမယ့် အင်္ဂါနေ့မှာ နေပြည်တော် ပညာရေးဝန်ကြီးဌာန အဆောက်အအုံမှာ ဆက်လက်ဆွေးနွေးသွားဖို့ ရှိပါတယ်။ ဒါကလည်း တွေ့ဆုံညှိနှိုင်းမှုလမ်းစဉ်နဲ့ အကောင်းဆုံးကို အဖြေရှာပြီး ဆက်လက်ဆွေးနွေးသွားမှာပါ။

လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်

ဦးသိန်းဇော် (လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌ)

အဆင်ပြေအောင် အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်ပေးသွားတာကို မြင်ရပါတယ်။ **Legal** ဖြစ်နိုင်ဖို့အတွက် အားလုံးကိုညှိနှိုင်းပြီးဆောင်ရွက်ပေးသွားတာကြောင့် ဆွေးနွေးပွဲကို ကျေနပ်အားရပါတယ်။

ဗိုလ်ချုပ်နှစ်တစ်ရာပြည့် မိုးညှင်း၌ ကျင်းပမည်

ဖားကန့် ဖေဖော်ဝါရီ ၁

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များရုံးက ကြီးမှူး၍ ဗိုလ်ချုပ်အောင်ဆန်း နှစ် (၁၀၀) ပြည့် အထိမ်းအမှတ် အခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျင်းပသွားမည် ဖြစ်သည်။

အဆိုပါအခမ်းအနားတွင် ဆရာတော်၊ သံဃာတော်များကို ပင့်ဖိတ်၍ အရုဏ်ဆွမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဗိုလ်ချုပ်အောင်ဆန်း၏ သမိုင်းဝင်မိန့်ခွန်းကောက်နုတ်ချက်များကို ဟောပြောဆွေးနွေးသွားမည်ဖြစ်ကြောင်း မိုးညှင်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်စိုးလေးက ပြောကြားသည်။ **ကေဆိုင်းနော် (ဖားကန့်)**

ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများ တိုးချဲ့တူးဖော်

ရန်ကုန် ဖေဖော်ဝါရီ ၁

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ယုဇနဉယျာဉ်မြို့တော် (၉၄)ရပ်ကွက်၌ နှစ်စဉ် ရေများလမ်းမပေါ်တွင် ရေတင်ကျန်ရစ်နေသဖြင့် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ဇန်နဝါရီ ၃၁ ရက် နံနက် ၆ နာရီက မြို့နယ်တာဝန်ရှိသူများနှင့် ဝန်ထမ်းများ စုပေါင်း၍ ရပ်ကွက်အတွင်း အထူးသန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် ရေစီးရေလာကောင်းမွန်ရန် ပုဏ္ဏမီလမ်းမကြီးဘေး ဝဲ၊ ယာတစ်လျှောက်ရှိ ရေနုတ်မြောင်းများကို စက်ယန္တရားကြီးများဖြင့် တိုးချဲ့တူးဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(၅၁၂)

❑

ပြည်တွင်းရေးရာ

သန့်ရှင်းသာယာကြည်ညိုစွာဖူးမြော် မန္တလေးစွယ်တော်မြတ်စေတီတော်

မန္တလေး ဖေဖော်ဝါရီ ၁

မန္တလေးစွယ်တော်မြတ်စေတီသည် ညစဉ်ဘုရားဖူးများဖြင့် စည်ကားသော စေတီပင်ဖြစ်သည်။ မန္တလေးမြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း တည်ရှိကာ သန့်ရှင်းသောလမ်းပိုင်းဖြင့် သာယာလျက်ရှိသည်။ ဗုဒ္ဓစွယ်တော်မြတ်စေတီသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပီကင်းမြို့တွင် ကိန်းဝပ်စံပယ်တော်မူသော ဗုဒ္ဓ၏အထက်လက်ဝဲ စွယ်တော်မြတ်ကြီးအား ၁၉၄၄၊ ၁၉၉၆၊ ၂၀၁၁ ခုနှစ်တို့က မြန်မာနိုင်ငံသို့ ပင့်ဆောင်ပူဇော်စဉ်တွင် စွယ်တော်မြတ်နှစ်ဆူကို ရင်ငွေ့တော်ခိုလုံစေကာ စွယ်တော်မြတ်နှင့်အတူ အပူဇော်ခံခဲ့သည်။ ထိုစွယ်တော်နှစ်ဆူထဲမှ တစ်ဆူကို မန္တလေးမြို့ အမရပူရမြို့နယ် မဟာဓမ္မရံသီကုန်းတော်၌ စွယ်တော်မြတ်စေတီတစ်ဆူကို တည်ထားကိုးကွယ်ခဲ့သည်။

စွယ်တော်မြတ်စေတီတည်ရာတွင် မြန်မာ့ရိုးရာ ရှေးထုံးအစဉ်အလာအတိုင်း မင်္ဂလာအခမ်းအနားကိုးမျိုးကို ပြုလုပ်ကာတည်ထားကိုးကွယ်ခဲ့သည်ဟု သိရသည်။ စွယ်တော်မြတ်စေတီ(မန္တလေး)သည် မဟာဓမ္မရံသီကုန်းမြေတွင် ဝတ္ထုကံမြေအပိုင်းအခြား ၁၁၃ ဒသမ ၅၆ ဧကပေါ်တွင် အသွင် ၁၀၈ တောင်အမြင့်ဆောင်ကာ ဘုရားဂုဏ်တော် ကိုးပါးကို အာရုံထား၍ မုဒြာကိုးပါး၊ ဗုဒ္ဓရုပ်ပွားဆင်းတုတော်ကိုးဆူ၊ မုခ်ကိုးမုခ်၊ ဘုံကိုးဆင့်ဖြင့် တည်ထားကိုးကွယ်ခဲ့သည်။ စေတီတော်ဉာဏ်တော်အမြင့် ၁၀၈ တောင် (၁၆၂ ပေ)၊ ဖိနပ်တော် ၁၅၂ ပေ၊ ပန်းတင်ခုံကိုးပေ၊ တိုင်ကြီး ၄၅ လုံး၊ မုခ်ဦးကြီး ကိုးမုခ်၊ သရက်ကင်းလှေကား ခုနစ်စုံ၊ မကရ်းလှေကား ကိုးစင်း၊ ဗုဒ္ဓရုပ်ပွားတော်ကိုးဆူ၊ အရန်စေတီကိုးဆူ၊ ရောင်လင်းပေါက် ၂၇ ပေါက်၊ ကာလသာအိုး ၂၇ အိုး၊ ပစ္စယာငါးဆင့်၊ ကြာဝန်းကြေးဝန်း သုံးဆင့်၊ ကွမ်းတောင်အမြင့် ၃၇ ပေ၊ အထွက်စေတီဉာဏ်တော်အမြင့်ပေ ၃၀၊ ပြဟ္မာရုပ်ကိုးရုပ်၊ ဝိသုကမ္မနတ်ကွန်း ကိုးခု၊ ခြသေ့်ရုပ် ၃၆ ရုပ်နှင့် ၄-၈-၁၉၉၅ မှ ၁၃-၁၂-၁၉၉၆ အတွင်းတည်ထားခဲ့သည်။

၁၁-၁၁-၂၀၁၂ ရက် နံနက် ၇ နာရီ ၄၅ မိနစ်တွင်လှုပ်ခဲ့သောလျှင်ကြောင့် မြေခဲ့သော စိန်ဖူးတော်အား နိုင်ငံတော်အစီအစဉ်ဖြင့် ရွှေ ၉၃ ကျပ်သား ၁၅ ပဲခန့်နှင့် မိုးကုတ်ရောင်စုံကျောက် ၂၁၆ ပွင့်စီခြယ်၍ ပြုပြင်မွမ်းမံပြီး ၁၉-၅-၂၀၁၃ရက်တွင် စိန်ဖူးတော်အသစ်တင်လှူခြင်းအခမ်းအနားကို ကျင်းပခဲ့ကြောင်း သိရသည်။ ယခုအခါ မန္တလေးစွယ်တော်မြတ်စေတီတွင် နေ့စဉ် ဘုရားဖူးများဖြင့်စည်ကားသလို အခါကြီးရက်ကြီးလပြည့်နေ့ညများတွင် ဘုရားဖူးများပိုမိုစည်ကားလေ့ရှိသည်။ လက်ရှိကာလတွင် မြို့တော်သန့်ရှင်းသာယာရေး လမ်းပိုင်းသန့်ရှင်းရေးအတွက် တစိုက်မတ်မတ်ပြုလုပ်ကာ ရန်ကုန်-မန္တလေးလမ်းပိုင်းများ ဗုဒ္ဓစွယ်တော်စေတီလမ်းပိုင်းများကို အထူးသန့်ရှင်းအောင်ပြုလုပ်ဆောင်ရွက်လျက်ရှိသည်။ စေတီအဝင်မှောင်ရိပ်ကျသော ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် အချက်ပြမီးများ တပ်ဆင်ပေးထားသည်။ ယခုအခါ မန္တလေးစွယ်တော်မြတ်စေတီတွင် ဥယျာဉ်တော် ၁၈ ရပ်သစ်ပင်များ ဗုဒ္ဓရုပ်ပွားတော်များဖြင့် သန့်ရှင်းသာယာကာ ကြည်ညိုဖွယ်ဖူးမြော်နိုင်ပြီး နေ့စဉ်ဘုရားဖူးများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။ **(တိမ်တမန်)**

လက်ဝှေ့အားကစားပူးတွဲလေ့ကျင့်ရန် ထိုင်းနိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၁

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဖေဖော်ဝါရီ ၁ ရက်မှ ၁၀ ရက်အထိ လက်ဝှေ့အားကစားနည်း (Joint Training) ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ရန် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်မှ အတွင်းရေးမှူး ဦးစောလှဘော် ဦးဆောင်၍ ဦးနေဇော်(လက်ထောက်ညွှန်ကြားရေးမှူး) အားကစားနှင့် ကာယပညာဦးစီးဌာန နည်းပြ အဖွဲ့ဝင်များနှင့် အားကစားသမား ၁၅ ဦးတို့သည် ဖေဖော်ဝါရီ ၁ ရက် နံနက် ၈ နာရီက ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ TG လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာသွားကြောင်း သိရသည်။

ခင်မောင်ဝင်း(ကြေးမုံ)

❍ **မရမ်းကုန်းမှ**

အဆိုပါ ကမ္ဘာအေးခုံးကျော်တံတားကို ၂၀၁၄ခုနှစ် ဇွန်လက စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အရှည် ပေ ၁၀၀၊ အကျယ် ၁၁ ပေ၊ လမ်းကင်းလွတ်အမြင့် ၁၆ ပေရှိ သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်ကာ စက်လှေကား နှစ်စင်းအပြင် ရိုးရိုးလှေကားများလည်းတပ်ဆင်ထားကြောင်းသိရသည်။

တံတားဖွင့်လှစ်ပြီးပါက နေ့စဉ် နံနက် ၆ နာရီမှ ည ၉ နာရီထိ ဖြတ်သန်းခွင့်ပြုမည်ဖြစ်ပြီး ယင်းခုံးကျော်ကဲ့သို့ စက်လှေကားပါသောတံတားများကို အောင်ဆန်းသူရိယလှသောင်းကျောင်းရှေ့တွင်တစ်စင်းနှင့် ပန်းဆိုးတန်း-ဒလကူးတို့ဆိပ်ကမ်းအနီးတွင် တစ်စင်း စုစုပေါင်းသုံးစင်း တည်ဆောက်ပြီးဖြစ်ကြောင်း သိရသည်။

❒ **မကွေးမှ**

တိုက်စစ်အားမြှင့်လာခဲ့ပြီး အောင်ရှိုးသာမောင် ဝင်လာပြီးနောက်ပိုင်းတွင် တိုက်စစ်ပိုကောင်းလာခဲ့သည်။ မိနစ် ၆၀ တွင် အသင်းခေါင်းဆောင် စိုးမင်းနိုင်က ချေပဂိုးပြန်လည်သွင်းယူခဲ့ပြီး မကွေးအသင်းကို အမှတ်ပြည့်ရစေမည့် အနိုင်ဂိုးကို ၈၄ မိနစ်တွင် တိုက်စစ်မှူး ဆယ်လာက သွင်းယူပေးခဲ့သည်။

(မုံရွာကွင်း)
ရောဝတီ - နှစ်ဂိုး
(ရစ္စတီနှင့် နေလင်းထွန်း)
ဇေယျာရွှေမြေ - ဂိုးမရှိ

ပွဲစဉ်(၄)အပြီးတွင် ရန်ကုန်နှင့်ဧရာဝတီအသင်းတို့က ၁၂ မှတ်စီ၊ လက်ရှိချန်ပီယံ ရတနာပုံအသင်းက ၁၀ မှတ်၊ ကမ္ဘောဇနှင့် မကွေးအသင်းတို့က ရှစ်မှတ်စီ ရရှိထားသည်။

❖ **ကျောဖုံးမှ**

ချန်ပီယံဆုဖလားကို ရယူလိုက်ခြင်းလည်းဖြစ်သည်။

အမေရိကန်တင်းနစ်မယ် ဆရီနာဝီလျံသည် ဩစတြေးလျအိုးပင်းအမျိုးသမီးတစ်ဦးချင်း နောက်ဆုံးဗိုလ်လုပွဲတွင် ရုရှားတင်းနစ်မယ် မာရီယာရှာရာပိုဗာအား ၆-၃၊ ၇-၆ (၇-၅)ဖြင့် အနိုင်ရရှိလိုက်ခြင်း ဖြစ်သည်။ ကမ္ဘာ့အဆင့်(၁) တင်းနစ်မယ်ဆရီနာဝီလျံ၏ ဂရင်းဆလင်းချန်ပီယံဆုဖလားများကို ဆွတ်ခူးခဲ့သည့်သမိုင်းကို ပြန်ကြည့်မည်ဆိုပါက ၂၀၀၃၊ ၂၀၀၅၊ ၂၀၀၇၊ ၂၀၀၉၊ ၂၀၁၀၊ ၂၀၁၅ ခုနှစ်များတွင် ဩစတြေးလျ အိုးပင်းတင်းနစ်ဖလားကို ခြောက်ကြိမ်အထိလည်းကောင်း၊ ၂၀၀၂ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်တို့တွင် ပြင်သစ်အိုးပင်းတင်းနစ်ဖလားကို နှစ်ကြိမ်အထိ လည်းကောင်း၊ ၂၀၀၂၊ ၂၀၀၃၊ ၂၀၀၉၊ ၂၀၁၀၊ ၂၀၁၂ ခုနှစ်တို့တွင် ဝင်ဘယ်ဒန် တင်းနစ်ဖလားကို ငါးကြိမ်အထိလည်းကောင်း၊ ၁၉၉၉၊ ၂၀၀၂၊ ၂၀၀၈၊ ၂၀၁၂၊ ၂၀၁၃၊ ၂၀၁၄ ခုနှစ်တို့တွင် အမေရိကန်အိုးပင်းတင်းနစ်ဖလားကို ခြောက်ကြိမ်အထိ လည်းကောင်း ဆွတ်ခူးထားနိုင်ခဲ့ပြီး စုစုပေါင်း ဂရင်းဆလင်းချန်ပီယံဆု(၁၉)ကြိမ်ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဆရီနာဝီလျံနှင့် ရှာရာပိုဗာတို့ ထိပ်တိုက်တွေ့ဆုံခဲ့မှုကို ကြည့်လျှင် ၂၀၀၄ ဝင်ဘယ်ဒန်ဗိုလ်လုပွဲတွင် ရှာရာပိုဗာက ၆-၁၊ ၆-၄ ဖြင့်အနိုင်ရရှိခဲ့သည်။ သို့သော် ယင်းနောက်ဆရီနာဝီလျံနှင့် ရှာရာပိုဗာတို့ ဗိုလ်လုပွဲတွေ့ဆုံမှုများတွင် ဆရီနာဝီလျံကသာ အနိုင်ရရှိခဲ့ပြီး ယခုဩစတြေးလျအိုးပင်းအမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲတွင်လည်း ထပ်မံအနိုင်ယူနိုင်ခဲ့ခြင်းကြောင့် ရှာရာပိုဗာသည် ဆရီနာဝီလျံအား (၁၆) ကြိမ်ဆက်တိုက်ရှုံးနိမ့်ခဲ့ရသည်။ **(နိုင်လင်းကြည်)**



ညီထွန်းလတ်၏ ကျွန်တော်သဘော်ရှုန်တိန်ဒရိုင်ဘာ စာအုပ်ထွက်ရှိ



စာရေးသူ ညီထွန်းလတ်၏ ကျွန်တော်သဘော်ရှုန်တိန်ဒရိုင်ဘာ စာအုပ်ထွက်ရှိလာသည်။

ယင်းစာအုပ်မှာ ပို့ဆောင်ရေးဝန်ကြီးဌာနက ထုတ်ဝေသော Transport News Journal တွင် အပတ်စဉ်ဖော်ပြခဲ့သော "ကျွန်တော်ဒရိုင်ဘာ ဆောင်းပါးများကို အမှတ်စဉ်(၁)မှ (၁၅)အထိ စုစည်းပြီး မှတ်တမ်းစာအုပ်တစ်အုပ်အဖြစ် ထုတ်ဝေလိုက်ခြင်းဖြစ်သည်။

စာရေးသူက "ယခုစာအုပ်မှာ ရေကြောင်းကဏ္ဍတွင် လောလောဆယ်ပါဝင်လုပ်ကိုင်နေကြသော ရေကြောင်းပြလုပ်ငန်းနဲ့ ရေကြောင်းပြမှုကြီးများအကြောင်းကို အတိအကျခံစားနားမလည်သေးလျှင်တောင် ခပ်ပါးပါးကလေး မြင်ယောင်ပြီး စာဖတ်သူများအနေဖြင့် အတော်အတန်ဆဝါးမိသည်အထိ အထောက်အကူပြုနိုင်တယ်ဆိုရင်ပဲ ရေးသားရကျိုးနပ်ပြီ"ဟု ၎င်း၏အမှာစာတွင် ထည့်သွင်းရေးသားထားသည်။

အပါယ်မကျသော ပုထုဇဉ်လူသား ခုနစ်ယောက်

ကုသိုလ်ပေါင်းမြောက်မြားစွာတို့တွင် သောတာပန်ပုဂ္ဂိုလ်နှင့်တူသည့် နိဗဒ္ဓပုညကုသိုလ် ခုနစ်မျိုးတို့ကို ရွေးနုတ်ပြီးရေးသားထားသည့် စာအုပ်ဖြစ်သည်။ သောတာပန်ပုဂ္ဂိုလ်သည် သေသွားပြီးသည့်နောက်မှာ အပါယ်မကျသောပုဂ္ဂိုလ်ဖြစ်ကြသည်။

နိဗဒ္ဓပုည ခုနစ်မျိုးတို့တွင် တစ်မျိုး၊ နှစ်မျိုး ပိုင်ဆိုင်ထားသည့် ပုထုဇဉ်လူသားများကလည်း သောတာပန်ပုဂ္ဂိုလ်နှင့်တူသွားသည်။ သေသွားပြီးသည့်နောက်မှာ အပါယ်မကျတော့ပါဟု ဆိုခြင်းဖြစ်သည်။ ဤစာအုပ်က နိဗဒ္ဓပုညကုသိုလ်ပြုလုပ်၍ နတ်ပြည်ရောက်သွားကြသူများနှင့် နမောတဿ၏သမိုင်းအစကိုလည်း စုစည်းတင်ပြထားသည့်စာအုပ်ဖြစ်သည်။စာအုပ်ကို ပါရမီစာပေတိုက်(၂၉)လမ်း(အထက်) ဖုန်း-၀၁-၂၅၃၂၄၆မှ တန်ဖိုးငွေကျပ် ၂၅၀၀ နှင့် တစ်ပြည်လုံးသို့ဖြန့်ချိသည်။

အတွင်းတိမ်ကို ဘယ်အချိန်မှာ ခွဲသင့်သလဲ



ဒေါက်တာမင်းသိမ်း(မျက်စိခွဲစိတ်အထူးကုဆရာဝန်ကြီး)ရေးသားသည့် အတွင်းတိမ်ကို ဘယ်အချိန်မှာ ခွဲသင့်သလဲနှင့်အခြားမျက်စိရောဂါပညာပေးဆောင်းပါးများစာအုပ်ထွက်ရှိလာသည်။ စာအုပ်တွင် မိသားစုကျန်းမာရေးဂျာနယ်တွင် ရေးသားဖော်ပြပြီးဖြစ်သည့် ဆောင်းပါး(၄၉)ပုဒ်ကို စုစည်းထားသည်။ တစ်ပတ်လျှင် ရောဂါတစ်မျိုးဖြင့် (၄၉) ပတ်အတွက် မျက်စိရောဂါ(၄၉)မျိုးကို အများပြည်သူနားလည်သဘောပေါက်အောင် ရေးသားထားသည်။ စာအုပ်ကို ဧကရာဇ်စာပေအမှတ်(၃၅)ဒေါ်သိန်းတင်လမ်း ကန်တော်ကလေး မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့်ဖြန့်ချိသည်။

မဇ္ဈိမတစ်သက်တာဟောစာတမ်း

ဓမ္မာစရိယဦးအောင်ကျော်မိုး ရေးသားသော မဇ္ဈိမတစ်သက်တာဟောစာတမ်းစာအုပ် ထွက်ရှိလာသည်။ ခုနစ်ရက်သားသမီးတို့အတွက် နေ့သားအလိုက် ဟောစာတမ်းခုနစ်အုပ်ထွက်ရှိထားသည်။ ဘဝတစ်သက်တာဟောစာတမ်းနှင့်အတူ ငါးနှစ်စာ အထူးဟောကိန်းများနှင့် အထူးယတြာများပါ ပါဝင်သည်။ ခုနစ်ရက်သားသမီးတို့အတွက် အများနှင့်မတူသော ဟောစာတမ်းများနှင့်မတူ ရာခိုင်နှုန်းပြည့်မှန်ကန်အောင် ဓမ္မာစရိယ ဦးအောင်ကျော်မိုးက ဟောပြောပေးထားသည်။ မဇ္ဈိမစာပေ အမှတ်(၂၃၇) ပထမထပ်(ဝဲ) (၃၉)လမ်း(အထက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၉၂၈၃၅၊ ၀၉-၅၀၅၆၈၄၃ တို့မှ တန်ဖိုးငွေကျပ် ၁၀၀၀ ဖြင့်ဖြန့်ချိသည်။

ဘုန်းပွင့်ကံပွင့်ပဋ္ဌာန်းဒါနကျင့်စဉ်



မြေလတ်မြတ်သူရေးသားသော ဘုန်းပွင့်ကံပွင့်ပဋ္ဌာန်းဒါနကျင့်စဉ်စာအုပ်ထွက်ရှိလာသည်။ ပဋ္ဌာန်းဒါနသည် ကျွန်ုပ်တို့ ဉာဏ်အရာမှာ အလှမ်းကွာလှသော နက်နဲခက်ခဲသည့် တရားတော်များနှင့် ဝိပဿနာဉာဏ်ထူးမှလွဲ၍ အရေးကြီးပါဝင်နေသော မေတ္တာဘာဝနာမျိုးကို အထက်ဘဝဂ်၊ အောက်နရက်ထိ တိုင်တည်ပို့သသော မေတ္တာပို့နည်းဖြစ်ရာ ထိရောက်သော အကျိုးသတ္တိထူးကိုရရှိစေမည့် ကျင့်စဉ်ဖြစ်ပါသည်။ ဤစာအုပ်လေးတွင် ဘုန်းပွင့်ကံပွင့် ပဋ္ဌာန်းဒါနကျင့်စဉ်နည်း၊ ဘုရားရှိခိုးရခြင်း၏အကျိုး(၁၇)ပါး၊ မေတ္တာမူ(၁၅)ချက်၊ သောက်ဆေး (၅)မျိုးလိုက်နာကျင့်သုံးနည်းများ ပါဝင်ပါသည်။ မဇ္ဈိမစာပေ အမှတ် (၂၃၇) ပထမထပ်(ဝဲ) (၃၉)လမ်းအပေါ်ဘလောက် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့၊ ဖုန်း -၀၁ ၃၉၂၈၃၅၊ ၀၉-၅၀၅၆၈၄၃မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိထားသည်။

တစ်လတွင် တစ်ကြိမ်သာဖွင့်လှစ်ရောင်းချသည့် မြစ်ငယ်မြို့က လခချဈေးကြီး

မြစ်ငယ် ဖေဖော်ဝါရီ ၁

မန္တလေးတိုင်းဒေသကြီး မြစ်ငယ်မြို့ အောင်ချမ်းသာရပ်ကွက်ရှိ တစ်လတွင် တစ်ကြိမ်လစာထုတ်ပေးသည့် နေ့ရက်တွင် ဖွင့်လှစ်ရောင်းချသည့် လခချဈေးကြီးတွင် ရောင်းသူ/ဝယ်သူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

ထိုဈေးကြီးတွင် မြစ်ငယ်မြို့ လူစီးတွဲနှင့် ကုန်တွဲစက်ရုံရှိ မီးရထားဝန်ထမ်းများ လစာထုတ်ပေးသည့်ရက်တွင် ဝန်ထမ်းမိသားစုများ လိုအပ်သည့်အသုံးအဆောင်နှင့် စားသောက်ကုန်များဝယ်ယူနိုင်ရန် အဓိကအားထားပြီး လာရောက်ရောင်းချပေးခြင်းဖြစ်ကြောင်းနှင့် ယင်းဈေးနေ့သို့ လာရောက်ရောင်းချပေးသည့် ဈေးသည်တိုင်း အရောင်းအဝယ်ကောင်းသည့်အတွက် လူသိများလာကာ အနယ်နယ်အရပ်ရပ်မှ ဈေးသည်နှင့် ဒေသခံများ လာရောက်ဝယ်ယူရောင်းချမှုများကြောင့် ဈေးတန်းကြီးမှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုစည်ကားလာခဲ့ကြောင်း ယင်းဈေးသို့ မန္တလေးမြို့မှ လာရောက်ရောင်းချသူ ကိုလှမျိုးအောင်က ပြောသည်။

"ကျွန်တော်က မန္တလေးကနေ အဝတ်အထည်တွေလာရောင်းတာပါ။ ဈေးနှုန်းကတော့ ပုံမှန်ပါပဲ။ တစ်လတစ်ကြိမ်သာဖွင့်လို့ ရောင်းကောင်းတဲ့အတွက် လာရောင်းတာပါ။ မန္တလေးမှာ ရောင်းရတဲ့ တစ်ရက်နှုန်းချင်း နှိုင်းယှဉ်ရင် ဒီမှာကပိုရောင်းရပြီး တစ်ရက်ကို နှစ်သိန်းကျော်ဖိုးလောက် ရောင်းရပါတယ်။ကျွန်တော်တို့လိုပဲကလော၊ အောင်ပန်း၊ တောင်ကြီးမြို့တွေကနေ လက်ဖက်ခြောက်လာရောင်းတဲ့သူတွေ၊ အနီးအနားမြို့တွေဖြစ်တဲ့ မတ္တရာ၊ စစ်ကိုင်း၊ မုံရွာမြို့တွေက ဒေသထွက်ကုန်တွေ အသီးသီးလာရောင်းကြပါတယ်"ဟု ၎င်းက ပြောသည်။

"ဒီဈေးဖြစ်ပေါ်လာတာ ရာစုနှစ်တစ်ဝက်ကျော်ပါပြီ။ ဒါပေမယ့် တဖြည်းဖြည်းလူသိပြီး အနီးအနားရွာတွေကပါ လာရောင်းကြဝယ်ကြတော့ တစ်လထက်တစ်လ ပိုပြီးစည်ကားလာတဲ့အပြင် ပစ္စည်းအမျိုးအစားကလည်း ပိုပြီးစုံသွားတယ်။ ဒါကြောင့် ပိုက်ဆံရှင်နေတဲ့ လခထုတ်ရက်မှာ လိုချင်တာကို အဆင်သင့်တွေ့ရတဲ့အတွက် ဝယ်ရတာအဆင်ပြေပါတယ်။ ဈေးတန်းကြီးဘယ်လောက်ရှည်လဲဆိုရင် စက်ရုံဝင်ပေါက်ကနေ စစ်ကိုင်း၊ မြစ်ငယ်လမ်းအထိရှိပါတယ်။ မန္တလေး အခေါ် လေးပြလောက်အကွာအဝေးရှိပါတယ်။ တောင်ပြုန်းပွဲတော်နီးပါး လောက်စည်ကားပါတယ်"ဟု ဒေသခံ ကိုမောင်မောင်စိုး(မြစ်ငယ်)က ပြောသည်။

အဆိုပါဈေးတွင် ဝယ်ယူနေသူတစ်ဦးကလည်း "ကျွန်မအမျိုးသားက မီးရထားစက်ရုံဝန်ထမ်းပါ။ လကုန်ရက်ဆို သူ့လစာကိုလာစောင့်ယူပြီး ကလေးတွေနဲ့အတူ ဒီဈေးကြီးမှာ လိုအပ်တဲ့ အဝတ်အထည်တွေနဲ့ အသုံးအဆောင်တွေကို အမြဲလာဝယ်ဖြစ်တယ်။ လိုချင်တာအကုန်ရှိနေတဲ့အတွက် အဆင်ပြေပါတယ်။ ထမင်း၊ ဟင်းကအစ ရတဲ့အတွက် ဒီနေ့လိုမျိုးဆို ဈေးကပဲဝယ်ပြီး မိသားစုတွေ စားလိုက်တယ်"ဟု ဆိုသည်။

လခချဈေးဟူသောဝေါဟာရမှာ အင်္ဂလိပ်လက်ထက်က လစာထုတ်ပေးသည့်ရုံးကြီးမှာ နှစ်ထပ်အဆောက်အအုံဖြစ်သဖြင့် အပေါ်ထပ်မှအောက်ထပ်ရှိဝန်ထမ်းများအား တစ်ဦးချင်း လစာချပေးသည့် စနစ်ကြောင့် ထိုနေ့တွင် ဖွင့်လှစ်သည့် ဈေးကြီးကိုလည်း လခချဈေးဟုခေါ်ဆိုခြင်းဖြစ်ကြောင်းနှင့် လက်ရှိမြစ်ငယ်မီးရထား လူစီးတွဲနှင့် ကုန်တွဲစက်ရုံတွင် ဝန်ထမ်း ၁၄၀၀ လုပ်ကိုင်လျက်ရှိပြီး ဝန်ထမ်းမြို့တော်ဖြစ်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

တပို့တွဲပွဲတော်နွှဲပျော်ပျော်

ကောက်ဦးပေါ်ချိန်တွင် မြန်မာနိုင်ငံအနှံ့အပြားကျေးလက်တောရွာများအထိ ထမနဲထိုးပွဲများကို ဆင်ယင်ကျင်းပကြပါသည်။ ဆယ့်နှစ်လရာသီပွဲတော်များအနက် တစ်ပွဲအပါအဝင်ဖြစ်သော ထမနဲပွဲတော်ကို တပို့တွဲလဆန်းမှစ၍ လပြည့်နေ့အကြား ကာလအတွင်း၌ ရှေးမင်းအဆက်ဆက်မှ ဆင်းသက်၍ အမြို့မြို့အရွာရွာတွင် ခြိမ့်ခြိမ့်သဲသဲကျင်းပလာခဲ့ကြပါသည်။

တပို့တွဲလဟူသည် ထန်းဖူးထန်းခိုင်တံတို့ကို ကိုင်းညွတ်တွဲကျစေအောင် ပြုလုပ်သည့်လဟု ရှေးစာဆိုများက ပြောဆိုရေးသားခဲ့ကြသည်။ ထန်းပင်အဖိုထန်းပင်အမတွေမှာထန်းနို့၊ ထန်းသီးတွေရလာစေမည့် အဖူးတံ၊ အခိုင်တံများရှိကြပါသည်။ ၎င်းအဖူးတံ၊ အခိုင်တံများကို "ထန်းပို့"ဟု ခေါ်ဝေါ်ကြပါသည်။ "တပို့" ဟုလည်း တစ်မျိုးခေါ်ဝေါ်ကြပါသည်။ မြန်မာအဘိဓာန်တွင် "တပို့တွဲ"ကိုထန်းဖူးခိုင်တို့အား အောက်သို့ ကိုင်းညွတ်ဆွဲကိုင်းအောင် တွဲကျအောင် ပြုလုပ်သည့်လ၊ ထန်းရည်နင်းသည့်လ၊ မြန်မာတို့၏ တစ်ဆယ့်နှစ်လတွင် တစ်ဆယ့်တစ်လမြောက်သောလ ကုံရာသီလို့ ဖော်ပြထားပါသည်။ ထို့ကြောင့် ထန်းဖူး ထန်းခိုင်(တပို့)များကို အောက်သို့တွဲလဲကျအောင် လုပ်သောလဖြစ်သောကြောင့်"တပို့တွဲလ" ဟု ခေါ်ဝေါ်ကြပါသည်။

တပို့တွဲလသည် ဆောင်းရာသီဖြစ်၍ ညဥ့်အချိန်အခါတွင် နှင်းမှုန်ဖြူလွလွလေးများက ဇာပဝါခြုံလွှမ်းထားသလို အရိုးခိုက်အောင်အလွန်အေးမြသောကာလဖြစ်ပါသည်။ နှာရည်ယိုရွဲ တပို့တွဲဟု ခေါ်စမှတ်ပြုကြလောက်အောင် အပူဓာတ်နှင့် အအေးဓာတ်တို့လွန်ဆွဲသည့်ရာသီမျိုးမှာ ထမနဲကိုစားရင်း ထမနဲရဲ့ အပူဓာတ်က ပထဝီဓာတ်ပျက်ပြားနေသူများကို ကုစားနိုင်သည်ဟု ဆိုရိုးစကားရှိကြပါသည်။ မြန်မာမှုအရ "ကုံရာသီဟု ခေါ်တွင်၊မာဃနက္ခတ်ခြံရံ၊ ချိန်တာရာများယှဉ်လျက် ပေါက်ပန်း၊ လဲပန်းတို့ လှိုင်လှိုင်ပွင့်နေသည့်" တပို့တွဲလတွင် မီးဖုန်းပွဲ၊ ယာဂု-ထမနဲပွဲများ ကျင်းပခြင်းသည် ကောင်းမှုကုသိုလ်ရရှိရုံသာမက မြန်မာတို့၏ ယဉ်ကျေးမှုထုံးတမ်းအစဉ်အလာများကို ထိန်းသိမ်းရာရောက်ပေသည်။

ထမနဲထိုးခြင်းသည် တစ်ဦးတစ်ယောက်အားဖြင့်မရ အများစုပေါင်းလုပ်ကြရသော အလုပ်တစ်ခုဖြစ်၍ တက်ညီလက်ညီ လုပ်ကြမှ စားကောင်းသောအရသာရရှိနိုင်ပါသည်။ ထမနဲထိုးခြင်းသည် လူသားတို့၏ စေတနာ၊ စည်းလုံးမှု၊ ညီညွတ်မှု၊ စိတ်စွမ်းအား၊ သတ္တိနှင့် ဂုဏ်သိက္ခာတို့ ပါဝင်သောကြောင့် ဖြတ်၍မရသော တန်ဖိုးအရသာများရရှိစေပါသည်။ "တစ်ယောက်ယူသော်မရ၊ အများယူသောရ၏" ဟူသောစကားအလင်္ကာအရ မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုအစဉ်အလာအား ထိန်းသိမ်းခြင်းနှင့် ပြည်ထောင်စုတိုင်းရင်းသားညီအစ်ကိုမောင်နှမများ ငြိမ်းချမ်းစွာစည်းလုံးညီညွတ်မှုနှင့် လိုလားတောင့်တမှုကို ဖော်ကျူးပေးသည့်၊ လူငယ်မျိုးဆက်သစ်များ စည်းလုံးညီညွတ်မှုနှင့် လိုလားတောင့်တမှုကို ဖော်ဆောင်ပေးသည့် အတုယူစရာဂုဏ်ယူစရာများစွာဖြင့် တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးမှုတို့၏ လက်တွေ့ကောင်းကျိုးများကို ဖော်ဆောင်လုပ်ကိုင်ကြရင်း တပို့တွဲ ယာဂုထမနဲပွဲတော်ကို ပျော်ပျော်ပါးပါး နွှဲပျော်ကြပါစို့ဟု တိုက်တွန်းလိုက်ရပါကြောင်း။ ။

အောင်ကို(မွေးကု/ကျေးလက်)

တောင်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်တိုးနေမည်

နေပြည်တော် ဖေဖော်ဝါရီ ၁

ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ရှမ်းပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ တစ်ပြည်လုံးတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၁ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့တွင် ၃ ဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့တွင် ၄ ဒီဂရီစင်တီဂရိတ်နှင့် ပင်လောင်းမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်မှာ ဗန်းမော်မြို့တွင် သုည ဒသမ ၀၄ လက်မဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်တိုးနေမည်။

ထင်သာ မြင်သာပြုပြင်စရာ

ခရီးသည်အပြည့်နှင့် ဓာတ်ငွေ့ဖြည့်နေသည့်လိုင်းကားများ

ရန်ကုန်မြို့တွင် လိုင်းကားများသည်အများအားဖြင့်သဘာဝဓာတ်ငွေ့သုံးမော်တော်ယာဉ်များဖြစ်ကြကာ ယာဉ်လိုင်းအတွင်းဝင်ရောက်မောင်းနှင်နေစဉ်လမ်းခုလတ်၌ခရီးစဉ်မဖျက်ဘဲ ခရီးသည်များအားဆင်းခိုင်းကာ ဓာတ်ငွေ့ဖြည့်တင်းမှုများမကြာခဏကြုံတွေ့ကြမှာဖြစ်ပြီး ဓာတ်ငွေ့ဖြည့်တင်းမှုမပြီးမချင်းအချိန်ကြာမြင့်စွာစောင့်ဆိုင်းကြရခြင်းကြောင့် သက်ကြီးရွယ်အိုများအတွက် အဆင်မပြေမှုများဖြစ်ကြပါသည်။

ထို့အပြင် ဖေဖော်ဝါရီ ၁ ရက် နံနက်က မင်္ဂလာဒုံမြို့နယ် ကျိုက္ကလော့ဘုရားအနီး ဓာတ်ငွေ့အရောင်းဆိုင်တွင်ခရီးသည်အပြည့်နှင့်ဓာတ်ငွေ့ဖြည့်နေသည်ကိုတွေ့ရှိရပြီးခရီးသည်များ၏ အမှုမဲ့အမှတ်မဲ့ကြောင့်လည်းကောင်း၊ ယာဉ်၏အပူရှိန်ကြောင့် လည်းကောင်း မီးလောင်ပေါက်ကွဲမှုများဖြစ်ပေါ်နိုင်သောကြောင့် ထင်သာမြင်သာပြုပြင်စရာအဖြစ်ရေးသားအပ်ပါသည်။(၁၉၇)

အဘိုးအဘွားများအား အာဟာရဒါန ကျွေးမွေးလှူဒါန်း

တောင်ငူ ဖေဖော်ဝါရီ ၁

ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းက တောင်ငူမြို့နေ မြို့နယ်သတင်းထောက် ဦးကျော်လှ(သမာဓိ)၏ အသက် (၇၈)နှစ်ပြည့် မွေးနေ့ ကုသိုလ်ဒါနအဖြစ် သမာဓိမိသားစုက မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့သို့ ငွေကျပ် နှစ်သိန်းနှင့် တောင်ငူမြို့ မေတ္တာနှင့်စေတနာလူမှုကူညီရေးအဖွဲ့သို့ ငွေကျပ်တစ်သိန်း စုစုပေါင်း ငွေကျပ်သုံးသိန်းကို ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာအဖွဲ့များမှ တာဝန်ရှိသူများက လက်ခံရယူပြီး အလှူရှင်မိသားစုသို့ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

သမာဓိမိသားစုသည် ဆက်လက်၍ ဖြူးမြို့ဘိုးဘွားရိပ်သာရှိ အဘိုးအဘွား ၄၀ တို့အား အာဟာရဒါန ကျွေးမွေးလှူဒါန်းပြီး တောင်ငူမြို့ မရမ်းကျောင်းတိုက်တွင် ဖွင့်လှစ်သင်ကြားနေသော စာရိတ္တခမ္မကျောင်းမှ ကျောင်းသားကျောင်းသူ ၆၀၀ ကျော်တို့အား သွားတိုက်ဆေးဘူးများ လှူဒါန်းခဲ့သည်။ (၄၇၂)

ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ပင်လုံမြို့၌ ဆင်နွှဲ

ပင်လုံ ဖေဖော်ဝါရီ ၁

ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်လုံမြို့၌ (၂၉)ကြိမ်မြောက် မြို့လုံးကျွတ်ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဖေဖော်ဝါရီ ၁ ရက် မွန်းလွဲ ၁ နာရီက ပင်လုံမြို့ မင်္ဂလာနောင်ကွတ်ကျောင်းမှ မင်္ဂလာမွေ့တော်ကျောင်းအထိ လမ်းတစ်လျှောက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အဆိုပါ မြို့လုံးကျွတ်ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ ပင်လုံမြို့ပေါ်နှင့်အနီးပတ်ဝန်းကျင်ရွာများရှိ ဘုန်းကြီးကျောင်းများနှင့် လွိုင်လင်မြို့ပေါ်ရှိ ဘုန်းကြီးကျောင်း ၂၆ ကျောင်းမှ ပင့်သံဃာ ၁၆၆၅ ပါးတို့အား ဒေသခံပြည်သူများက ဆွမ်းဆန်စိမ်းလောင်းလှူခဲ့ကြောင်း သိရသည်။

မိုးလွင်ဦး(လွိုင်လင်)

ကျမ်းစာဖြေဆိုအောင်မြင်ကြသည့်ရိုးရာစာပေပြိုင်ပွဲဝင် ကျောင်းသားကျောင်းသူများအား ဂုဏ်ပြု

ရန်ကုန် ဖေဖော်ဝါရီ ၁

တမီလ်စာပေပြန့်ပွားရေးအသင်းမှ ပြုလုပ်သောကျမ်းစာဖြေဆိုအောင်မြင်ကြသည့် ရိုးရာစာပေပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ တမီလ်စာပေပြန့်ပွားရေးအသင်း ဥက္ကဌ ကပ္ပတိန် ဦးဟင်နရီခင်မောင်နှင့် နာယကများဖြစ်ကြသော ဦးသိန်းလွင်၊ ဦးဘမောင်တို့က အမှာစကားပြောကြားပြီး စာမေးပွဲဖြေဆိုအောင်မြင်ကြသော ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများ အပါအဝင် သာမန်ဖြေဆိုအောင်မြင်ကြသည့် ကျောင်းသား ကျောင်းသူ ၁၆၀ တို့အား ဂုဏ်ပြုဆုများချီးမြှင့်ကြသည်။

တမီလ်စာပေပြန့်ပွားရေးအသင်းမှ ကပ္ပတိန် ဦးဟင်နရီခင်မောင်က "လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၄၀၀ က အိန္ဒိယနိုင်ငံ တမီလ်နာဒူးက တမီလ်စာရေးဆရာကြီးတစ်ဦးရေးသွားတဲ့ စာအုပ်ပါ။ အဲဒီစာအုပ်ကို မြန်မာလို ဘာသာပြန်ရင်တော့ ပြည်သူ့နီတိခေါ်ပါတယ်။ ဒီပြည်သူ့နီတိကို အိန္ဒိယနိုင်ငံ တမီလ်နာဒူးပြည်နယ်အတွင်းမှာရှိတဲ့ အခြေခံကျောင်းများအပါအဝင် တက္ကသိုလ်တွေမှာသင်ကြားရပါတယ်။ ဒီပြည်သူ့နီတိထဲက အကြောင်းအရာတွေကို သင်ကြားပြီး ပြန်ဖြေဆိုခိုင်းတာပါ။ ဒီနေ့ပြုလုပ်တာကတော့ ပြိုင်ပွဲမှာ ထူးချွန်အောင်မြင်ကြတဲ့ ကလေးတွေကို ဂုဏ်ပြုပေးလိုက်တာလည်းဖြစ်ပါတယ်။ နှစ်စဉ်လည်းပြုလုပ်နေကျပါ။ ဒီပြိုင်ပွဲအတွက် တမီလ်ဘာသာတတ်ကျွမ်းတဲ့ဆရာတွေနဲ့ စနစ်တကျစာသင်ပေးပြီးမေးခွန်းထုတ်ဖြေဆိုခိုင်းတာပါ။ ပြိုင်ပွဲကတော့ ၂၀၁၄ ခုနှစ် စက်တင်ဘာလလောက်က (၅၁) လမ်းမှာရှိတဲ့ ဟိန္ဒူဆိုရှယ်ကလပ်မှာပြုလုပ်ခဲ့ပါတယ်။ ပြိုင်ပွဲကို ဘာလို့ဂုဏ်ပြုလဲဆိုတော့ တမီလ်ဘာသာဝင်တွေအတွက် ဇန်နဝါရီ ၁၄ ရက်က တောင်သူလယ်သမားတွေကို ဂုဏ်ပြုတဲ့နေ့ပါ။ ဒီလိုရက်ကောင်းရက်မြတ်ကိုရွေးပြီး ဒီ ၁ ရက်နေ့ကို ပြုလုပ်ခြင်းလည်းဖြစ်ပါတယ်။

ခုဆိုဗီဇာကလည်းအရမ်းလွယ်ကူသွားတော့ နိုင်ငံရပ်ခြားကတမီလ်တေးသီချင်းအဆိုတော်တွေကို ဖိတ်ကြားပါတယ်။ ဒီလိုခမ်းနားစွာပြုလုပ်တာမြန်မာပြည်မှာပထမဆုံးအကြိမ်ပါ။ ဒီလိုကျင်းပခွင့်ရဖို့ ပါမစ်ပေးခဲ့တဲ့ နိုင်ငံတော်အစိုးရကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ဒီမှာရှိတဲ့ ဟိန္ဒူဘာသာဝင် တမီလ်မျိုးနွယ်စုကလည်း မြန်မာနိုင်ငံရဲ့ အကျိုးသယ်ပိုးဆောင်ရွက်ဖို့ အဆင်သင့်ပါပဲ" ဟုပြောသည်။

မွန်းလွဲပိုင်း ဒုတိယအစီအစဉ်၌ အိန္ဒိယနိုင်ငံရှိ အနုရားသားစရီရမ်းဦးစီးသောအဖွဲ့ကလည်း အဆို၊ အက၊ ဟာသများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ပြီး မြန်မာနိုင်ငံအတွင်းရှိ တောင်သူလယ်သမားများအား ဂုဏ်ပြုသောအားဖြင့် လာမည့် မတ် ၁ ရက်တွင် သုဝဏ္ဏအားကစားကွင်း၌ ဂုဏ်ပြုပွဲကျင်းပရန်စီစဉ်ထားကြောင်း၊ နှစ်စဉ်ပြုလုပ်နေကျဖြစ်ကြောင်းနှင့် နိုင်ငံတော်အကြီးအကဲများအား ဖိတ်ကြားသွားမည်ဖြစ်ကြောင်း တမီလ်စာပေပြန့်ပွားရေးအသင်းမှ သိရသည်။

(စိုးဝင်း-MLA)

ဒလမြို့ မဟာယမ္မုနီစိဝရရ် ဘုရားကျောင်း၌ ဘုရားပွဲတော် ကျင်းပ

ဒလ ဖေဖော်ဝါရီ ၁

ဒလမြို့သည် ဘာသာပေါင်းစုံ၊ လူမျိုးပေါင်းစုံ ချစ်ကြည်ရင်းနှီးစွာဖြင့် စုစည်းနေထိုင်ကြသော မြို့တစ်မြို့ ဖြစ်သည်။ ဒလမြို့နယ် ဗိုလ်ရန်ပြေရပ်ကွက် ရာဇသင်္ကြန်လမ်း(ကမ်းနားလမ်း) ရန်ကုန်မြစ်ကမ်းဘေးရှိ ဟိန္ဒူဘာသာဝင်တို့ ကိုးကွယ်ကြသော မဟာယမူနီစိဝရရ်ဘုရားကျောင်း၌ ဘုရားပွဲတော်ကို ဖေဖော်ဝါရီ ၁ ရက်က ကျင်းပခဲ့ရာ အုန်း၊ ငှက်ပျောများဖြင့် ဘုရားဆွမ်းဆက်ကပ်ရန်လာကြသော ဟိန္ဒူဘာသာဝင် အလှူရှင်များနှင့် ဘုရားပွဲတော်လာ အခြားဘာသာဝင်လူမျိုးပေါင်းစုံတို့ဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်။

ထိုပွဲတွင် ရိုးရာဓလေ့အတိုင်း နွားလှည်းပွဲများကျင်းပခဲ့ကြောင်း၊ ရာဇသင်္ကြန်လမ်းဘေးဝဲ၊ယာတို့ရှိ မုန့်စျေးဆိုင်တန်း၊ အလှကုန်စုံဆိုင်တန်းများ၊ ချားရဟတ်၊ ကလေးကစားကွင်းတို့နှင့် ဘုရားကျောင်းဝင်းအတွင်းရှိ ဖျော်ဖြေရေးစတိတ်ရှိုးပွဲတို့တွင် ဘုရားပွဲတော်သို့ လာရောက်ကြည့်ရှု အားပေးကြသော ပရိသတ်များဖြင့် ကွင်းလုံးပြည့်စည်ကားလျက်ရှိကြောင်း သိရသည်။

သန်းဌေး(ဒလ)

မချမ်းဘောမြို့နယ် ငွါးဇာခါးကျေးရွာတွင် ကြိုးတံတားပန္နက်တင်

မချမ်းဘော ဖေဖော်ဝါရီ ၁

ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘောမြို့နယ် ငွါးဇာခါးကျေးရွာတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူ ဆောက်လုပ်မည့် "ဝင်းဒူလော်" ကြိုးတံတားပန္နက်တင် အခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၁၁ နာရီက အဆိုပါ ကြိုးတံတားမြေနေရာတွင် ကျင်းပရာ မြို့နယ်တာဝန်ရှိသူများက ပန္နက်တင်ပေးကြသည်။

(မြို့နယ်ပြန်/ဆက်)

မလေးရှားနိုင်ငံ ပညာသင်ဆုရ ကျောင်းသားကျောင်းသူများအား ဂုဏ်ပြု

ရန်ကုန် ဖေဖော်ဝါရီ ၁

မလေးရှားနိုင်ငံ KDU College (ပီနန်)နှင့် Myanmar Search International (MSI) Education Consultancy Services Co.,Ltd. တို့ ပူးပေါင်း၍ ၂၀၁၅ ခုနှစ် ကျောင်းဖွင့်ချိန် မလေးရှားနိုင်ငံတွင် ပညာသင်ကြားကြမည့် ပညာသင်ဆုရ ကျောင်းသား ကျောင်းသူ ၁၂ ဦးနှင့် ၎င်းတို့၏ မိဘများအား ဂုဏ်ပြုတွေ့ဆုံပွဲကို ရန်ကုန်မြစ်အတွင်းသွား အပျော်စီးသင်္ဘောဖြစ်သော Royal Green River ပေါ်တွင် ဇန်နဝါရီ ၃၀ ရက် ညနေပိုင်းက ကျင်းပခဲ့သည်။

"ဒီ ၂၀၁၅အတွက် ဧပြီ၊ ဇူလိုင်နဲ့ စက်တင်ဘာ အတန်းတွေအတွက် လျှောက်လွှာတွေ လျှောက်လို့ရပါပြီ။ ပီနန်က မလေးရှားမှာ စက်မှုထွန်းကားပြီး ကျန်းမာရေးဝန်ဆောင်မှု၊ ခရီးသွားဝန်ဆောင်မှုတွေလည်း ထွန်းကားတယ်။ ကမ္ဘာ့နိုင်ငံအသီးသီးက ထင်ရှားတဲ့ကုန်အမှတ်တံဆိပ်တွေ၊ လုပ်ငန်းတွေ လုပ်ဆောင်နေတဲ့ နေရာလည်း ဖြစ်ပါတယ်။ ဒါကြောင့် ပညာရေးတင်မဟုတ်ဘဲ အလုပ်အကိုင်အတွေ့အကြုံကောင်းတွေ ရနိုင်တယ်။ ၂၀၂၀ မှာ နိုင်ငံတကာ ပညာရေး ဆုံချက်နေရာအဖြစ် သတ်မှတ်ထားပြီး အမေရိကန်တက္ကသိုလ်တွေ လာဖွင့်ဖို့ရှိပါတယ်။ ပီနန်မှာက ၉၅ ရာခိုင်နှုန်းလောက်က မလေးရှားနိုင်ငံဖွား တရုတ်တွေများပါတယ်"ဟု MSI မှ မန်နေဂျင်း ဒါရိုက်တာ ဒေါ်စုစုလှိုင်က ပြောသည်။

"ပီနန်က အချက်အချာကျတဲ့မြို့ဖြစ်ပါတယ်။ မလေးရှားနိုင်ငံရဲ့ ခရီးသွားကဏ္ဍရဲ့ ဂျီဒီပီ ၂၈ ရာခိုင်နှုန်းက ပီနန်ကပဲဖြစ်ပါတယ်။ ကွာလာလမ်ပူပြီးရင် ဒုတိယအကြီးဆုံးမြို့လည်း ဖြစ်ပါတယ်။ မလေးရှားနိုင်ငံမှာ ပြည်ပကနေဆေးလာကုသတဲ့ နေရာမှာ ၆၀ ရာခိုင်နှုန်းလောက်က ပီနန်ကို လာရောက်တာပဲဖြစ်ပါတယ်။ ကမ္ဘာ့အရပ်ရပ်က စီးပွားရေးကုမ္ပဏီပေါင်းများစွာ ရှိတဲ့အတွက် အခွင့်အလမ်းတွေ အများကြီးပါပဲ"ဟု ပီနန်ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီး Mr. Danny Law Heng Kiang က ပြောသည်။

KDU College (ပီနန်)သည် ဒီပလိုမာသင်တန်း၊ ဘွဲ့ဒီဂရီတန်းများအတွက် မြန်မာကျောင်းသား ကျောင်းသူများအား ၈၀ ရာခိုင်နှုန်း ပညာသင်ဆု ထောက်ပံ့ပေးအပ်ပြီး သင်ထောက်ကူပစ္စည်းများ ပြည့်စုံမှုတွင်လည်း ကြယ်ငါးပွင့်အဆင့် ရရှိထားသည်။ MSI အနေဖြင့် KDUအပါအဝင် နိုင်ငံတကာတက္ကသိုလ်များ၊ ကောလိပ်များနှင့် ချိတ်ဆက်ကာ ပညာရေးဝန်ဆောင်မှုများကို မြန်မာကျောင်းသား ကျောင်းသူများအတွက် ချိတ်ဆက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၀၀၁)

မြန်မာနိုင်ငံကလေးများနေ့ကို ကြိုဆိုသောအားဖြင့် ကလေးများအား လေ့လာရေးခရီးပို့ဆောင်

မကွေး ဖေဖော်ဝါရီ ၁

ဖေဖော် ဝါရီ ၁၃ ရက်နေ့တွင် ကျရောက်မည့် မြန်မာနိုင်ငံကလေးများနေ့ကို ကြိုဆိုသောအားဖြင့် မကွေးမြို့ လူမှုဝန်ထမ်းဦးစီးဌာနက ဖွင့်လှစ်ထားသည့် မကွေးမြို့ ကလေးပြုစုစောင့်ရှောက်ရေးဌာနသည် ကလေးငယ် ၂၀ အား ပြင်ပဗဟုသုတများ ရရှိစေရန် ရည်ရွယ်ပြီး ယနေ့ နံနက် ၇ နာရီမှစ၍ မကွေးမြို့ ဗိုလ်ချုပ်ပန်းခြံသို့ လည်း ကောင်း၊ မြသလွန်စေတီတော်သို့လည်းကောင်း ဆရာမများဦးဆောင်ပြီး လေ့လာရေးခရီးပို့ဆောင်ပေးခဲ့သည်။

မကွေးမြို့ ဗိုလ်ချုပ်ပန်းခြံသို့ ပထမဦးစွာ ပို့ဆောင်ပေးပြီး ပန်းခြံအတွင်းရှိ ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးရုပ်တုနှင့် မီးရထားစက်ခေါင်းများအား လှည့်လည်ပြသပြီး ကလေးငယ်များအား ပျော်ရွှင်စွာ ကစားစေသည်။ ယင်းနောက် မြသလွန်စေတီတော်သို့ သွားရောက်ပြီး မြသလွန်စေတီတော်ကြီးသမိုင်းကို ရှင်းလင်းပြောကြားပေးခဲ့ကြောင်း သိရသည်။

"ကလေးငယ်တွေက အများအားဖြင့် မိဘမဲ့တွေနဲ့ စီးပွားရေးအဆင်မပြေလို့ ရောက်လာရတဲ့ ကလေးတွေများတဲ့အတွက် ကျွန်မတို့က ဆရာမအနေနဲ့သာမက မိဘအဖြစ်နဲ့ပါ စောင့်ရှောက်ပေးတာပါ။ အခုလို ပြင်ပလေ့လာရေးခရီးထွက်ရတဲ့အတွက် သူတို့လေးတွေ စိတ်ဓာတ်ရေးရာအရပါ ပျော်ရွှင်လန်းဆန်းစေပါတယ်" ဟု မကွေးမြို့ ကလေးပြုစုစောင့်ရှောက်ရေးဌာနမှ ဆရာမတစ်ဦးက ပြောကြားသည်။

(ညီညီမောင်)

ဟောလိဝုဒ်မှာ မတူညီကွဲပြားတဲ့ ပြဿနာတွေရှိနေပါတယ်လို့ ဂျက်စီကာခရစ္စတန်ပြော

ခရစ္စတန်က လက်ရှိ ဟောလိဝုဒ်မှာ မတူညီကွဲပြားတဲ့ ပြဿနာတွေအများကြီးရှိနေပြီး ဖြေရှင်းနိုင်ဖို့ ကြိုးပမ်းရမှာဖြစ်တယ်လို့ ၂၀၁၅ ဝေဖန်ရေးဆရာများ ပေးအပ်တဲ့ဆုချီးမြှင့်ပွဲအခမ်းအနားမှာ ဆုရရှိပြီးနောက် ပြောကြားခဲ့ပါတယ်။ ယင်းဆုရရှိခြင်းအပေါ် လူ့အခွင့်အရေးအတွက် အကျိုးဆောင်ပေးခဲ့သူ မစ္စတာ မာတင်လူသာကင်းဂျူနီယာကို ရည်ညွှန်းပါတယ်လို့လည်း ပြောကြားခဲ့ပါတယ်။

"Zero Dark Thirty" ဇာတ်ကားရဲ့ ကြယ်ပွင့်မင်းသမီး ဟာ သူမရဲ့ကျေးဇူးတင်စကားထဲမှ လိင်ခွဲခြားမှု၊ အမျိုးသမီးတွေအား နှိမ့်ချဆက်ဆံမှု၊ လူမျိုးရေး ခွဲခြားမှု၊ လူမျိုးကြီးဝါဒစွဲကိုင်မှုတွေကို ဆန့်ကျင်ပေးဖို့ ထည့်သွင်းပြောကြားခဲ့ပါတယ်။ ယခုနှစ် အော်စကာ ဆန်ခါတင်ဆုစာရင်းမှာ အဓိကသရုပ်ဆောင်တွေ အားလုံးက လူဖြူတွေဖြစ်နေပြီး ဒါရိုက်တာဆုနဲ့ ဇာတ်ညွှန်းဆုအားလုံးမှာလည်း အမျိုးသမီးတွေ လုံးဝမပါဝင်တဲ့အပေါ် ဝေဖန်မှုခံခဲ့ရပါတယ်။ ဒါပေမယ့်လည်း ဟောလိဝုဒ်မှာ လူမျိုးပေါင်းစုံ ရှိနေတာကြောင့် ပြဿနာတွေလည်းအမြဲရှိနေပြီး ဒီအခြေအနေတွေကို မလိုလားပါဘူးလို့ သူ့အမြင်ကို ရဲရဲဝံ့ဝံ့ထုတ်ဖော်ပြောကြားထားသူတစ်ယောက် လည်းဖြစ်ပါတယ်။

မင်းသမီးဟာ သူ့ရဲ့ နောက်ဆုံးထွက်ရှိခဲ့တဲ့ ရုပ်ရှင်ကားဖြစ်တဲ့ "A Most Violent Year" ရုပ်ရှင်ကား ပရီမီးယားရှင်း ပွဲမှာ "ကျွန်မတို့ လုပ်ငန်းကြီး (ဟောလိဝုဒ်)မှာမတူ ညီကွဲပြားတဲ့ ပြဿနာတွေ အများကြီးရှိနေပါတယ်။ ဒါကို ကျွန်မအနေနဲ့ အခြေအနေတစ်ရပ်လို့ သာမန် ရှုမြင်လို့ မရပါဘူး။ ကျွန်မက လုပ်ငန်းရဲ့ အစိတ်အပိုင်းတစ်ရပ်ဖြစ်တာမို့ ပြဿနာရဲ့ အစိတ်အပိုင်းတစ်ရပ်လို့လည်း ခံယူထားပါတယ်"လို့ ပြောကြားခဲ့ပါတယ်။ ဒ့ါအပြင် မင်းသမီးက ဟောလိဝုဒ်မှာ အမျိုးသမီးဒါရိုက်တာနဲ့ ဓာတ်ပုံပညာရှင် သုံးရာခိုင်နှုန်းအထိ ပါဝင်နေတာကိုလည်း ထောက်ပြပေးခဲ့ပြီး အချို့အာရှ-အမေရိက ကပြားတွေ ရုပ်ရှင်လုပ်ငန်းမှာ အခုထိ နေရာမရသေးတာကလည်း ဟောလိဝုဒ်မှာရှိတဲ့ ပြဿနာတွေထဲက တစ်ခုလို့ ဆိုချင်ပါတယ်။

ခရစ္စတန်ဟာ နှစ်ပေါင်းတော်တော်ကြာ ရုပ်မြင်သံကြားလောကမှာ ကျင်လည်ခဲ့ပြီး ၂၀၁၁-၂၀၁၂ ဝန်းကျင်လောက်မှာတော့ ကမ္ဘာ့စာမျက်နှာမှာ ပရိသတ်များ၏ အထူးအာရုံစိုက်မှု ရရှိလာခဲ့တဲ့ မင်းသမီးတစ်လက် ဖြစ်လာခဲ့ပါတယ်။ သူ့ရဲ့ဘဝကို အောင်မြင်အောင် တွန်းပို့ပေးခဲ့တဲ့ ရုပ်ရှင်ဇာတ်ကားများကတော့ မင်းသား ဘရက်ပစ်ပါဝင်တဲ့ "The Tree of Life" ဇာတ်ကား၊ "The Debt" ကားများနဲ့ သူ့ရဲ့ဘဝမှာ ပထမဆုံးအကြိမ် အော်စကာ ဆန်ခါတင်ဆုစာရင်းဝင်ခဲ့တဲ့ "The Help" ဇာတ်ကားများပဲဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်မှာတော့ အိုစမာဘင်လာဒင်ကို သုတ်သင်ခဲ့တဲ့အကြောင်း ရိုက်ကူးထားတဲ့ "The Zero Dark Thirty" ကားမှာ ဒုတိယအကြိမ်အဖြစ် အော်စကာဆန်ခါတင်ဆုစာရင်းမှာ ထပ်မံပါဝင်နိုင်ခဲ့ပါတယ်။ ဒီအကြောင်းနဲ့ပတ်သက်ပြီးလည်း အခုလို ဇာတ်လမ်းကောင်းတွေ ရိုက်ကူးနိုင်ခဲ့တာဟာ ကံကောင်းမှုတစ်ရပ်ဖြစ်ပြီး ဆေးစက်ကျရာ အရုပ်ထင်ရတဲ့ ဇာတ်ကောင်စရိုက်တွေထဲကမှ ဘဝအကြောင်းကို သင်ကြားရတာကိုလည်း ကြိုက်နှစ်သက်ပါတယ်လို့ ဆိုခဲ့ပါတယ်။



တစ်ခါတလေမှာတော့ သူဟာ သူ့အတွေးတွေနဲ့ပဲ လုံးလည်ချာလည် လိုက်နေတတ်ပြီး ရုပ်ရှင်ကြည့်တဲ့အခါ မင်းသားကို အသားပေးတဲ့ ဇာတ်ကား ၂၀ မှာ မင်းသမီးအသားပေး ဇာတ်ကားနှစ်ကားလောက်ပဲ ပါဝင်တဲ့အပေါ်မှာ ကျေနပ်မှုမရှိဘဲ ဒီအခြေအနေကို ပြောင်းလဲပစ်ဖို့ လိုလားပါတယ်လို့ ဆိုပြန်ပါတယ်။ ပြောင်းတယ်လို့ ပြောပေမယ့်လည်း အတွင်းကျကျ မပြောင်းနိုင်သေးဘဲ အခုထိ လိင်ပိုင်းဆိုင်ရာ၊ လူမျိုးရေးဆိုင်ရာ၊ ဘာသာစကားဆိုင်ရာတို့ အားလုံးမှာ ယတိပြတ်ပြောင်းလဲနိုင်ခြင်းမရှိသေးဘူးလို့ ဟောလိဝုဒ်ရဲ့ အားနည်းချက်တွေကို ဝေဖန်ခဲ့သူဖြစ်ပါတယ်။

သူရိုက်ခဲ့တဲ့ ဇာတ်ကောင်စရိုက်တွေမှာ ပျော်ဝင်နစ်မြုပ်ပြီး သရုပ်ဆောင်တတ်သူ၊ ဇာတ်ကောင်တစ်ခုနှင့်တစ်ခု လုံးဝကွဲပြားအောင် တင်ဆက်နိုင်သူတစ်ယောက် လည်းဖြစ်ပါတယ်။ သူ့ရဲ့ ပရော်ဖက်ရှင်နယ်ဘဝမှာ လက်ကိုင်ထားတဲ့ ယုံကြည်ချက်တစ်ခုက "ကျွန်မအနေနဲ့ အလုပ်လုပ်ဖို့ လိုအပ်တယ်လို့ ယုံကြည်တဲ့ တစ်ခု တည်းသော အကြောင်းတရားက ကျွန်မမှာ အလုပ်တွေ အများကြီးလုပ်နိုင်တဲ့ စွမ်းအားတွေ ရှိနေတယ်။ရှေ့လျှောက်လည်း ဒီထက်များပြားတဲ့ အလုပ်တွေကို ဆက်လုပ်နေဦးမှာဖြစ်ပြီး အလုပ်လုပ်နေရတာကိုပဲတကယ်ကို နှစ်သက်နေမိတယ်"လို့ ဆိုခဲ့ပါတယ်။

ခရစ္စတန်က ဟောလိဝုဒ်ရဲ့ ကြယ်ပွင့်ဖြစ်နေပေမယ့်လည်း ကျော်ကြားမှုဆိုတာ စကားလုံးသက်သက်ပဲဖြစ်ပြီး ဘဝရဲ့ အဓိကအရာတွေကို ပြောင်းလဲပေးနိုင်တဲ့အရာမဟုတ်ဘူးလို့ ခံယူချက်ထားသူဖြစ်တဲ့အတွက် ကမ္ဘာအနှံ့ သွားရောက်လည်ပတ်ကာ သာမန်အရပ်သူတစ်ဦးလိုပဲ ပြုမူနေထိုင်စားသောက်တတ်သူဖြစ်ပါတယ်။

မေသက်ဝင်း စုစည်းသည်

မြန်မာပြည်ရဲ့ ပထမဆုံးသော Photo Model သင်တန်းဖွင့်

တက်သစ်စအနုပညာရှင်များတောင်းဆိုနေသည့် Photo Model သင်တန်းကို Focus Online Entertainment က ဇန်နဝါရီ ၁ ရက် ညနေ ၄ နာရီတွင် စတင်ဖွင့်လှစ်ကြောင်း Focus Online Entertainment မှ ဒါရိုက်တာ ညိုမင်းခန့်က ပြောသည်။

အဆိုပါသင်တန်းမှတစ်ဆင့် ဓာတ်ပုံရိုက်ကူးတော့မည့် မော်ဒယ်များ သိသင့်သိထိုက်သည့်အချက်အလက်များကို သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"မော်ဒယ်တစ်ယောက်ရဲ့ခံယူချက်၊ ဓာတ်ပုံသဘောတရား၊ မီးအလင်းအမှောင်၊ မျက်လုံးအကြည့်၊ ဓာတ်ပုံမှာ ပေါ်လွင်စေမယ့် ကိုယ့်ရဲ့အားသာချက်၊ အားနည်းချက်၊ Bone Structure အလိုက် ပြုမူသင့်တဲ့ ကိုယ်နေဟန်ထားတွေ၊ ဖက်ရှင်ရွေးချယ်မှု၊ ဆံပင်မိတ်ကပ်စတဲ့ ရွေးချယ်မှုတွေ၊ Professional Photo Model တစ်ယောက်တတ်ကျွမ်းရမယ့် အချက်အလက်တွေကို သင်ကြားပို့ချပေးသွားမှာ ဖြစ်ပါတယ်"ဟု ဒါရိုက်တာ ညိုမင်းခန့်က ပြောသည်။

"အနုပညာကို စိတ်ဝင်စားနေတဲ့ ညီငယ်ညီမငယ်တွေအတွက် ဓာတ်ပုံရိုက်ကူးတဲ့အခါ အခက်အခဲတွေအများကြီးရှိနေတာတွေ့ရတယ်။ ကြော်ငြာ၊ မဂ္ဂဇင်းတွေအတွက် ရိုက်ကူးတဲ့အခါမှာလည်း လိုချင်တဲ့ပုံစံမရလို့ အသစ်တွေကို မြေတောင်မမြှောက်ပေးသင့်တာတွေ တွေ့မြင်နေရတယ်" ဟု ၎င်းက ပြောသည်။

ဆက်လက်၍ ၎င်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့်ပတ်သက်၍ "အနုပညာလောကထဲ ဝင်တော့မယ်ဆိုရင် ဓာတ်ပုံနဲ့ပတ်သက်တဲ့ အချက်အလက်တွေ ကောင်းကောင်းသိဖို့လိုပါတယ်။ ဒါကြောင့် အချိန်တိုအတွင်း Photo Model တစ်ယောက် တတ်ကျွမ်းသင့်တဲ့အချက်တွေကို သင်ပေးမှာဖြစ်သလို ဓာတ်ပုံရိုက်ကူးမှုအတွက်လည်း လက်တွေ့သင်ကြားပို့ချပေးသွားမှာဖြစ်ပါတယ်။ ဒီသင်တန်းက ထူးချွန်တဲ့သူတွေကို Focus Online Entertainment က ထုတ်ဝေတဲ့ Focus Online မဂ္ဂဇင်းနဲ့ ကျန်တဲ့မဂ္ဂဇင်းတွေမှာလည်း ရိုက်ကူးပေးသွားမှာဖြစ်ပါတယ်"ဟု ပြောသည်။

ယခုဖွင့်လှစ်လိုက်သည့် Photo Model သင်တန်းမှာ အပတ်စဉ်(၁)ဖြစ်ပြီး တန်းခွဲတစ်ခုတွင် သင်တန်းသား ၁၀ ဦးသာ လက်ခံသင်ကြားပေးမည်ဖြစ်ကာ သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာ ဆေးမင်ကြောင်ပွဲတော် ဗင်နီဇွဲလားတွင်ကျင်းပ

ခန္ဓာကိုယ်တွင် ဆေးမင်ကြောင်ထိုးခြင်း၊ ကိုယ်ခန္ဓာအစိတ်အပိုင်းများကို ဖောက်ထွင်း၍ အလှဆင်ခြင်းစသည့် ခန္ဓာကိုယ်ကို ထူးခြားစွာ အလှဆင်ခြင်းကို နှစ်သက်သူများက ဗင်နီဇွဲလားနိုင်ငံမြို့တော် ကယ်လာကက်စ်၌ ဗင်နီဇွဲလား ဆေးမင်ကြောင်ညီလာခံကို ပြီးခဲ့သည့်သီတင်းပတ်က ကျင်းပခဲ့သည်။

ထိုပွဲတွင် ဂရင်းနစ်မှတ်တမ်းအရ ကမ္ဘာ့အကျယ်ဆုံး နားပေါက်ပိုင်ရှင် အဝေ့ယမ် ကယ်လာကိုင်ဝီသည် ကြာသပတေးနေ့က ကျင်းပခဲ့သော ယင်းညီလာခံတွင် တက်ရောက်ခဲ့ကြသော ထင်ရှားသည့်ပုဂ္ဂိုလ်များအနက် အကျော်ကြားဆုံးဖြစ်ခဲ့သည်။ သူ၏ နားပေါက်များအချင်းသည် လေးလက်မခွဲ (၁၀၉ မီလီမီတာ)ရှိကြောင်း သိရသည်။

ကိုင်ဝီက "ကျွန်တော့်နားပေါက်တွင် ဒီလောက်အရွယ်အစားအထိ ကျယ်လာအောင်လုပ်ဖို့ ၁၆ နှစ်ကြာခဲ့တယ်။ ဒါတစ်ညတည်းနဲ့ဖြစ်အောင် လုပ်နိုင်တဲ့အရာမဟုတ်ဘူး"ဟု ဂုဏ်ယူစွာပြောခဲ့သည်။

ယင်းပွဲတော်တွင် ကမ္ဘာတစ်ဝန်းမှ တက်တူးပညာရှင်ပေါင်း ၄၀၀ ကျော် ပါဝင်ခဲ့ပြီး သုံးရက်ကြာကျင်းပခဲ့သော ပွဲတော်ဖြစ်သည်။

နာမည်ကျော် ဗင်နီဇွဲလားတက်တူးပညာရှင် ယိုမီကို မော်ရီနိုက ယခုအချိန်တွင် လူအများက တက်တူးထိုးခြင်းကို အနုပညာတစ်ရပ်အဖြစ် စတင်လက်ခံလာနေပြီဖြစ်ကြောင်းနှင့် ဗင်နီဇွဲလားတွင် ဆေးမင်ကြောင်ထိုးခြင်းကို လက်ခံလာသူ ပိုမိုများပြားလာကြောင်း ပြောခဲ့သည်။

ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂-၂-၂၀၁၅ (တနင်္လာနေ့)

MRTV-4

၅:၀၀ ပဋ္ဌာန်းပါဠိတော်၊ ရတနသုတ်
၉:၄၅ အနုပညာမိုးကောင်းကင်
၁၀:၀၅ ခေတ်သစ်ပျိုမေ
၁၁:၀၅ သွားမယ် စားမယ် (The Pizza Company)
၁၂:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နတ်ဆေးသမားတော်" (အပိုင်း-၆၉)
၁၂:၄၀ ဓလေ့ရိုးရာ မမေ့သာ
၂:၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ပန်းနုသွေး" (အပိုင်း-၁၉)
၃:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိခင်နှစ်ဦးရဲ့ မေတ္တာ" (အပိုင်း-၁၁)
၅:၀၀ Deal or No Deal
၆:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိခင်နှစ်ဦးရဲ့ မေတ္တာ" (အပိုင်း-၁၂)
၇:၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ပန်းနုသွေး" (အပိုင်း-၂၀)
၈:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကျွန်တော့်ရဲ့နှလုံးသား" (အပိုင်း-၉၉)
၉:၀၀ The Chef
၉:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နတ်ဆေးသမားတော်" (အပိုင်း-၇၀)
၁၀:၂၀ အနုပညာမိုးကောင်းကင်
၄:၄၅ စိတ်နှလုံးချမ်းမြေ့ဖွယ်ရာ မဟာစည်သာသနာ့ရိပ်သာ

မြဝတီ

၆:၀၃ တရားတော်
၆:၂၅ ကိုယ်လက်လှုပ်ရှား အားကစား
၇:၂၅ သင့်အတွက်တစ်နေ့တာ
၈:၁၀ ရှေးဟောင်းသုတ
၈:၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
၉:၁၀ သူနှင့်သူ၏သီချင်းများ
၄:၀၅ တစ်ပတ်အတွင်း မွေးမြူရေးသတင်း
၄:၂၀ စိုက်ပျိုးသုတ
၄:၃၅ ဇာတ်လမ်းတို
၅:၀၅ သာယာသီကြွေးခေတ်ဆန်းတေး
၅:၁၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မာရီမာ(အပိုင်း-၁၀၂)
၅:၂၂ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကြမ္မာခါးခါး (အပိုင်း-၃၂)
၆:၂၀ သံစဉ်လမ်းကလင်းလက်ကြယ်
၇:၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပန်းခူးသူ ဆူးစူးပါစေ" (အပိုင်း-၉) -ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင် -မေးမြန်းစူးစမ်း -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဘဝအားမာန်" (အပိုင်း-၄၅)

Entertainment Channel

၆:၀၀ အဖွင့် -ချင်းပြည်နယ်ခရီးသွားမှတ်တမ်း (အပိုင်း-၃)
၆:၃၀ ဝတ်မှုံတေးဂီတအဖွဲ့ဖျော်ဖြေခန်း (အပိုင်း-၁)
၆:၄၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ဒဏ္ဍာရီထဲက တေးကဗျာ" (အပိုင်း-၂၃)
၇:၁၀ ဝတ်စားဆင်ယင်မှုပြပွဲ
၇:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ခေတ်တစ်ခေတ်ရဲ့ကြေးမုံသွင်" (အပိုင်း-၄၅)
၈:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ခေတ်တစ်ခေတ်ရဲ့ ကြေးမုံသွင်" (အပိုင်း-၄၆)
၈:၅၀ တေးဂီတအစီအစဉ်
၉:၀၅ ပြည်သူ့နီတိ "ကိုယ့်ကိစ္စမဟုတ်ဘူး"
၉:၂၅ COLOURS OF ASEAN (Indonesia)
၉:၃၀ ASEAN CLUTURAL FAIR 2014(Indonesia Music Show)
၉:၄၅ တေးဂီတအစီအစဉ်
၁၀:၀၀ မြန်မာဗီဒီယိုဇာတ်လမ်း "ကပွဲယလေး" (နေယံ၊ ခိုင်သင်းကြည်၊ မေကဗျာ) (ဒါရိုက်တာ- သန့်ဇင်အောင်)
၁၂:၀၀ အစီအစဉ်ပြီး၏။

တစ်နေ့(၆)နာရီစာ(၄)ကြိမ် ပြသပါမည်။

mitv

MYANMAR INTERNATIONAL
Programme Schedule
(2-2-2015)(Monday)

- Tapestry-A Unique Combination of Painting and Craftsmanship
- Ngapali, Unique Spot To Relax
- Culture Shows: Composer Ma Mya Lay
- Myanmar Puppet
- Taste of Myanmar “Kho Taung Noodle Soup”
- Singapore Myanmar Bilateral Ties
- Youth Filmmaker: Lwin Ko Ko Oo
- Shin Ma Taung Thanakhar
- Today Myanmar “Online Shopping”
- Making of Nawarat Rings
- Shwe Maw Daw: The Glory of Bago City
- Tea
- Sagaing: Youth Leader
- Images of the Monks
- Myanmar Social & Charitable Association(Mingalar Byuha)

ရီးယဲလ်နောက်ခံလူ ပီပီအား မန်ယူနှင့် မန်စီးတီး အပြိုင်စိတ်ဝင်စား

အင်္ဂလန်ထိပ်သီးကလပ်အသင်းများဖြစ်ကြသည့် မန်ယူနှင့် မန်စီးတီးအသင်းတို့သည် ဇန်နဝါရီအပြောင်းအရွှေ့ဈေးကွက်မပိတ်သိမ်းမီကာလအတွင်း အသင်းခံစစ်ကိုအားဖြည့်ရန်အတွက် ရီးယဲလ်မက်ဒရစ်အသင်း၏ ပေါ်တူဂီနောက်ခံလူပီပီအားခေါ်ယူရန် အပြိုင်စောင့်ကြည့်နေကြောင်းသိရသည်။

မန်ယူအသင်းမှာ လာမည့်ဘောလုံးရာသီမတိုင်မီတွင် ထိပ်တန်းအဆင့်ရှိနောက်ခံလူတစ်ဦးကို မဖြစ်မနေခေါ်ယူရန်စီစဉ်နေပြီး ရီးယဲလ်မက်ဒရစ်အသင်းတွင် ခြေစွမ်းပြသနေသည့်ပီပီအား စိတ်ဝင်စားလာခြင်းဖြစ်သည်။ လက်ရှိအချိန်တွင် မန်ယူအသင်းမှာ ပီပီအပြင် ဒေါ့မွန်နောက်ခံလူ ဟမ်းမဲလ်ကိုပါခေါ်ယူရန် ဆန္ဒရှိနေပြီး ၎င်းတို့နှစ်ဦးအနက်မှတစ်ဦးအား အသင်းသို့မဖြစ်မနေအရောက်ခေါ်ယူသွားဖွယ်ရှိကြောင်း ဗြိတိန်သတင်းစာ Mirror က ဖော်ပြခဲ့သည်။

ထို့ပြင် မန်စီးတီးအသင်းမှာလည်း အရည်အသွေးမြင့်နောက်ခံလူတစ်ဦးကို ခေါ်ယူရန်စီစဉ်နေကြောင်းသတင်းများထွက်ပေါ်လာခဲ့ပြီးနောက် ပီပီအား မန်ယူအသင်းနှင့်အပြိုင်စောင့်ကြည့်နေကြောင်း ဗြိတိန်မီဒီယာများကဖော်ပြခဲ့ကြသည်။ အသက်(၃၁)နှစ်အရွယ်ရှိ ပေါ်တူဂီလက်ရွေးစင်နောက်ခံလူပီပီမှာ ၂၀၀၇ ခုနှစ်မှစတင်ကာ ရီးယဲလ်အသင်းအတွက်ပါဝင်ကစားခဲ့သူဖြစ်ပြီး ပွဲပေါင်း ၆၀ ကျော်ကစားကာ သုံးဂိုးသွင်းယူခဲ့သူဖြစ်ကြောင်း သိရသည်။

(ကိုရဲ)

ဝိုင်းပွဲ့ခြင်းလုံးခတ်ပြိုင်ပွဲနှင့် ဝိုင်းပွဲ့စွမ်းရည်ပြ အလှခတ်ပြိုင်ပွဲဆုပေးပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁

မြန်မာ့ခြင်းလုံးအားကစား အဆင့်အတန်း တိုးတက်မြင့်မားလာစေရန်၊ မျိုးဆက်သစ်အားကစားသမားများ ပိုမိုပေါ်ပေါက်လာစေရန်နှင့် ထူးချွန်သောနိုင်ငံကိုယ်စားပြု အားကစားသမားများ ပေါ်ထွန်းလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် အားကစားဝန်ကြီးဌာနက ကြီးမှူး၍ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အသက်(၂၅) နှစ်နှင့်အောက် အမျိုးသား(၄)ပေါက်တန်း ဝိုင်းဖွဲ့အမှတ်ခတ်ပြိုင်ပွဲနှင့် အူရီဒူးဖလားဝိုင်းဖွဲ့စွမ်းရည်ပြ အလှခတ်ပြိုင်ပွဲ၊ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၃၁ ရက် နံနက် ၉ နာရီက လပွတ္တာမြို့နယ်ရှိ ရဲတံခွန်အားကစားခန်းမ၌ ကျင်းပသည်။

ဗိုလ်လုပွဲအပြီး ဆုပေးပွဲအခမ်းအနားဆက်လက်ကျင်းပရာ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်က အသက်(၂၅)နှစ်နှင့် အောက် အမျိုးသား(၄) ပေါက်တန်းဝိုင်းဖွဲ့အမှတ်ခတ်ပြိုင်ပွဲတွင် ဆုရရှိသော ပထမဆုရ ရန်ကုန်အသင်း၊ ဒုတိယဆုရ မြင်းခြံအသင်း၊ တတိယဆုရ Top star အသင်းတို့မှ အားကစားသမားများအားတစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများကိုလည်းကောင်း၊ လပွတ္တာမြို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဦးက အူရီဒူးဖလားဝိုင်းဖွဲ့စွမ်းရည်ပြအလှခတ်ပြိုင်ပွဲတွင် ဆုရရှိသော ပထမဆုရ Top star အသင်း၊ ဒုတိယဆုရ မကွေးတိုင်းဒေသကြီးအသင်း၊ တတိယဆုရ မန္တလေးတိုင်းဒေသကြီးအသင်းတို့မှ အားကစားသမားများအားတစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ပြိုင်ပွဲများတွင် တက်သစ်စအားကစားသမားဆုကို ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ကျော်နံပါတ်(၂) ရွှေသာအောင်၊ အတိုးတက်ဆုံး အားကစားသမားဆုကို မကွေးတိုင်းဒေသကြီးအသင်းမှ ကျော်နံပါတ်(၅) ရဝေအောင်၊ အကောင်းဆုံးအားကစားသမားဆုကို မြင်းခြံအသင်းမှ ကျော်နံပါတ်(၁) အောင်မိုးကျော်တို့က ရရှိသွားကြောင်းသိရသည်။

(ကြေးမုံ)

မွန်အမျိုးသားနေ့အထိမ်းအမှတ် လှေလှော်ပြိုင်ပွဲ ဆုချီးမြှင့်

မော်လမြိုင် ဖေဖော်ဝါရီ ၁

(၆၈)ကြိမ်မြောက် မွန်အမျိုးသားနေ့ အထိမ်းအမှတ်လှေလှော်ပြိုင်ပွဲကို ဇန်နဝါရီ ၃၁ ရက် နံနက် ၁၁ နာရီက မွန်ပြည်နယ် ရေးမြို့ သမိုင်းဝင်ရေးဟောင်းမြကန်သာကျုံးတော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။ အဆိုပါမြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၁၅ သင်း ယှဉ်ပြိုင်ကြသည့်အနက် ဝဲရက်ကျေးရွာအသင်းနှင့် အောင်မေတ္တာရပ်ကွက်အသင်းတို့ ဗိုလ်လုပွဲယှဉ်ပြိုင်လှော်ခတ်ရာတွင် အောင်မေတ္တာရပ်ကွက်အသင်းက နှစ်ပွဲပြတ်အနိုင်ရဗိုလ်စွဲသွားခဲ့သည်။

ဆက်လက်၍ ဆုပေးပွဲကျင်းပရာ မြို့နယ်ရဲမှူး မြင့်သော်က စတုတ္ထဆုရသော ကျောက်မိချောင်းကျေးရွာအသင်းနှင့် အားကစားသမားများအားလည်းကောင်း၊ မွန်အမျိုးသားနေ့ဗဟိုကျင်းပရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ကျော်စိုးက တတိယဆုရရှိသော အောင်မင်္ဂလာရပ်ကွက်အသင်းနှင့် အားကစားသမားများအား ဒိုင်းဖလားကို လည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်နိုင်က ဒုတိယဆုရရှိသော ဝဲရက်ကျေးရွာအသင်းနှင့် အားကစားသမားများအား ဒိုင်းဖလားကိုလည်းကောင်း၊ အမှတ် (၁၉) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် ဒုတိယဗိုလ်မှူးကြီး လင်းထွဋ်စိုးက ပထမဆုရရှိသော အောင်မေတ္တာရပ်ကွက်အသင်းနှင့် အားကစားသမားများအား လည်းကောင်း ဒိုင်းဖလားနှင့်အတူဆုများချီးမြှင့်ပေးခဲ့ကြောင်းသိရသည်။

ထွဋ်ထွဋ်(ရေး)

ပရီမီယာလိဂ်ဖလား ချယ်လ်ဆီးအသင်းရနိုင်ကြောင်း ဟင်နရီပြောကြား

ချယ်လ်ဆီးအသင်းသည် ယခုနှစ်ပရီမီယာလိဂ်ပြိုင်ပွဲ၏ ဖလားလုဘက်အဖြစ် ရေပန်းစားနေသည့် မန်စီးတီးအသင်းအား ရှုံးနိမ့်ခြင်းမရှိဘဲ သရေရလဒ်ထွက်ပေါ်အောင် စွမ်းဆောင်နိုင်ခဲ့ခြင်းကြောင့် ချယ်လ်ဆီးအသင်းသည် ရာသီကုန်တွင် ပရီမီယာလိဂ်ဖလားရရှိနိုင်သည့်အသင်းဖြစ်ကြောင်း အာဆင်နယ်ကစားသမားဟောင်းတစ်ဦးဖြစ်သူ တယ်ရီဟင်နရီက ၎င်း၏ယုံကြည်ချက်ကို ထုတ်ဖော်ပြောကြားလိုက်သည်။

ချယ်လ်ဆီးအသင်းသည် ပရီမီယာလိဂ်၏ အဓိကပြိုင်ဘက်ဖြစ်သည့် လက်ရှိချန်ပီယံမန်စီးတီးအသင်းကို အိမ်ကွင်းစတမ်းဖို့ဘရစ်ချ်တွင် သရေကစားနိုင်ခဲ့ခြင်းကြောင့် ပရီမီယာလိဂ်အမှတ်ပေးဇယား၏ ဒုတိယနေရာက မန်စီးတီးအသင်းကို ငါးမှတ်ပြတ်ဖြင့် ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။

ယင်းပွဲစဉ်တွင် ချယ်လ်ဆီးအသင်းသည် ဒဏ်ရာရကစားသမား ဖိလစ်ပီလူးဝစ်နှင့် ပွဲပယ်ပြစ်ဒဏ်ကျခံထားရသည့် တိုက်စစ်မှူး ဒီယေဂိုကော်စတာတို့ မပါဝင်နိုင်ခဲ့ခြင်းကြောင့် လွိုက်ရီမီကို အထောင်တိုက်စစ်အဖြစ်အသုံးပြုကာ ဟာဇက်၊ ရာမီရက်စ်၊ မာတစ်၊ ဝီလီယံ၊ အော်စကာ၊ အက်ပီလီကူတာ၊ အိုင်ဗန်နိုဗစ်၊ ဂျွန်တယ်ရီ စသည့် ကစားသမားများကို ၄-၂-၃-၁ ပုံစံဖြင့် ပွဲထွက်ကစားစေခဲ့ပြီး မန်စီးတီးအသင်းသည်လည်း ယာယာတိုရေးနှင့် ဘိုနီတို့ ပါဝင်မကစားနိုင်ခဲ့ခြင်းကြောင့် အဂူရို၊ ဆေးလ်ဗား၊ ဂျိမ်းစ်မီနာ၊ ဖာနန်ဒို၊ ဖာနန်ဒင်ဟို၊ နာဗက်၊ ဒီမီချီလစ်၊ ကလစ်ချီ၊ ဆက်ဂ်နာ၊ ကွန်ပနီ စသည့် ကစားသမားများကို ၄-၂-၃-၁ မဟာဗျူဟာဖြင့် ပွဲထွက်ကစားစေခဲ့သည်။

အဆိုပါပွဲစဉ်သည် ပရီမီယာလိဂ်ပွဲစဉ်(၂၃)၏ ပြိုင်ဆိုင်မှုအပြင်းထန်ဆုံးပွဲစဉ်တစ်ပွဲဖြစ်ပြီး အမှားမခံဘဲ အကြိတ်အနယ်ကစားခဲ့ရာ ချယ်လ်ဆီးအသင်းက ပွဲကစားချိန် ၄၂ မိနစ်တွင် တိုက်စစ်မှူး လွိုက်ရီမီ၏ ဦးဆောင်ဂိုးဖြင့် အဖွင့်ဂိုးစတင်ရရှိခဲ့သော်လည်း ပထမပိုင်းပွဲကစားချိန် ၄၅ မိနစ်တွင် တိုက်စစ်မှူး အဂူရို၏ ဖန်တီးပေးမှုဖြင့် ကွင်းလယ်ကစားသမားဆေးလ်ဗားက မန်စီးတီးအသင်းအတွက် ချေပဂိုးပြန်လည်သွင်းယူပေးခဲ့သည်။

နှစ်သင်းစလုံးသည် ဒုတိယပိုင်းတွင် အနိုင်သုံးမှတ်အတွက် ခြေကုန်ထုတ်ကစားခဲ့သော်လည်း နောက်ထပ်သွင်းဂိုးများထပ်မံမသွင်းယူနိုင်ခဲ့ကြခြင်းကြောင့် တစ်ဖက်တစ်ဂိုးစီသရေဖြင့် ပွဲပြီးဆုံးကာ တစ်မှတ်စီသာ ရယူနိုင်ခဲ့ကြသည်။

(ငွေကြယ်)

မန်စီးတီးတိုက်စစ်မှူးဇက်ကို ဖီနာဘာချီအသင်းသို့ ပြောင်းရွှေ့မည်ဆိုသည့်သတင်းများ ထွက်ပေါ်

ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်း၏ တိုက်စစ်မှူး ဇက်ကိုသည် ယခုနှစ်ဘောလုံးရာသီတစ်ရာသီလုံးတွင် သွင်းဂိုးလေးဂိုးသာ သွင်းယူနိုင်ခဲ့ခြင်းကြောင့် မန်စီးတီးအသင်းက တိုက်စစ်မှူးဘိုနီအားခေါ်ယူလိုက်ရာ ဘိုနီရောက်ရှိလာခြင်းကြောင့် မန်စီးတီးအသင်းနှင့်အတူ ပုံမှန်ပွဲထွက်ခွင့်ပျောက်ဆုံးရဖွယ်ရှိနေသည်။ ထို့ကြောင့် ဖီနာဘာချီအသင်းက တိုက်စစ်မှူးဇက်ကိုအား ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိပြီး ပြောင်းရွှေ့ကြေးပေါင် ၁၂ သန်းဖြင့် ခေါ်ယူရန်ကမ်းလှမ်းထားကြောင်းသိရသည်။

ဖီနာဘာချီအသင်းဥက္ကဋ္ဌအနေဖြင့် ဘော့စနီးယားကြယ်ပွင့်ဇက်ကိုအား ပြောင်းရွှေ့ကြေးပေါင် ၁၂ သန်းပေးရန်စီစဉ်ထားပြီး မန်စီးတီးအသင်းကမူ တိုက်စစ်မှူး ဘိုနီရောက်ရှိလာသော်လည်း တိုက်စစ်မှူးဇက်ကိုအား ရောင်းချရန်အတွက်မူ လာမည့်နွေရာသီအပြောင်းအရွှေ့အထိစောင့်ဆိုင်းမည်ဖြစ်ကြောင်းသိရသည်။

ယခုနှစ်ဘောလုံးရာသီတွင် ပုံမှန်ပွဲထွက်ခွင့်ပျောက်ဆုံးနေသည့်အပြင် ဇန်နဝါရီ ၃၁ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ချယ်လ်ဆီးအသင်းနှင့် ပွဲစဉ်တွင်လည်း နောက်ပိုင်းမိနစ်ရောက်မှသာ လူစားဝင်ရောက်ကစားခဲ့ရသည်။

မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

နေပြည်တော်နေ
ဗိုလ်မှူးချုပ်စိုးရှိန်(ငြိမ်း)-ဒေါ်အေးအေးစန်း (မြင့်မိုရ်နန်းဟိုတယ်)တို့၏ တစ်ဦးတည်းသောသား
ဒေါက်တာရဲထက်အောင် M.B.,B.S (Ygn)
ဆုပြည့်(၂၄)နာရီအထွေထွေရောဂါအထူးကုဆေးခန်း၊ သွားနှင့်ခံတွင်း အထူးကုဆေးခန်း
နှင့်
ရန်ကုန်မြို့နေ
ဦးထွန်းထွန်းဝင်း-ဒေါ်ချိုချိုတို့၏ တစ်ဦးတည်းသောသမီး
ဒေါက်တာဇင်သူသူထွန်း (အလုပ်သင်ဆရာဝန်-ရန်ကုန်ကလေးဆေးရုံကြီး)

တို့၏ ၂၉-၁-၂၀၁၅ရက်နေ့ မြောက်ဥက္ကလာပမြို့နယ် တရားရုံးတွင် မင်္ဂလာလက်ထပ်စာချုပ်လက်မှတ်ရေးထိုးပေးပါသော မြောက်ဥက္ကလာပမြို့နယ် တရားသူကြီး ဦးမိုးဝေ၊ မဇ္ဈိမပဋိပဒ္ဓာသဒ္ဓမ္မရံသီရိပ်သာတွင် ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ကြသော နှစ်ဖက်သောမိဘများနှင့် မောင်နှမဆွေမျိုးသားချင်းများအားလည်းကောင်း၊ ၃၁-၁-၂၀၁၅ရက်နေ့တွင် SKY STAR HOTEL ၌ ကျင်းပသော မင်္ဂလာညည့်ခံပွဲအခမ်းအနားသို့ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှ အကြီးအကဲများ၊ မိတ်ဆွေအပေါင်းအသင်းများအားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးကြပါသော နှစ်ဖက်သော မိဘဆွေမျိုးအပေါင်းအသင်းများ၊ စစ်ဘက်နယ်ဘက်မှ အကြီးအကဲများနှင့်ဇနီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့်ဇနီးများ၊ လုပ်ဖော်ကိုင်ဖက်အပေါင်းအသင်းများနှင့် သူငယ်ချင်းများအားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီးဒေါ်ခင်သက်ဌေး၊ မင်္ဂလာလက်ထပ်လက်စွပ်နှင့် မင်္ဂလာဆွဲကြိုးများဆင်မြန်းပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့်ဇနီးများအား လည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ကိုခိုင်မြဲသာ၊ မင်္ဂလာအခါတော် ပေးသီချင်းသီဆိုပေးပါသော အဆိုတော် ဒေါ်ရီရီသန့်၊ မင်္ဂလာတေးသီချင်းများအား သီဆိုဖျော်ဖြေညည့်ခံ ပေးပါသော The Aces တေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ မင်္ဂလာပန်းများကြဲဖြန့်ပေးပါသော မောင်စစ်ဇွဲဇင်နှင့် မအိမ့်သန္တာဦး၊ မင်္ဂလာအောင်စံပယ်ပန်းကုံး၊ မင်္ဂလာလက်စွပ်၊ မင်္ဂလာဆွဲကြိုးကလပ်များ ကိုင်ဆောင်ပေးပါသော မရှင်းထင်ထင်၊ မဂျင်နီအေးမောင်၊ မမေမြတ်နိုးခင်၊ မင်္ဂလာသတို့သားအရံများ ဖြစ်ကြသော ဒေါက်တာဝေဖြိုးမင်းနှင့် မောင်ခန့်ကျော်ထက်၊ မင်္ဂလာသတို့သမီးအရံများဖြစ်ကြသော ဒေါက်တာဆွေကြည်အေးဝင့်သူနှင့် မဇင်မြင့်မိုရ်၊ မင်္ဂလာဝတ်စုံချုပ်လုပ်ဆင်မြန်းပေးပါသော မဉမ္မာ (လှည်းတန်း)နှင့် ညီအစ်မများ၊ မိတ်ကပ်နှင့်ဆံပင်အလှပြင်ပေးပါသော ခင်စန်းဝင်း (မိတ်ကပ်၊ ဆံပင်) အဖွဲ့နှင့် ဉာဏ်ဉာဏ်(လှည်းတန်း) အဖွဲ့တို့အားလည်းကောင်း၊ ပန်းအလှဆင်မြန်းပေးပါသော ဦးခင်မောင်ဝင်း (Florist)၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ပေးပါသော ဦးမင်းခန့်ကျော် (Excellent king)နှင့် SKY NET ဝိုင်းတော်သားများ၊ ကားအလှဆင်မြန်းပေးသော သီတဂူကားအလှပြင်ဆိုင်၊ မင်္ဂလာညည့်ခံပွဲ အခမ်းအနားအား အဆင်ပြေချောမွေ့စွာ ကျင်းပနိုင်ရန်အတွက် စိတ်ရောကိုယ်ပါ အားတက်သရော ဝိုင်းဝန်းကူညီလုပ်ဆောင်ပေးကြသော SKY STAR HOTEL မှ တာဝန်ရှိသူများ၊ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ကိုယ်ရောစိတ်ပါ ဝိုင်းဝန်းကူညီပေးခဲ့သော ကျေးဇူးတင်ထိုက်သူအပေါင်းတို့ကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးအထူးတင်ရှိပါသည်။

နှစ်ဖက်သော မိဘများနှင့်
ဒေါက်တာရဲထက်အောင်-ဒေါက်တာဇင်သူသူထွန်း

၁၈ ဘီးတွဲယာဉ် အရှိန်လွန်၍ လမ်းဘေးချောက်ထဲ ထိုးကျ

ဘားအံ ဖေဖော်ဝါရီ ၁

ကရင်ပြည်နယ် ဘားအံမြို့နယ် ဝါးပိုးတောလမ်းဆုံ၌ ၁၈ ဘီးတွဲယာဉ်တစ်စီး အရှိန်လွန်တိမ်းမှောက်မှု ဇန်နဝါရီ ၃၀ ရက် ည ၁၁ နာရီခွဲက ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဘားအံ-သထုံကားလမ်း မိုင်တိုင်အမှတ် (၁၃/၄) တံတားအမှတ် (၁၄/၁) ဝါးပိုးတောလမ်းဆုံအနီး ဘားအံဘက်မှသထုံဘက်သို့ ယာဉ်မောင်း ကျော်ဇေယျာသိန်း(၂၃)နှစ် အိုးဇရပ်ရပ်ကွက် ဆားလင်းကြီးမြို့နယ်နေသူမောင်းနှင်ပြီး ဇော်မင်းထိုက်(၃၁)နှစ် ကျုံခရိုင်ကျေးရွာ ဖျာပုံမြို့နယ်နေသူ ယာဉ်နောက်လိုက်အဖြစ်လိုက်ပါလာသော ကုန်ပစ္စည်းလေးမျိုး သယ်ဆောင်လာသည့် UD အမျိုးအစား ခေါင်းအဝါရောင် (၁၈) ဘီးတွဲယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက်ခြမ်း အနက် ခုနစ်ပေခန့်ရှိ ချောက်ထဲသို့တိမ်းမှောက်သွားခဲ့ပြီး ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်တို့ ဒဏ်ရာရရှိခဲ့ခြင်းမရှိကြောင်း သိရသည်။

အမှုနှင့်ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း ကျော်ဇေယျာသိန်းအား ဥပဒေအရ အရေးယူပေးပါရန် မြိုင်ကလေးရဲကင်းစခန်းမှူး ဒုရဲအုပ်စိုးခိုင်က တရားလိုပြုလုပ်တိုင်တန်းသဖြင့် ဘားအံမြို့မရဲစခန်းတွင်အမှုဖွင့်ထားကြောင်းသိရသည်။

ထွန်းထွန်းထွေး(ဘားအံ)

စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဖေဖော်ဝါရီ ၁

မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၃၁ ရက် နောင်ချိုမြို့အဝင် အေးရှားဝေါလ်တိုးဂိတ်အနီးတွင် မူဆယ်မှ မန္တလေးဘက်သို့ နေထွန်းအောင် မောင်းနှင်ပြီး တက်တိုးလိုက်ပါလာသည့် မော်တော်ဆိုင်ကယ်အားရှာဖွေရာထိုင်ခုံအောက်ဆီကန်နောက်တွင် တိပ်ဖြင့်ပတ်၍ သို့ဝှက်ထားသည့် အပြာရောင်ပလတ်စတစ် အိတ်ငယ်များအတွင်း စိတ်ကြွရူးသွပ်ဆေးပြား ၂၈၅၀ သိမ်းဆည်းရမိသဖြင့် နေထွန်းအောင် (၃၃)နှစ်နှင့် တက်တိုး(၂၉)နှစ်တို့ နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူ ဇန်နဝါရီ ၃၁ ရက်က မူးယစ်တပ်ဖွဲ့စု (၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျောက်မဲမြို့နယ် နားအိုက်ခန့်ကျေးရွာနေ မနန်းနွန်၏နေအိမ်ကိုရှာဖွေရာ အိပ်ရာခေါင်းအုံးအောက်ရှိ စက္ကူထုပ်အတွင်းမှ ပလတ်စတစ်အိတ်ဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၅၄၆၀သိမ်းဆည်းရမိသည်။

ဆက်လက်၍ ပူးပေါင်းအဖွဲ့သည် တစ်ရွာတည်းနေ အိုက်ခမ်း၏ နေအိမ်ကို ဆက်လက်ရှာဖွေရာ ၎င်းဝတ်ဆင်ထားသည့် ဘောင်းဘီရှည်အိတ်အတွင်းမှ ကြွပ်ကြွပ်အိတ်ဖြင့် ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၁၀ ပြား သိမ်းဆည်းရမိသဖြင့် မနန်းနွန်(၄၅)နှစ်နှင့် အိုက်ခမ်း(၁၈)နှစ်တို့ နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(မူးယစ်ဗဟို)**

နေထွန်းအောင်နှင့် တက်တိုးတို့နှစ်ဦးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။



အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ The Global New Light Of Myanmar သတင်းစာတိုက်မှ ထွက်ရှိသောဘေးထွက် ပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစနစ်တို့၏အသေးစိတ်အချက်အလက်များကို ၄-၂-၂၀၁၅ ရက်မှ ၆-၂-၂၀၁၅ရက်အထိ နေ့စဉ် ၉း၃၀နာရီမှ ၁၆း၀၀နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၆-၂-၂၀၁၅ရက်၊ ၁၂း၀၀နာရီမတိုင်မီအတွင်း The Global New Light Of Myanmar သတင်းစာတိုက်ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်သို့ လာရောက်ပေးပို့ပါရန် ဖြစ်ပါသည်။
သတ်မှတ်အချိန်ထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အဆိုပါဘေးထွက်ပစ္စည်း အမျိုး၊ အမည်၊ အရေအတွက်နှင့် ပစ္စည်းမျက်မြင်အနေအထား ကြည့်ရှုလိုသူများနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက The Global New Light Of Myanmar သတင်းစာတိုက်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး ဖုန်း-၀၁-၈၆၀၄၅၃၀၊ ၀၁-၈၆၀၄၅၃၂ တို့ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရေးအဖွဲ့
The Global New Light Of Myanmar သတင်းစာတိုက်
အမှတ်(၁၅၀)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာန
နေပြည်တော်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာနတို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ ဇီဝဗေဒဘာသာ သင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲ
သိမှတ်ဖွယ်ရာ ဇီဝဗေဒဘာသာ

၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဇီဝဗေဒအထောက်အကူပြု သိကောင်းစရာများ အဖြစ်
(၁) ဇီဝဗေဒဘာသာရပ်မေးခွန်းသဘောတရား
(၂) မေးခွန်းများအလိုက် အမှတ်ခွဲဝေပုံနှင့်
(၃) ဖြေဆိုသင့်သည့် ပုံစံများဆိုပြီး (၃)ပိုင်းခွဲပြီးဖော်ပြပါမယ်။

ဇီဝဗေဒဘာသာရပ်မေးခွန်းသဘောတရား

Grade 11 Biology ပြဋ္ဌာန်းစာအုပ်တွင်ပါရှိသော အခန်း (၁)မှ အခန်း (၁၂)အထိ သင်ခန်းစာများသည် ဇီဝဗေဒဘာသာရပ်ကို လေ့လာသင်ကြားနေသော ကျောင်းသူ ကျောင်းသားများအတွက် သိရှိနားလည်သင့်သည့် အကြောင်းအရာများကို အစီအစဉ်တကျ ပြဋ္ဌာန်းထားခြင်းဖြစ်ပါသည်။

ထို့ကြောင့် ဇီဝဗေဒမေးခွန်းသည်လည်း ပြဋ္ဌာန်းချက်၏ နားလည်မှုအပေါ်တွင် အခြေခံ၍ မေးမြန်းသည့် မေးခွန်းများဖြစ်ပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား/သူများကို အကြံပြုလိုသည်မှာ

(၁) ဇီဝဗေဒဘာသာရပ် Grade 11 Biology ပါ သင်ခန်းစာအားလုံးကို အခန်းတိုင်းကြေညက်စွာ နားလည်အောင် လေ့လာကျက်မှတ်ရန်။

(၂) Chapter တစ်ခုစီမှာပါတဲ့ သက်ဆိုင်သည့် ဝေါဟာရ (Terminology) များကို စာလုံးပေါင်းနှင့်တကွ သေချာစွာကျက်မှတ်ထားရန်

e.g. (1) A **seed** is a fertilized and mature **ovule**, consisting of an **embryo**, one or two **cotyledons** (seed leaves), and **seed coat**.

e.g. (2) Fruit formation in the absence of a **male gamete** is termed as **parthenocarpic**.

(၃) Diagrams (သရုပ်ဖော်ပုံများ)၊ word diagrams (စာဖြင့်သရုပ်ဖော်ပုံများ)နှင့် tables (ဇယားများ)ကို နားလည်သဘောပေါက်ရန်နှင့် စာကျက်တဲ့အခါ ရေးသားကျက်မှတ်ကြရန်ဆိုတဲ့ အဓိက (၃)ချက်ပဲ ဖြစ်ပါတယ်။

ပုံအညွှန်းများကိုမေးတဲ့အခါ ပြဋ္ဌာန်းစာအုပ်တွင် တစ်ပုံလုံး၏အညွှန်းများကို ဖော်ပြထားသော်လည်း မေးခွန်းမေးသည့်အခါ ပုံ၏အစိတ်အပိုင်းများခွဲ၍ အညွှန်းများကို လိုသလိုမေးလေ့ရှိပါသည်။

ပေးထားသောပုံ၏ စာညွှန်းနံပါတ်တစ်ခုအကြောင်း (ဥပမာ အစာခြေအဖွဲ့အစည်းပုံ၏ အစာအိမ်နေရာကို နံပါတ်စဉ် 4 လို့ ပေးထားပြီး state the nature of labeled number 4) လို့မေးခဲ့ရင် အစာအိမ်အကြောင်းဖြေဆိုရန် သိရှိရပါမည်။

Word diagram လို့ မေးခဲ့ရင် ဥပမာ Chapter (6) မှ General pattern of animal nutrition, summarized plant nutrition စသည်ဖြင့် မေးနိုင်ပါသည်။

Table များကိုမေးခဲ့ရင်လည်း ဇယားထိပ်မှာပါရှိတဲ့ Caption များကို မမေ့မလျော့ဖို့ လိုအပ်ပါသည်။

မေးခွန်းများအလိုက် အမှတ်ခွဲဝေပုံ

ဇီဝဗေဒဘာသာရပ်၏ မေးခွန်းပုံစံကို လေ့လာကြည့်မည်ဆိုလျှင်

1. True / False
2. Completion
3. Short Questions (2 Marks)
4. Short Questions (4 Marks)
5. Long Questions (8 Marks)

စသည်ဖြင့် သတ်မှတ်ထားပါသည်။

မေးခွန်းတစ်ခုစီမှာ သတ်မှတ်ထားတဲ့ အမှတ်အနေနဲ့ကြည့်မယ်ဆိုရင်-

No. 1 True / False အမျိုးအစားမှာ
(20) Statements → (1) mark for each statement (20 marks)

No. 2 Completion အမျိုးအစားမှာ
(20) Statements → (1) mark for each statement (1 × 20 = 20 marks)

မေးခွန်းနံပါတ် 1. (True / False) နှင့် နံပါတ် 2 (Completion) အမျိုးအစားမေးခွန်းများအတွက် ပြဋ္ဌာန်းစာအုပ်ပါ Chapter (12) ခုမှ statement (20) မေးပါမည်။

Chapter III, VII, X and XII မှ statement တစ်ခုစီအတွက် ၄ မှတ်
ကျန် Chapter ၈ခန်းမှ statement နှစ်ခုစီအတွက် 16 မှတ် ခွဲဝေမေးထားတာဖြစ်တယ်။

No. 3 (၂) မှတ်တန် Short Questions အမျိုးအစားမှာ
မေးခွန်းငယ် (a) to (f) ၆ ပုဒ်ပေးထားပြီး Answer ALL Questions လို့ ဖော်ပြထားတာကြောင့် (၆)ပုဒ်စလုံးဖြေဆိုရမယ်။ ဒါကြောင့် စုစုပေါင်း (2 × 6 = 12 marks) ရရှိမှာဖြစ်ပါသည်။

No. 4 (၄) မှတ်တန် Short Questions အမျိုးအစားမှာ ဆင့်ပွားမေးခွန်းငယ်တွေကို အောက်ပါအတိုင်း ခွဲဝေပေးထားပါသည်။

a.	Chapter I–IV	မှ	(၁) ပုဒ်
b.	Chapter V	မှ	(၁) ပုဒ်
c.	Chapter VI	မှ	(၁) ပုဒ် ၎င်းကို OR ခံပြီး
	Chapter VII	မှ	(၁) ပုဒ်
d.	Chapter VIII	မှ	(၁) ပုဒ် ၎င်းကို OR ခံပြီး
	Chapter IX	မှ	(၁) ပုဒ်
e.	Chapter X	မှ	(၁) ပုဒ် ၎င်းကို OR ခံပြီး
	Chapter XI	မှ	(၁) ပုဒ် ၎င်းကို ထပ်ဆင့် OR ခံပြီး
	Chapter XII	မှ	(၁) ပုဒ်

မေးခွန်းငယ်များအနက် Answer ANY FOUR Questions လို့ မေးထားသည့်အတွက် မိမိကြိုက်နှစ်သက်ရာ (၄) ပုဒ်ကိုဖြေဆိုရမှာ ဖြစ်ပါသည်။ စုစုပေါင်း (4 × 4 = 16 marks) ရရှိမည်ဖြစ်ပါသည်။

မေးခွန်း No. 5 (၈) မှတ်တန် Long Questions အမျိုးအစားမှာ မေးခွန်းငယ် (a) to (f) ဆိုပြီး (၆)ပုဒ်ပေးထားတယ်။ Answer ANY FOUR Questions လို့ ဖော်ပြထားတာကြောင့် မိမိကြိုက်နှစ်သက်ရာ (၄)ပုဒ်သာ ဖြေဆိုဖို့လိုအပ်တယ်။ စုစုပေါင်း (8 × 4 = 32 marks) မှတ် ရရှိမည်ဖြစ်ပါသည်။

မေးခွန်းနံပါတ် 5 **(8 Marks each)** အနေနဲ့ ဆင့်ပွားမေးခွန်းငယ်တွေကို အောက်ပါအတိုင်း ခွဲဝေမေးနိုင်ပါသည်။

a.	Chapter I–IV	မှ	(၁) ပုဒ်
b.	Chapter V	မှ	(၁) ပုဒ်
c.	Chapter VI	မှ	(၁) ပုဒ်
d.	Chapter VII	မှ	(၁) ပုဒ် ၎င်းကို OR ခံပြီး
	Chapter VIII	မှ	(၁) ပုဒ်
e.	Chapter IX	မှ	(၁) ပုဒ် ၎င်းကို OR ခံပြီး
	Chapter X	မှ	(၁) ပုဒ်
f.	Chapter XI	မှ	(၁) ပုဒ် ၎င်းကို OR ခံပြီး
	Chapter XII	မှ	(၁) ပုဒ် မေးထားတာကို တွေ့ရှိရပါလိမ့်မည်။

ထို့ကြောင့် အမှတ်အရေအတွက်နဲ့ကြည့်မယ်ဆိုရင်

No. 1	20 marks
No. 2	20 marks
No. 3	12 marks
No. 4	16 marks
No. 5	32 marks
စုစုပေါင်း (Total	100 marks ဖြစ်ပါတယ်။)

မေးခွန်းများကိုဖြေဆိုသင့်သည့်ပုံစံများ

မေးထားသောမေးခွန်း၏ Statement များကို သေချာစွာဖတ်ပါ။ မိမိသိရှိနားလည်သော အကြောင်းအရာနှင့် ကိုက်ညီမှုရှိပါက (TRUE) ဟုဖြေဆိုပေးရမည်ဖြစ်ပြီး မကိုက်ညီပါက (FALSE) ဟု ဖြေဆိုရမည်ဖြစ်ပါသည်။

e.g. 1. Plants which live for two years are biennials. (FALSE)

ကျောင်းသားအများစုက two years and two growing seasons ကို သေချာစွာ မသိသဖြင့် မှားယွင်းဖြေဆိုတတ်ပါသည်။

e.g. 2. Rabbits live in group and are frequently breeding **two times** a year. (FALSE)

four times အမှန်ကို two times နဲ့ မေးထားတဲ့အတွက် အဖြေက (FALSE) ဖြစ်ပါသည်။

No. 2 Completion

မေးခွန်းဝါကျတည်ဆောက်တဲ့အခါ မေးမြန်းလိုသည့်အကြောင်းအရာကို ကွက်လပ်ချန်ပြီး မေးမြန်းထားသည့်အတွက် နားလည်မှုအပြင် ကွက်လပ်ထဲမှာဖြည့်ရမည့် စာလုံးပေါင်းကိုပါ မှန်မှန်ဖြည့်ရပါမည်။

မှားတတ်သောစာလုံးပေါင်းများအနေဖြင့် meristematic, aleurone, nictitating, abcissin, heterozygous, detergents အစရှိတဲ့ စာလုံးတွေကိုရေးကျက်ပါ စာလုံးပေါင်းမှန်မှန်နဲ့ ရေးထည့်ပေးပါ။ Scientific names များကိုလည်း underline တားပေးမှ အမှတ်ပြည့်ရပါမည်။

No. 1 (True / False) နှင့် No. 2 (Completion) များ ဖြေဆိုရန်အတွက် အမှတ်စဉ်
(i မှ x) ပထမတန်းနှင့် (xi မှ xx) ဒုတိယတစ်တန်းယှဉ်လျှက် အမှတ်စဉ်မှန်ကန်အောင် ရေးထိုးပြီး အဖြေနှင့်နံပါတ်စဉ်မှန်ကန်ရန် သတိပြုသင့်ပါသည်။

No. 3 Answer ALL Questions (12 Marks) လို့ ဖော်ပြထားတဲ့ မေးခွန်းမျိုးမှာတော့- (a)-(f) (၆) ပုဒ်ပေးထားပြီး တစ်ပုဒ်ကို (၂)မှတ်အနေနဲ့ သတ်မှတ်ထားတဲ့ မေးခွန်းအမျိုးအစားပဲ ဖြစ်ပါတယ်။

တိုက်ရိုက်ခေါင်းစဉ်ကို မေးသည့်မေးခွန်းမျိုး

e.g. 1. Describe the **ventricles** in the brain of rabbit.

e.g. 2. State the purpose of water acting as **solvent**.

စာပိုဒ်ထဲမှာရှိသည့်စာကို နားလည်မှုရှိမရှိ ထုတ်နုတ်မေးသည့်မေးခွန်း

e.g. 3. Briefly state how the food in gathered in *Paramecium*. စသဖြင့် မေးနိုင်ပါသည်။

Answer: Two bands of penniculus, fused cilia gather the food at the posterior end of the cytopharynx in a vacuole of water.

No. 4 Answer ANY FOUR Questions (16) Marks မေးခွန်းတွင်

တိုက်ရိုက်မေးသောမေးခွန်းများ

e.g. 1. State the functions of the stem.

နားလည်မှုကို ထုတ်နုတ်မေးသောမေးခွန်းများ

e.g. 2. Describe the effect of temperature on the rate of photosynthesis. ဟု မေးမြန်းတတ်ပါ သဖြင့် မေးခွန်း၏ သဘောတရားကို နားလည်ရမည်ဖြစ်ပါသည်။

No. 5 Answer ANY FOUR Questions (32) Marks အတွက်

တိုက်ရိုက်မေးသောမေးခွန်းများ

e.g. 1. Explain about the balanced diet. အပြင်

နားလည်မှုကို ထုတ်နုတ်မေးသောမေးခွန်းများ

e.g. 2. Compare the fourth stage of epigeal and hypogeal germinations. စသည်ဖြင့် အမျိုးမျိုး ထုတ်နုတ်မေးနိုင်ပါသည်။

State, Define, Explain, Describe, Clarify, Name, List, Enumerate, Differentiate ဟုမေးလျှင် စာကို ထုတ်နုတ်ဖြေဆိုရန်လိုအပ်ပြီး

စာမျက်နှာ ၁၆ သို့ » »

»» စာမျက်နှာ ၁၅ မှ

– Provide labels to the given diagram ဆိုလျှင် ပေးထားသော ပုံ၏ အညွှန်းများကို ဖြေဆိုပေးရမည်ဖြစ်ပြီး

– Provide labels to the given diagram and state … ဟုမေးလျှင် ပုံအညွှန်းတပ်ပြီး မေးထားသည့် အကြောင်းအရာအတွက် စာကိုပါ ဖြေပေးရမည်ဖြစ်ပါသည်။

Give labelled diagram and state ဟုမေးလျှင် အညွှန်းပါပုံဆွဲပြီး အကြောင်းအရာနှင့် သက်ဆိုင်သည့် စာကိုပါ ဖြေရမည်ဖြစ်ပါသည်။

အခန်းရွေးချယ်ကျက်မှတ်မည့် ကျောင်းသား ကျောင်းသူများအနေဖြင့် သေချာကျက်မှတ်ဖြေဆိုနိုင်မည်ဆိုပါက

Chapter I to V အတွက်

No. 1	True False (i-ix)	-	(9)	marks
No. 2	Completion (i-ix)	-	(9)	marks
No. 3	Answer All Questions (a, b) (2 Marks Each)	-	(4)	marks
No. 4	Answer ANY FOUR Questions (a, b) (4 Marks Each)	-	(8)	marks
No. 5	Answer ANY FOUR Questions (a, b) (8 Marks Each)	-	(16)	marks
	Total		46	marks

ရရှိနိုင်မည်ဖြစ်ပါသည်။

Chapter I to VI အတွက်

No. 1	True False (i-xi)	-	(11)	marks
No. 2	Completion (i-xi)	-	(11)	marks
No. 3	Answer All Questions (a, b, c) (2 Marks Each)	-	(6)	marks
No. 4	Answer ANY FOUR Questions (a, b, c) (4 Marks Each)	-	(12)	marks
No. 5	Answer ANY FOUR Questions (a, b, c) (8 Marks Each)	-	(24)	marks
	Total		64	marks

ရရှိနိုင်မည်ဖြစ်ပါသည်။

Chapter I to VII အတွက်

No. 1	True False (i-xii)	-	(12)	marks
No. 2	Completion (i-xii)	-	(12)	marks
No. 3	Answer All Questions (a, b, c, d) (2 Marks Each)	-	(8)	marks
No. 4	Answer ANY FOUR Questions (a, b, c,) (4 Marks Each)	-	(12)	marks
No. 5	Answer ANY FOUR Questions (a, b, c, d) (8 Marks Each)	-	(32)	marks
	Total		76	marks

ရရှိနိုင်မည်ဖြစ်ပါသည်။

ရွေးချယ်ကျက်မှတ်ထားသည့်အခန်းများ ပိုင်နိုင်ကျေညက်ပြီး မေးခွန်းအားလုံး မှန်ကန်စွာဖြေဆိုနိုင်မှသာ အဲဒီအခန်းတွေအတွက် ခွဲဝေပေးထားတဲ့အမှတ်တွေ ရရှိနိုင်မှာဖြစ်တယ်။

ဂုဏ်ထူးမှတ်လွန်နှင့် အမှတ်ပြည့်ရလိုတဲ့ ကျောင်းသား/သူများအတွက်ကတော့ ပြဋ္ဌာန်းစာအုပ်ပါ Chapter 12 ခုလုံး ကျွမ်းကျင်ပိုင်နိုင်ဖို့ လိုအပ်ပါတယ်။

အကြံပြုတင်ပြချက်

ကျောင်းသားများ ခုံနံပါတ်ကို (မြို့နယ်သင်္ကေတအပါအဝင်) မှန်ကန်စွာနှင့် ပီပီပြင်ပြင် ရေးသားရန် လိုအပ်ပါသည်။

ကျောင်းသားအချို့သည် မေးခွန်းနံပါတ်များကို မှန်ကန်စွာတပ်၍ ဖြေဆိုနိုင်ခြင်းမရှိသည့်အပြင် အချို့အဖြေလွှာများတွင် ၎င်းတို့ဖြေဆိုသော အဖြေ၏နံပါတ်များ ရေးသားထားခြင်းမရှိကြောင်း တွေ့ရှိရပါသည်။

အညွှန်းတပ်ရန်မေးသော မေးခွန်းများအတွက် သက်ဆိုင်ရာနံပါတ်နှင့်ကိုက်ညီသော အဖြေမှန်များကို သေချာစွာစစ်ဆေးရပါမည်။ ဖြေဆိုထားသော အပုဒ်အရေအတွက်များသည် မေးမြန်းထားသည့် အပုဒ်များနှင့် ကိုက်ညီမှုရှိမရှိကို ပြန်လည်စစ်ဆေးရန်လိုအပ်ပါသည်။ စာဖြေရာတွင် တတ်နိုင်သမျှ မင်ကိုတစ်ရောင်တည်း၊ ဘောပင်အမျိုးအစားတစ်မျိုးတည်းသာ သုံးသင့်ပါသည်။ ကျောင်းသား ကျောင်းသူများအားလုံး စာမေးပွဲမှာ ထူးချွန်စွာဖြေဆိုအောင်မြင်ပါစေ။

ဒေါက်တာမဥ္ဇူမြင်း
ပါမောက္ခ(ဌာနမှူး)
သတ္တဗေဒ
ရန်ကုန်တက္ကသိုလ်

သံလွင်တံတား (ချောင်းဆုံ)မြစ်ကူးတံတား တည်ဆောက်ရေး မြေသန့်မင်္ဂလာကျင်းပ

ချောင်းဆုံ ဖေဖော်ဝါရီ ၁

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကညော်ကျေးရွာတွင် သံလွင်တံတား (ချောင်းဆုံ) မြစ်ကူးတံတား တည်ဆောက်ရေး မြေသန့်မင်္ဂလာ အခမ်းအနားကို ဇန်နဝါရီ ၃၁ ရက် နံနက် ၆ နာရီခွဲက ကျင်းပရာ ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ပြီး ချောင်းဆုံမြို့နယ် သံဃနာယကအကျိုးတော်ဆောင် ဆရာတော် ဦးဝါယမိန္ဒအရှင်သူမြတ်ထံမှ (၉)ပါးသီလခံယူကြသည်။ ယင်းနောက် ဆရာတော်များထံမှ သံလွင်မြစ်အတွင်း တည်ဆောက်မည့် ရေလယ်တိုင်နေရာနှင့် မြေနေရာတို့အား အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ချီးမြှင့်ခဲ့ပြီး လှူဖွယ်ဝတ္ထုပစ္စည်းများကို တာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းခဲ့သည်။

(မြို့နယ်ပြန်/ဆက်)

ကျွမ်းကျင်ယာဉ်မောင်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွက်လာစေရန် ယာဉ်မောင်းသင်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားလျက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးမှ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းအတွက် ချမှတ်ထားသည့် မူဝါဒ(၄)ရပ်နှင့်အညီ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာပြီး ဘေးအန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်မည့် ကျွမ်းကျင်ယာဉ်မောင်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ ယာဉ်မောင်းသင်တန်းကျောင်းများဖွင့်လှစ်၍ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး အခြေစိုက်အလုပ်ရုံအမှတ်(၁)မှ အင်ဂျင်နီယာမှူး ဦးဖေညွှန့်က “ယာဉ်မောင်းသင်တန်းတွေကို ပိတ်ရက်သင်တန်း (စနေ၊တနင်္ဂနွေ)နဲ့ ဖွင့်ရက်သင်တန်း ဆိုပြီး နှစ်မျိုးဖွင့်ပါတယ်။ အဓိက ကျွန်တော်တို့ ရည်မှန်းချက်က ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းကင်းရှင်းရှင်း မောင်းနှင်နိုင်ဖို့နဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေရဖို့ အတွက်ပါ။ အခုဖြစ်နေတာက မသိလို့ဖြစ်တဲ့ အန္တရာယ်ဖြစ်သလို၊ သိသိကြီးနဲ့ မလိုက်နာတာတွေလည်း ရှိတယ်။ ဒါတွေကို သေသေချာချာလိုက်နာဖို့ ယာဉ်မောင်းတစ်ယောက်မှာ မွေးမြူရမယ့် စိတ်ထားတွေ ဒေါသဖြစ်ပြီး၊ စိတ်လောပြီး မောင်းနှင်လို့ ဖြစ်တတ်တဲ့ ဟာတွေကို မဖြစ်အောင် သင်ကြားပေးတယ်” ဟုပြောသည်။

အဆိုပါ အခြေစိုက်အလုပ်ရုံ အမှတ်(၁) ယာဉ်မောင်းသင်တန်းကျောင်းတွင် တာတာကုမ္ပဏီမှ လှူဒါန်းသည့် လေ့ကျင့်ရေးကား ၉ စီး၊ ကညနယာဉ်အို၊ ယာဉ်ဟောင်း အပ်နှံမှု ကားကောင်း ၂စီးအပြင် လက်ရှိသင်တန်းကျောင်းပိုင်ကားများဖြင့် စာတွေ့လက်တွေ့ဖြင့် တစ်လလျှင် တစ်ကြိမ်နှုန်းဖြင့် တစ်နှစ်လျှင် သင်တန်း ၁၂ ကြိမ် ဖွင့်လှစ်ကာ ယာဉ်မောင်းကောင်းများပေါ်ထွက်လာစေရန် လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထို့ပြင်ယာဉ်စည်းကမ်း လမ်းစည်းကမ်းလိုက်နာပြီး ယာဉ်အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်ရန် ကုန်းလမ်းပို့ဆောင်ရေးဌာနမှ ဝါရင့်ကျွမ်းကျင်ဆရာများဖြင့် သင်ကြားပေးပြီး ကွန်ပျူတာစနစ်ဖြင့် ရေးဖြေစာမေးပွဲများ ဖြေဆိုစေခဲ့ကြောင်းသိရသည်။

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး၏ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ ဗိုလ်တထောင်မြို့နယ်ရှိ ကုန်းလမ်းပို့ဆောင်ရေး အခြေစိုက်အလုပ်ရုံ အမှတ်(၁) ယာဉ်မောင်းသင်တန်းကျောင်းကို ၁၉၉၃ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၁၄ ခုနှစ်အထိ အခြေခံယာဉ်မောင်းသင်တန်း ၂၆၄ ကြိမ်ဖွင့်လှစ်နိုင်ခဲ့ကာ သင်တန်းသား ၃၇၀၀၀ ခန့် မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ယခုအခါတွင်လည်း ကုန်းလမ်းပို့ဆောင်ရေးအနေဖြင့် အများပိုင်ကုမ္ပဏီများအား ဖိတ်ခေါ်ပြီး ရန်ကုန်မြို့တွင်း ခရီးသည်တင်ယာဉ်လိုင်းများ တိုးချဲ့ပြေးဆွဲနိုင်ရန် အမြဲစိမ်းကုန်းလမ်းပို့ဆောင်ရေးကုမ္ပဏီလီမိတက်နှင့် ပူးပေါင်းပြီး အမြဲစိမ်း(၁)အထူးယာဉ်လိုင်းကို ပြေးဆွဲနေကြောင်း သိရသည်။

(သီသီမင်း)

ဗိုလ်ချုပ် နှစ်(၁၀၀)ပြည့်မွေးနေ့ နတ်မောက်တွင်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ နှစ်(၁၀၀)ပြည့်မွေးနေ့ အထိမ်းအမှတ်ရာပြည့်ပွဲတော်ကို နတ်မောက်မြို့တွင် ဖေဖော်ဝါရီ ၇ ရက်မှ ၁၃ ရက်အထိ ခုနစ်ရက်တိုင်ကျင်းပမည် ဖြစ်ကြောင်း ရွှေသံစဉ်ရန်ပုံငွေအဖွဲ့မှသိရသည်။

ဖေဖော်ဝါရီ ၇ ရက်တွင် စိန်တင့်လွင် မင်္ဂလာဆိုင်းဖြင့် ဖွင့်လှစ်မည်ဖြစ်ပြီး၊ စာတမ်းဖတ်ပွဲ၊ ဗိုလ်ချုပ်အား ဂုဏ်ပြုသီဆိုပွဲ၊ စာပေဟောပြောပွဲ၊ ပြပွဲ/ပြိုင်ပွဲများ၊ အရှင်ဉာဏိဿရ၊ အရှင်ဝီရိယ (တောင်စွန်း)ဆရာတော်၊ ဆရာတော် အရှင်ဆန္ဒာဓိက၏ တရားပွဲ၊ ဖိုးချစ်၊ စွမ်းဇာနည်၊ မင်းခန့်ကို တို့၏ဖျော်ဖြေပွဲများ၊ ဆွမ်းလောင်းခြင်း၊ စတုဒိသာကျွေးမွေးခြင်း၊ ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့် ကမ္ပည်းကျောက်စာတိုင် စိုက်ထူခြင်း၊ သံဃာအပါး(၁၀၀၀)အား ဆွမ်းကပ်ပူဇော်ခြင်းတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ရွှေသံစဉ် ရန်ပုံငွေအဖွဲ့မှ ကိုဝင်းမော်ထံမှသိရသည်။

ဗိုလ်ချုပ်ရာပြည့်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ရန်ကုန်မြို့တွင် ဦးဟန်ဇော် ဖုန်း-၀၉၅၁၃၆၅၀၇၊ ဦးချိုအောင်သန်း ဖုန်း-၀၉၄၃၀၂၈၇၉၈ နတ်မောက်မြို့ ဖုန်း-၀၉၂၅၉၀၄၅၉၀၈၊ မန္တလေးမြို့ ဖြိုးဇေယျာ ဖုန်း-၀၉၄၀၂၆၁၆၈၇၈၊ မကွေးမြို့ ဦးလှဆန်း ဖုန်း-၀၉၅၃၄၀၅၆၁ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သန့်ဇင်ဝင်း)

ဗုဒ္ဓဘာသာယဉ်ကျေးမှုကျင့်ဝတ်နှင့် အခြေခံအဘိဓမ္မာအောင် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်

ညောင်တုန်း ဖေဖော်ဝါရီ ၁

ညောင်တုန်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းအသီးသီးမှ ကျောင်းသားကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်များတွင် လိမ္မာရေးခြားရှိစေရန်အတွက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ပညာရေးအဖွဲ့ငယ်)မှ ကြီးမှူး၍ အခြေခံဗုဒ္ဓဘာသာလူငယ်ယဉ်ကျေးလိမ္မာသင်တန်းနှင့် (၃၁)ကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲ အခြေခံအဘိဓမ္မာဘာသာနှင့် ယဉ်ကျေးမှုကျင့်ဝတ်ဘာသာစာမေးပွဲတွင် ထူးချွန်စွာဖြေဆိုအောင်မြင်ခဲ့သူများအား ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၃၀ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း လှိုင်ပညာခန်းမ၌ ကျင်းပကြောင်းသိရသည်။

ရှေးဦးစွာ ဒုတိယမြို့နယ်ပညာရေးမှူးဦးမြင့်အောင်က အဖွင့်အမှာစကားပြောကြားသည်

ထို့နောက် မအူပင်ခရိုင်ပညာရေးမှူး ဒေါ်ကြည်ကြည်မြင့်က အခြေခံအဘိဓမ္မာဘာသာရပ်၌ ဂုဏ်ထူးများဖြင့် ထူးချွန်စွာ အောင်မြင်သူကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။ ယဉ်ကျေးမှုကျင့်ဝတ်ဘာသာဂုဏ်ထူး အောင်မြင်သူ ကျောင်းသား ကျောင်းသူများအား ဒုတိယမြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။ အခြေခံအဘိဓမ္မာဘာသာရပ်တွင် ငါးဦးနှင့် ယဉ်ကျေးမှုကျင့်ဝတ် ဘာသာရပ်တွင် ၁၃ ဦးအောင်မြင်ကြောင်းသိရသည်

ထွန်းကျော်(ညောင်တုန်း)

❑

ရိတ်သိမ်းချိန် လုပ်သားရှားပါးမှုကြောင့် တောင်သူများ အခက်ကြုံနေ

စစ်ကိုင်း ဖေဖော်ဝါရီ ၁

စစ်ကိုင်းမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ဆောင်းသီးနှံမျိုးစုံ စိုက်ပျိုးပြီး အောင်မြင်ဖြစ်ထွန်းသော်လည်း ရိတ်သိမ်းချိန်ရောက်သည့်အချိန် လုပ်သားရှားပါးမှုများနှင့် ကြုံတွေ့နေရသောကြောင့် ကျေးရွာတောင်သူကြီးများအနေဖြင့် ရိတ်သိမ်းချိန်လွန် သီးနှံများဖြစ်သွားမည်ကို စိုးရိမ်နေကြကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

"ကျွန်မတို့ကျေးရွာမှာ ဆောင်းသီးနှံမျိုးစုံ စိုက်ပျိုးထားကြပါတယ်။ ဒီနှစ် အောင်မြင်ဖြစ်ထွန်းမှု လည်းရှိပါတယ်။ အခုဆိုရင် ကျွန်မတို့မှာ ပဲပိစပ်တွေ ရိတ်သိမ်းမှာမို့ လုပ်သားသွားခေါ်တာ မရသေးဘူး။ အရင်ကဆိုရင် တစ်ခြားကျေးရွာတွေကနေ ဒီရွာမှာလာပြီး ညအိပ်နေထိုင်ကာ မိသားစုလိုက် လုပ်ကိုင်ကြတာပါ။ အခုတော့ အဲဒီလို မရှိကြတော့ဘူး။ ရွာထဲက အလုပ်သမားတွေကလည်း လုပ်ငန်းပြောင်း လုပ်ကိုင်နေကြတော့ လုပ်သားရှာရတာ အခက်အခဲဖြစ်တယ်။ သူတို့လုပ်ပေးနိုင်တဲ့ရက်ရမှ ရိတ်သိမ်းနေရတယ်။ တစ်ခါတစ်ရံ သီးနှံတွေ အမှည့်လွန်သွားမှာစိုးလို့ ကိုယ်ကိုယ်တိုင် တောထဲထွက်ပြီး ကွက်ကြားရိတ်သိမ်းရတာတွေလည်းရှိတယ်။ နောင်ဆိုရင် လုပ်သား ပျောက်သွားမလားတောင် စိုးရိမ်မိပါတယ်" ဟု မောင်ထောင်ကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ ကျေးရွာမှာက လယ်ဧကများပါတယ်။ အခုဆိုရင် အလုပ်သမားခုနစ်ဦးလောက် အသုံးပြုချင်ပေမယ့် ရသလောက်အလုပ်သမားနဲ့ အိမ်မှာရှိတဲ့ မိသားစုတွေပေါင်းပြီး ပဲစိမ်းခွံတွေ ခုတ်သိမ်းပြီး စက်ကိရိယာ အသုံးပြုပြီးတော့ သီးနှံခြွေလှေ့နေရတယ်။ အရင်ကတော့ လူကိုယ်တိုင် ကိုင်တွယ်ပြီး သီးနှံကုန်အောင် ထုရိုက်ရတာဆိုတော့ အချိန်လည်းကုန်တယ်။ လူလည်း ပင်ပန်းတယ်ပေါ့ဗျာ။ စက်ကိရိယာ အသုံးပြုတော့ အချိန်ကုန်သက်သာတယ်။ လူလည်း ပင်ပန်းမှုနည်းသွားတယ်။ ဘယ်သူမဆို ပဲစိမ်းခွံအရိုးလေးကိုင်ပြီး စက်ကိရိယာထဲထည့်လိုက်တာနဲ့ သီးနှံတွေကြွေသွားရော အင်ဂျင်စက်နဲ့တွဲပြီး လုပ်ကိုင်ရတော့ အချိန်မရွေး လုပ်ကိုင်နိုင်တာပေါ့။ သို့သော် စိုက်ပျိုးချိန်၊ ရိတ်သိမ်းချိန်တွေမှာ အလုပ်သမား အသုံးပြုနေရအုံးမှာပဲလေ။ သီးနှံသိမ်းချိန်တွေက တစ်ပြိုင်တည်းလိုဖြစ်တော့ နှစ်ဦးနှစ်ဖက် အခက်အခဲ ဖြစ်တာပေါ့" ဟု သားပျောက်ကုန်းကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

ဇော်မြင့်နိုင်

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်တွင် စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၁၄–၂၀၁၅ ခုနှစ် ရာသီအတွက် နွေစပါးစိုက်ပျိုးရေးစခန်း ငါးခုရှိပြီး တောကျွဲအင်းစခန်း၊ အလယ်ခင်စခန်း၊ ကျောက်တံခါးစခန်း၊ သူဌေးကုန်းစခန်း၊ ဖဒိုစခန်းတို့မှ စုစုပေါင်းနွေစပါးစိုက်ဧက ၁၉၀၀ ကျော် လျာထားချက်ရှိပြီး စိုက်ပြီးဧကမှာ ဇန်နဝါရီ ၃၁ ရက်အထိဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးကြောင်း သိရသည်။ စိုက်ပျိုးစပါးများမှာ ဗီယက်နာမ်၊ ဆင်းသုခ၊ ရတနာတိုး၊ ဆင်းနွယ်ရင်၊ ပုလဲသွယ်များ စိုက်ပျိုးကြကြောင်း ကျောက်တံခါးမြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးမြင့်အောင်က ပြောသည်။ သတင်းနှင့်ဓာတ်ပုံ- မျိုးဦး(ကျောက်တံခါး)

ကနီမြို့တွင် မီးဘေးအန္တရာယ်ကင်းရှင်းရေး Mobile စနစ်ဖြင့် ကွင်းဆင်းဆောင်ရွက်

ကနီ၊ ဖေဖော်ဝါရီ ၁

ပွင့်လင်းရာသီ၌ အပူချိန်မြင့်တက်လာပြီဖြစ်၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင် ကနီမြို့တွင် ဇန်နဝါရီ ၃၀ ရက်က မြို့နယ် သန္တေမီးသတ်ဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးထိန်လင်းထွန်းနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ တာဝန်ရှိသူများ၊ မြို့နယ် မီးဘေးလုံခြုံရေးအဖွဲ့နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်သည့်အဖွဲ့သည် မြို့ပေါ်ရပ်ကွက်များအတွင်း မီးဘေးအန္တရာယ်ကင်းရှင်းစေရန် Mobile စနစ်ဖြင့် တစ်အိမ်တက် တစ်အိမ်ဆင်း စစ်ဆေးခဲ့ကြောင်းသိရသည်။

မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ တာဝန်ရှိသူတစ်ဦးက လျှပ်စစ်ပေါင်းအိုးများနှင့် မီးဖိုအသုံးပြုနည်း၊ လျှပ်စစ်အားသွင်းကြိုးများ စနစ်တကျသုံးစွဲနည်းများ ရှင်းလင်းပြောပြပြီး၊ မြို့နယ် သန္တေမီးသတ်ဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးထိန်လင်းထွန်းက မိမိတို့မြို့အနေဖြင့် ယခင်နှစ်မှစတင်၍ ၂၄ နာရီ မီးအသုံးပြုလာရ၍ လျှပ်စစ်မီးကိုသတိပြုအသုံးပြုရန်နှင့် မီးသတ်ဆေးဘူးများထားရှိရန်ပြောပြခဲ့သည်။ **သန်းဌေးအောင်(ကနီ)**

နန့်စီးအောင်–ပေကုန်းကျေးရွာတွင် သဘာဝစိမ့်စမ်းရေရရှိရေး ဆွေးနွေးမှုများပြုလုပ်

မော်လူး ဖေဖော်ဝါရီ ၁

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသ မံဟဲကျေးရွာအုပ်စု နန့်စီးအောင်-ပေကုန်းကျေးရွာတွင် သဘာဝစိမ့်စမ်းရေရရှိရေးအတွက် ဇန်နဝါရီ ၂၇ ရက်က နန့်စီးအောင်-ပေကုန်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံးတွင် ဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းသို့ ကော်မတီဖွဲ့စည်းပြီး သဘာဝစိမ့်စမ်းရေရရှိရေးအတွက် ညှိနှိုင်းဆွေးနွေးရာသို့ နန့်စီးအောင်-ပေကုန်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးသောင်းရွှေ၊ စာရေးအဆင့်(၁) ဒေါ်ဝင်းဝင်းခိုင်၊ ကျေးလက်ဖွံ့ဖြိုးမှုအထောက်အကူပြုအဖွဲ့ဝင်များနှင့် ဒေသခံ ၅၀ ဦးခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။

နန့်စီးအောင်-ပေကုန်းကျေးရွာ သဘာဝစိမ့်စမ်းရေရရှိရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှ ခွဲဝေချထားပေးသည့် ကျပ်သိန်း ၄၀ နှင့် အင်းတော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လေးလက်မနှင့် နှစ်လက်မ ပိုက်များကို ပံ့ပိုးပေးထားကြောင်း၊ သဘာဝစိမ့်စမ်းရေရရှိရေး ကော်မတီကို ဖွဲ့စည်းထားပြီး ရေရရှိရေးအတွက် အမြန်ဆုံး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နန့်စီးအောင်-ပေကုန်းကျေးရွာတွင် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ကော်မတီတစ်ရပ် ဖွဲ့စည်းထားကြောင်းလည်းသိရသည်။

၆၈၅

ဝက်သက်နှင့်ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးလုပ်ငန်းအား ချောင်းဦးမြို့ အထက်တန်းကျောင်း၌ပြုလုပ်

ချောင်းဦး ဖေဖော်ဝါရီ ၁

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့၌ ဝက်သက်နှင့်ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးလုပ်ငန်းကို အခြေခံပညာအထက်တန်းကျောင်း၌ ဇန်နဝါရီ ၂၀ ရက်၊ နံနက် ၉ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ချောင်းဦးမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင့်ဆွေ၊ မိခင်နှင့်ကလေးတာဝန်ခံ ဒေါက်တာစန္ဒာလွင်၊ မြို့နယ်ကျန်းမာရေးမှူးအဆင့်(၁) ဦးဆလိုင်းတို့က ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေး ထိုးနှံပေးရသည့် အကြောင်းများအား ကျောင်းသား၊ ကျောင်းသူများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ချောင်းဦးမြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးဒေါ်ကျော့ကျော့ခိုင်က ယခုလို ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းအရောက် ဝက်သက်နှင့်ဂျိုက်သိုးရောဂါ ကာကွယ်ဆေး လာရောက်ထိုးနှံပေးသည့်အတွက် ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။

ချောင်းဦးမြို့နယ်အတွင်းမှ အခြေခံပညာကျောင်းသား၊ ကျောင်းသူများအား ဝက်သက်နှင့် ဂျိုက်သိုးရောဂါ ကာကွယ်ဆေးထိုးအပ်ခြင်းကို ဇန်နဝါရီ ၁၉ ရက်မှ ၂၇ ရက်ထိ ထိုးပေးမှာဖြစ်ပြီး ချောင်းဦး အ.ထ.က ကျောင်းတွင် ဇန်နဝါရီ ၂၀ ရက်၌ ၈၅၈ ဦး၊ ဇန်နဝါရီ ၂၁ ရက်၌ ၇၂၃ ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၁၅၈၁ ဦးကို ဝက်သက်နှင့်ဂျိုက်သိုးရောဂါ ကာကွယ်ဆေးများ ထိုးအပ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **အိအိစိုး (ပြန်/ဆက်)**

မိုးပွင့်အထူးစီမံချက်ဖြင့် ဆောင်ရွက်ပေးသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ ပွန်ချောင်းကျေးရွာ၌ပြုလုပ်

လှိုင်ကော် ဖေဖော်ဝါရီ ၁

လှိုင်ကော်ခရိုင် ရှားတောမြို့နယ် မြောက်ပိုင်းကျေးရွာအုပ်စု ပွန်ချောင်းကျေးရွာနှင့် လှိုင်ကော်မြို့နယ် ပါလောင်းကျေးရွာအုပ်စု ဒေါတရိုးကျေးရွာနေ ပြည်သူများအား မိုးပွင့်အထူးစီမံချက်ဖြင့် ဆောင်ရွက်ပေးသည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို ဇန်နဝါရီ ၃၁ ရက် နံနက် ၈ နာရီခွဲက ရှားတော မြို့နယ် ပွန်ချောင်း အ-မ-ကကျောင်း၌ ပြုလုပ်ခဲ့ကြောင်းသိရသည်။

အဆိုပါ နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးက အဖွင့်အမှာစကားပြောကြားပြီး ကျေးရွာနေ တိုင်းရင်းသားပြည်သူများက မိမိတို့ကျေးရွာလိုအပ်ချက်များ တင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မိုးပွင့်အထူးစီမံချက်ဖြင့်ဆောင်ရွက်နေသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားဆောင်ရွက်နေမှုများအား သွားရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်ပြားများကိုတစ်ဦးချင်းအလိုက်ပေးအပ်ကြရာ ပြည်သူများကလက်ခံရယူခဲ့ကြကြောင်း သိရသည်။

ဒေါတရိုးကျေးရွာနေ ပြည်သူများအား မှတ်ပုံတင်များပေးအပ်ပြီးနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပွန်ချောင်းတံတား (ရှားတော) တည်ဆောက်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာမှူးကြီးဦးခင်မောင်ဖြူက လုပ်ငန်းဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့သည်။

အဆိုပါတံတားသည် လှိုင်ကော်-ပွန်ချောင်း-ရှားတောလမ်းပေါ်တွင် တည်ရှိပြီး ယခင်တံတားဟောင်းသည် နှစ်ကာလကြာမြင့်နေပြီး ခံနိုင်ဝန်အား လျော့နည်းလာသောကြောင့် တံတားသစ်ကို ထပ်မံတည်ဆောက်ခြင်းဖြစ်ကြောင်း၊ တံတားအရှည် ၂၀၀ပေ၊ ယာဉ်သွားလမ်း ၂၄ ပေ၊ လူသွားလမ်း တစ်ဖက်လျှင် သုံးပေ၊ သံကူကွန်ကရစ်ကြမ်းခင်း တံတားဖြစ်ကြောင်း၊ တံတားပြီးစီးပါက ခံနိုင်ဝန် တစ်စီးချင်းတန် ၆၀ ဖြစ်ကြောင်း တံတားတည်ဆောက်မှု ကုန်ကျစရိတ်အား ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ကျပ်သန်း ၆၂၀ ခန့်ဖြင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၃) မှ တာဝန်ယူတည်ဆောက်ကြောင်း သိရသည်။ **ကယားပြည်နယ်(ပြန်/ဆက်)**

နတ်မောက်တွင် ၂၀၁၄ မိုးရာသီဘဏ်ချေးငွေများ မြို့နယ်လုံးကျွတ် အပြေအကျေရရှိ

နတ်မောက် ဖေဖော်ဝါရီ ၁

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်အတွင်း ကျေးရွာအုပ်စု ၇၅ အုပ်စုမှ ဘဏ်အဖွဲ့ဝင်တောင်သူ ၁၀၄၃၆ ဦးသို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် နတ်မောက်ဘဏ်ခွဲက ထုတ်ချေးပေးခဲ့သည့် ၂၀၁၄ မိုးရာသီသီးနှံ ထုတ်လုပ်မှုဘဏ်ချေးငွေကျပ် ၁၃၃၀၇ ဒသမ ၈၀ သိန်းအား ဇန်နဝါရီ ၂၂ ရက်တွင် မြို့နယ်လုံးကျွတ်အပြေအကျေ ကောက်ခံရရှိပြီဖြစ်ကြောင်း မြို့နယ်ဘဏ်ခွဲမန်နေဂျာ ဦးမျိုးနိုင်ကပြောသည်။

ယခုကဲ့သို့ မြို့နယ်လုံးကျွတ် ပြေကျေအောင် ဆောင်ရွက်နိုင်ခဲ့လို့ မြို့နယ်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိကြောင်း၊ အားလုံးတက်ညီလက်ညီကြိုးစားဆောင်ရွက်ခဲ့၍ ယခုကဲ့သို့ သတ်မှတ်ကာလအတွင်း မြို့နယ်လုံးကျွတ်ပြေကျေခဲ့ခြင်းဖြစ်ကြောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး၏ အနီးကပ်ကြီးကြပ်မှု၊ ရပ်ကွက်ကျေးရွာအုပ်စု အုပ်စုအုပ်ချုပ်ရေးမှူးများ၊ ချေးငွေစိစစ်ရေးအဖွဲ့အတွင်းရေးမှူးများ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှု၊ ဘဏ်ခွဲဝန်ထမ်းများ၏ ကြိုးစားမှု၊ တောင်သူများ၏ တာဝန်သိမှုတို့ကြောင့် ပြေကျေခဲ့ခြင်းဖြစ်ကြောင်း မြို့နယ်ဘဏ်ခွဲမန်နေဂျာ ဦးမျိုးနိုင်က ပြောသည်။ **လှဝင်း**

အင်းတော်မြို့နယ် တာဝန်ရှိသူများ လုပ်ငန်းပြီးစီးမှုများစစ်ဆေး

မော်လူး ဖေဖော်ဝါရီ ၁

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူး အခြေခံပညာအထက်တန်းကျောင်းတွင် စာသင်ခုံများအသစ်ပြုလုပ်နေရာ အင်းတော်မြို့နယ်တာဝန်ရှိသူများမှ လုပ်ငန်းပြီးစီးမှုအခြေအနေများကို ဇန်နဝါရီ ၂၈ ရက် နံနက် ၁၁ နာရီက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

မော်လူး အခြေခံပညာအထက်တန်းကျောင်းအတွက် မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂ ရက်က ကျပ်ငွေ ၁၅ သိန်းဖြင့် စာသင်ခုံ ၅၀ အား ပြုလုပ်နိုင်ရန် ချမှတ်ပေးထားခဲ့သည်။

ယင်းစာသင်ခုံများ ပြုလုပ်ပြီးစီးမှုကို အင်းတော်မြို့ ဒုတိယမြို့နယ်ပညာရေးမှူး ဦးသိန်းဆွေဝင်းနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးမျိုးမင်းစိုး၊ မြို့နယ်အထောက်အကူပြုအဖွဲ့ဝင် ဦးချစ်ရွှေတို့က ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ရာ မော်လူးအခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သောင်းတင့်က စာသင်ခုံပြုလုပ်ပြီးစီးမှုကို လိုက်လံရှင်းလင်းပြသခဲ့ကြောင်းသိရသည်။ **ခင်မောင်ဆွေ**

၂၀၁၅ – ၂၀၁၆ ဘဏ္ဍာနှစ်အတွက် အရပ်ရပ်အခွင့်အရေးလုပ်ငန်းလိုင်စင်များလေလံတင်ရောင်းချ

ရွှေဦး ဖေဖော်ဝါရီ ၁

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်ရွှေဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ လေလံတင်ရောင်းချရေးကြီးကြပ်မှုကော်မတီမှ ကြီးမှူးကျင်းပသော ၂၀၁၅ - ၂၀၁၆ခု ဘဏ္ဍာနှစ်အတွက် အရပ်ရပ်အခွင့်အရေးလုပ်ငန်းလိုင်စင်များအား မဲစနစ်(ဈေးပြိုင်စနစ်) ဖြင့် လေလံတင်ရောင်းချခြင်းကို ဇန်နဝါရီ ၂၉ ရက် နံနက် ၁၀ နာရီက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ ပြုလုပ်ခဲ့သည်။

လေလံပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညိုဝင်းက အမှာစကားပြောကြားကာ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်က လေလံလုပ်ငန်းဆိုင်ရာဥပဒေ၊ နည်းဥပဒေနှင့် စည်းကမ်းချက်များကို ဖတ်ကြားပြီး အမှုဆောင်အရာရှိ ဦးဇော်ခင်က လေလံတင်ရောင်းချခြင်းလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

လေလံတင်ရောင်းချရာတွင် အမျိုးပေါင်း ၂၈ မျိုးကို မဲစနစ်ဖြင့်ရောင်းချခဲ့ရာ စုစုပေါင်း လေလံတင်ရောင်းရငွေ ၁၆၉ ဒသမ ၁၄ သန်း ရရှိခဲ့ကြောင်း လေလံရောင်းချမှုစာရင်းဇယားအရ သိရသည်။

အဆိုပါ လေလံတင်ရောင်းချပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ဥပဒေပြုရေးရာကော်မတီ အတွင်းရေးမှူး ဦးစိုးတင့်အောင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမျိုးချစ်၊ ဒုရဲမှူးစံလင်း၊ စည်ပင်သာယာဈေးအကျိုးတော်ဆောင်များ၊ ဌာနဆိုင်ရာများတက်ရောက်ခဲ့ကြသည်။ **သန်းထိုက်(ရွှေဦး)**

ဘဝနှင့်သင်ယူခြင်းများ

ခ သရက်တန်းစိုးရွှေ(စိတ်ပညာ)

အတိတ်ဆိုသောအရာသည် စိတ်ခံစားမှု အခြေအနေတစ်ခုမှ ပြန်လည်မိတ်ဆက်ပေးသော ပစ္စုပ္ပန်၏ ဆွေမျိုးပင်ဖြစ်ပေသည်။ အတိတ်၏ အရိပ်သည် ပစ္စုပ္ပန်ဖြစ်၍ အကြောင်းအကျိုးများ ဆက်စပ်သွားတတ်မြဲပင်ဖြစ်ပေသည်။ အလွယ်ပြော၍ အလွယ်လိုချင်ဆုံးသော လူသား ဆန္ဒတစ်ခုရှိနေပေသည်။ ထိုအရာသည်ကား ငြိမ်းချမ်းပြည့်စုံစွာနေထိုင်လိုခြင်းပင် ဖြစ်ပေသည်။

အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဆိုသော အချိန်ရဟတ်သည် ဘဝကိုတင်ဆောင်လှည့်ပတ်တတ်ကြပေသည်။ နိမ့်မည်၊ မြင့်မည် ထို့အတူပင် ခဏတော့ ငြိမ်နေသည်လည်း ရှိနေတတ်ပေသည်။ သို့အတွက် အချိန်ရဟတ်ထံမှ ဘဝကိုခဏတို့ဖြင့် စီခြယ်ထားတတ်ကြပေသည်။

စိတ်ဓာတ်အသီးသီးနှင့် လူငယ်အတွက် နေ့တိုင်းဟာ ရက်ရာဇာဖြစ်ဖို့လိုအပ်လှပေသည်။ ရုန်းကန်လှုပ်ရှား တွေ့ကြုံမှုများသည်ပင် ဘဝအတွက် သင်ခန်းစာယူဖွယ်ရာ ပညာများပင် ဖြစ်နေပေသည်။ မကောင်းသည်ကိုပယ်၍ ကောင်းသည်ကို သယ်ဆောင်တတ်ရပေမည်။ အမြင့်ကို မြင်တတ်သည့်တိုင်အောင် အနိမ့်မှ ရုန်းကန်မှုအစုစုတို့ကို အတုယူတတ်ကြရမည်ဖြစ်ပေသည်။

နေ့စဉ် တက်ကြွခြင်းသည် ပျက်ကျခြင်းထက် များစွာ သာလွန်မြဲပင်ဖြစ်ပေသည်။ ထို့ကြောင့် တိုးတက်ရေးအတွက် ဖွင့်ထားသော မျက်လုံးကလေးတော့ရှိကြရပေမည်။ ကျွမ်းကျင်မှုအဖြာဖြာ လုပ်ငန်းအသီးသီးဖြင့် နေထိုင်အသက်မွေးနေကြသော လူသားများသည် သင်ယူမှုဖြင့် ကြီးပြင်းနေကြရပေသည်။ ငယ်စဉ်မှစ၍ သင်ကြားပြုပြင်နေသည်မှစကာ ကြီးသည်အထိ သင်ကြားပြုပြင်နေရမြဲပင်ဖြစ်ပေသည်။ အတတ်ပညာများကို မသင်ကြားသည့်တိုင်အောင် မိမိ၏စိတ်ကို ငြိမ်းချမ်းစွာ သည်းခံနေထိုင်တတ်ရေးကို သင်ကြားပေးနေရမြဲပင် ဖြစ်ပေသည်။

ဖြစ်ပျက်မှု အထွေထွေအတွက် အစဉ်အလာအတိုင်း ကံဟုပုံချရုံမျှဖြင့်ဘဝသည် ပြီးဆုံးသွားသည်မဟုတ်ပါ။ လုံ့လလည်းထူ ဉာဏ်ကလည်းကူဆိုသည့်အတိုင်း ကြိုးစားခြင်းများဖြင့် ရှင်သန်ကြရပေမည်။ သူ. . သူ. . သူ ဟုအပြစ်တင်ဝေဖန်မည့်အစား ဘာကြောင့်များဖြစ်တာလဲ ဆိုသည့်အတွေးအမေးဖြင့် ပြဿနာအခက်အခဲတို့ကို ဖြေရှင်းတတ်ရန် သင်ကြားသင့်လှပေသည်။

စိတ်ခံယူမှုက ပြဋ္ဌာန်းသောလူ့ဘဝတွင် အတွေးကောင်းကလေးများကြောင့် အသွေးအရောင်ကောင်းကာ လှပစွာမြင်တတ်ပေမည်။ အတွေးမကောင်းကာ အပြစ်မြင်သမျှ အလှတို့ ဆိတ်သုဉ်းတတ်ကြပေသည်။ သို့အတွက် ဘဝခရီးတွင် စိတ်ချမ်းသာရေးအတွက် အမြင်ကောင်းကလေးများဖြင့် အသွင်ပြောင်းပေးသင့်လှပါပေသည်။

မျှော်လင့်ချက်ဖြင့် ရှင်သန်နေရသော လူ့ဘဝတွင် ယနေ့ကောင်းမှသာ မနက်ဖြန်ဆိုသော အကြောင်းကလှနေပေလိမ့်မည်။ ယနေ့ မိမိစိတ်ကို ကောင်းမှုဘက်သို့ သွေးဆောင်ထိန်းချုပ်နိုင်ပါမှ မနက်ဖြန်တို့ သာယာလှပနေပေမည်ဖြစ်ပေသည်။

စကားပုံတစ်ခုရှိနေပေသည်။ ကုသိုလ်ပြုပါက မိမိ မိသားစုမှစ ဟူသောစကားပုံပင်ဖြစ်ပေသည်။ ကြင်နာမှု၊ ညာတာမှု၊ သိတတ်မှုနှင့်တစ်ကွ မေတ္တာပေးမှုတို့ကို ကိုယ့်မိသားစုမှ စတင်ကာ လေ့ကျင့် ပြုလုပ်သင်ကြရပေမည်။ အလေ့အကျင့်မှ အလေ့အထဖြစ်ကာ ဘဝသည် သာယာသွားနိုင်ပါပေသည်။

စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာတို့နှင့် တစ်ကွ ကောင်းမှုတို့ မတိုးတက်သောနေ့စွဲတို့သည် မင်္ဂလာမရှိသော နေ့စွဲများပင်ဖြစ်ပေသည်။ ဘာတွေ ဘယ်သို့ပင် မပိုင်ဆိုင်သည်ဖြစ်စေ မိမိ၏စိတ်ကိုတော့ဖြင့် ကောင်းမှုဘက်သို့ ဆွဲဆောင်ထိန်းချုပ်နိုင်ခွင့်တော့ရှိနေပေသည်။ မနက်အစ အလင်းရသည်မှစ၍ ညနေအဆုံး အမှောင်ဖုံးသည့် တစ်နေ့တာကာလတို့ကို ကောင်းမွန်စွာအသုံးချ၍ ဘဝကို မြှင့်တင်ကြရပေမည်။

> လူတိုင်းကို စေတနာ ထားရင်ဖြင့် စေတနာ အမှားမဖြစ်စေရေး သတိထားကြရပေမည်။ မာနများနေသမျှ ဘဝ တွင်အရှုံးများပြီး သောကများကို ပိုင်ဆိုင်နေ ကြပေမည်။ ကိုယ်ဖြစ် ချင်သော . . .

မြင့်မှတင့်မည်ဆိုသော အဆိုအရ စိတ်ဓာတ်ကို ညွှန်းဆိုပြသနေတတ်ပေသည်။ အသက်ကြီးလာသည်နှင့် အသိကြီးလာဖို့ လိုအပ်လှပေသည်။ ရတာမလို၊ လိုတာမရ၊ အလိုမကျမှု အသီးသီးကြားတွင် သည်းခံခြင်းများကိုတော့ ကျင့်သုံးကြရပေမည်။

ဘဝအဆင့်၊ စိတ်အဆင့်မြင့်မားရေးအတွက် ပြုကျင့်ပေးအပ်သောအရာများထဲတွင် သည်းခံခြင်းနှင့် နားလည်ခြင်းတို့ ပါဝင်နေတတ်ကြပေသည်။ သည်းခံပေးခြင်း ၊နားလည်ပေးခြင်း ရှိသမျှ သောကနည်းစွာဖြင့် အကျိုးများနေပေမည်။ သို့အတွက် ခံယူမှု၊ ခံစားမှုအထွေထွေ ကြားတွင် နားလည်ပေးခြင်းများကို လေ့ကျင့်နေထိုင်သွားသင့်လှပေသည်။

ဘဝခရီးတွင် ခံယူမှုကောင်းသမျှ လှပသောဘဝကိုရရှိနိုင်ပေသည်။ သို့အတွက် ရုပ်ခန္ဓာကို မပြင်နိုင်သည့်တိုင်အောင် စိတ်ကိုတော့ဖြင့် ပြင်ကာ သဘောထားများကို အလိုက်အသင့် ပြောင်းလဲနိုင်ပါပေသည်။ မကောင်းသည့်စိတ် မဖြစ်ပွားရေးအတွက် ကိုယ်ကချည်း ဝေဖန်မနေဘဲ သူတို့အား ဝေဖန်ခွင့်များကို အပိုင်ပေးကြရပေမည်။ လူတစ်ယောက်ကို မချစ်နိုင်ရင်တောင်မှ မမုန်းမိစေရန် ကြိုးစားနေထိုင်ကြရပေမည်။

လူ့လောကသဘာဝထဲတွင် ပြောသူထက် လုပ်သူကို ပိုမိုတန်ဖိုးထားတတ်ကြပေသည်။ ပြောသည့်အတိုင်း လုပ်ဆောင်တတ်ပါမူ ပိုမိုတန်ဖိုးထားတတ်ကြပေသည်။ ပြောသည့်အတိုင်း လုပ်ဆောင်တတ်ပါမှ ပိုမို၍လေးစား တန်ဘိုးထားတတ်ကြမြဲပင်ဖြစ်ပေသည်။ မှုသားအထွေ ကျင့်သုံးနေသောအတုများစွာ ပေါ်ထွက်လေလေ အစစ်များသည် တန်ဖိုးတတ်လေပင်ဖြစ်ပေသည်။ သို့အတွက် အပြောနှင့်အလုပ်ညီကာ၊ လေမဟုတ်အလုပ်နှင့် သက်သေပြကြရမည်ဖြစ်ပေသည်။

ဘဝတွင် တစ်ကိုယ်ကောင်းဆန်ခြင်းလောက် အထီးကျန်ဆန်တာဘာမျှ မရှိလှပါချေ။ ကိုယ့်စိတ်နှင့်မတူသူများကို ဆက်ဆံနေရခြင်းဟာ မလွယ်ဘူးဟု မှတ်ယူမည့်အစား အဆင်ပြေစွာ ဆက်ဆံရင်း စိတ်ကိုလေ့ကျင့်ပေးကြရပေမည်။ ဘဝတွင် သူတစ်ပါးကဆုံးမခြင်းထက် မိမိကိုယ် မိမိအသိဖြင့် ဆုံးမခြင်းက ပိုမိုမြတ်လှပေသည်။ လူတိုင်းကို စေတနာထားရင်ဖြင့် စေတနာအမှား မဖြစ်ရေး သတိထားကြရပေမည်။ မာန များနေသမျှ ဘဝတွင်အရှုံးများပြီး သောကများကို ပိုင်ဆိုင်နေကြပေမည်။ ကိုယ်ဖြစ်ချင်သော ရည်ရွယ်ချက်အတိုင်း ကောင်းမွန်စွာ လုပ်ကိုင်နေထိုင်ရသမျှ ပျော်ရွှင်တတ်ကြသောလူစိတ်များအကြား ပျော်ရွှင်စွာဖြင့် ရှင်သန်သွားကြရမည်ဖြစ်ပေသည်။

မည်မျှပင်တော်သည်ဖြစ်စေ စိတ်ထားမကောင်းသမျှ ပျက်စီးကြရမြဲပင်ဖြစ်ပေသည်။ ထို့အတူပင် လောဘများလေ သောကတွေ့လေပင်ဖြစ်ပေသည်။ အားနည်းချက်ဆိုသည် လူတိုင်းတွင်ရှိနေတတ်သည့်တိုင်အောင် အားငယ်ခြင်းကိုတော့ ရှောင်ကြရပေမည်။ သူတစ်ပါးထံမှ ယုံကြည်မှုကို ရလိုသမျှ ကိုယ့်ကိုယ်ကိုယ်ယုံကြည်ရေး လေ့ကျင့်ပေးကြရမည် ဖြစ်ပေသည်။

စာရှုသူအဆွေ ယနေ့သည်ဘဝသစ်၊ စိတ်ဓာတ်အသစ်ကို ခံယူမှုအသစ်ဖြင့် ရှင်သန်နေထိုင်ရေး နေ့ရက်ကောင်းပင်ဖြစ်နေပေသည်။ ကိုယ့်ဘဝရှေ့ရေးအတွက် ကိုယ့်ကိုယ်ကိုယ် တာဝန်ပေးသင့်နေပေသည်။ အသက်ရှူကာနေသမျှ ယခုမှစကာ မိမိစိတ်ကိုကောင်းမွန်စွာပြဋ္ဌာန်းရင်း နေထိုင်ခြင်းကို တန်ဖိုးမြှင့်သင့်လှပါပေသည်။

ကျေးရွာမီးလင်းရေးအတွက် ဆိုလာပြားနှင့် အထောက်အကူပြုပစ္စည်းများပေးအပ်

နတ်မောက် ဖေဖော်ဝါရီ ၁

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရွာမွန်ကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ဇန်နဝါရီ ၂၉ ရက် မွန်းလွဲ ၂ နာရီက ကျေးရွာမီးလင်းရေးအတွက် ဆိုလာပြားနှင့် အထောက်အကူပြုပစ္စည်းများပေးအပ်သည့် အခမ်းအနားကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကိုလတ်က မြို့နယ်၏ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကျယ်တဝင့် ရှင်းလင်း၍ မြို့နယ်ဦးစီးမှူးက ကျေးရွာ ဆိုလာမီးလင်းရေးပစ္စည်းများကို ပေးအပ်ခဲ့ရာ ရွာမွန်ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌမှ လက်ခံရယူခဲ့သည်။

ယင်းအပြင် ရွာမွန်ကျေးရွာရှိ အိမ်ခြေ ၂၂၉ အိမ်ရှိ အိမ်ထောင်စုများအတွက် ကျေးလက်မီးလင်းရေးအထောက်အကူပြုပစ္စည်း ၂၂၉ စုံတို့ကို ပေးအပ်ခဲ့၍ တစ်အိမ်ထောင်လျှင် ဆိုလာပြားတစ်ချပ်နှင့် မီးလင်းရေးအထောက်အကူပြု ပစ္စည်းများ လက်ခံရယူခဲ့သည်။ **လှဝင်း**

ခင်ဦးမြို့၌ မိုးပွင့်အထူးစီမံချက်ဆောင်ရွက်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

ခင်ဦး ဖေဖော်ဝါရီ ၁

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် မဒေါင်းလှကျေးရွာဆုတောင်းပြည့်ဓမ္မာရုံ၌ မိုးပွင့်အထူးစီမံချက် ကွင်းဆင်းဆောင်ရွက်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား (One Stop Service) ပေးအပ်ပွဲကို ဇန်နဝါရီ ၂၈ ရက် ညနေ ၃ နာရီက ပြုလုပ်ခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်က မိုးပွင့်အထူးစီမံချက်အကြောင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအသုံးဝင်ပုံတို့ကို ရှင်းလင်းဆွေးနွေးခဲ့သည်။ ယင်းနောက် နိုင်ငံသားစိစစ်ရေး ကတ်ပြား ၈၉ ကတ်ကို တာဝန်ရှိသူများက တစ်ဦးချင်းစီပေးအပ်ခဲ့သည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မဒေါင်းလှကျေးရွာအုပ်စုရှိ ဆီဆုံလေးကျေးရွာ၊ မိုးနတ်ကျေးရွာ၊ နှဲတွင်းကျေးရွာ၊ ငကြိုင်းကျေးရွာတို့ကိုပြုလုပ်ပေးခဲ့သည်။ ယင်းကဲ့သို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျေးရွာများအရောက်ကွင်းဆင်းဆောင်ရွက်ပေးသောကြောင့် များစွာအဆင်ပြေကြောင်း နိုင်ငံသားစိစစ်ရေးကတ်ပြား လာရောက်ထုတ်ယူသူ တစ်ဦးကပြောသည်။ **ခင်ဦးစိုးဝေ**

ဖားကန့်ကျောက်မျက်ကုမ္ပဏီများအား ဥပဒေနှင့်အညီကာကွယ်စောင့်ရှောက်မှုမရှိ၍ လုပ်ငန်းများ ရပ်ဆိုင်းထားရ

မိုးညှင်း ဖေဖော်ဝါရီ ၁

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်အခြေစိုက် ကျောက်မျက်ကုမ္ပဏီများသည် နယ်မြေလုံခြုံစိတ်ချမှုမရှိသဖြင့် ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်မှု မပေးနိုင်၍လုပ်ငန်းများ ရပ်ဆိုင်းထားရပြီး နစ်နာဆုံးရှုံးမှုများရှိနေကြောင်း လုပ်ငန်းရှင်အများစုကတညီတညွတ်တည်း ဝေဖန်ပြောဆိုနေကြသည်။

"ကျောက်စိမ်းတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းဟာ အရင်းအနှီးကြီးမားတယ်။ အစိုးရခွင့်ပြုပေးထားတာမကြာသေးဘူး။ အခုအခြေအနေအရလုပ်ငန်းအားလုံးရပ်ဆိုင်းထားရပြီ" ဟုဖားကန့်မြို့နယ်လုံးခင်းဒေသမှကုမ္ပဏီလုပ်ငန်းရှင်တစ်ဦးကပြောသည်။

"တကယ်တော့အလုပ်မလုပ်သေးတဲ့ ကုမ္ပဏီလုပ်ကွက်တွေအများကြီးရှိနေတယ်။ အဲဒီမှာသွားပြီးရှာဖွေကြပေါ့။ အခုတော့ တရားဝင်လုပ်ကွက်ထဲကိုဝင်ပြီး ဥပဒေမဲ့လုပ်ကြတော့ကုမ္ပဏီတွေ နစ်နာဆုံးရှုံးတာပေါ့" ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

ယခုအခါဖားကန့်ဒေသ၌ ကချင်ပြည်နယ်လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးအား ကေအိုင်အေကတားဆီးဟန့်တားခဲ့သည့်ဖြစ်စဉ်နောက်ပိုင်းတွင် ဥပဒေမဲ့လုပ်ရပ်များ ကြီးထွားလာပြီး ဖားကန့်မြို့နယ်၌ နယ်မြေလုံခြုံစိတ်ချရမှု လျော့နည်းကာ ကျောက်မျက်ကုမ္ပဏီများ၏ လုပ်ငန်းများ ပါထိခိုက် နစ်နာဆုံးရှုံးမှုများ ဖြစ်သွားခဲ့သည်။

ယင်းနှင့်အတူဖားကန့်မြို့နယ်၌ ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးရန်ဒေသခံပြည်သူများ အပါအဝင် ကျောက်မျက်ကုမ္ပဏီလုပ်ငန်းရှင်များက မျှော်လင့်တောင့်တလျက်ရှိကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးက ပြောကြားသည်။

ကေဆိုင်းနော်(ဖားကန့်)

ရေစကြိုမြို့နယ်ရှိ ယောမင်းကြီးလမ်းကို ကတ္တရာခင်း၍လမ်းအဆင့်မြှင့်တင်ခြင်းဆောင်ရွက်

ရေစကြို၊ ဖေဖော်ဝါရီ ၁

ရေစကြိုမြို့နယ်ရှိ ယောမင်းကြီးလမ်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ၂၂၇ ဒသမ ၅၀ သိန်းဖြင့် လမ်းအရှည် ပေ ၂၇၀၀၊ အကျယ် ၁၂ ပေ လမ်းသားအမြင့် ၃ ဒသမ ၅ ကို ကတ္တရာလမ်းအဖြစ် SAE ဒေါ်မင်းမင်းသန်းက တာဝန်ယူခင်းနေကြောင်း သိရသည်။

အဆိုပါ ယောမင်းကြီးလမ်းမှာ လူနေထူထပ်သော အမှတ် (၇) ငါးရာပြည့် ရပ်ကွက်မှ ပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ အများဆုံး အသုံးပြုသွားလာကြသော လမ်းဖြစ်ပြီး ယခုကဲ့သို့ မြို့နယ်စည်ပင်မှ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခင်းကျင်းပေးသည့်အတွက် မြို့ပြလည်းဖွံ့ဖြိုးလာမည်ဖြစ်သည်။

ရေစကြိုမြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့ပေါ်ရပ်ကွက်များမှ အထောက်အကူပြုအဖွဲ့များ ပေါင်းစပ်ညှိနှိုင်း၍ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး၊ သန့်ရှင်းသာယာလှပရေး၊ သောက်သုံးရေ ဖူလုံစွာရရှိရေး၊ လမ်းမီးများလင်းရေး၊ လမ်းများ အဆင့်မြှင့်တင်ရေး၊ မီးဘေးကြိုတင်ကာကွယ်ရေး စသည့် လုပ်ငန်းများနှင့် ပတ်သက်၍ ဦးစားပေး အဆင့်အလိုက် သတ်မှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ဖေထွေးဇော်(ရေစကြို)

လျှပ်စစ်ဆိုလာမီးလင်းရေး ကွင်းဆင်းစစ်ဆေး

တွန်းဇံ ဖေဖော်ဝါရီ ၁

ချင်းပြည်နယ် တွန်းဇံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်သော ဆိုလာမီးလင်းရေးလုပ်ငန်းကို ကြာအိုလင်ကျေးရွာ၊ ဒါလ်ခိုင်းကျေးရွာ၊ တွီးခိန်ဇန်ကျေးရွာ(က)+(ခ)နှင့်စိမ်းတူမ်း ကျေးရွာတို့အား ဖလမ်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်မောင်နိုင်မင်း၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးလျန်ကျင့်ခိုင် (ငယ်/ယာ-၂နှင့် Cherry Moon Star Co. Ltd. မှ ဒါရိုက်တာတစ်ဦးတို့က ဇန်နဝါရီ ၂၆ ရက်မှ ၂၉ ရက်အထိ ကွင်းဆင်းစစ်ဆေးရာ ရာနှုန်းပြည့်လုပ်ငန်း ပြီးစီးကြောင်း သိရသည်။

ဒါလ်ခိုင်းကျေးရွာမှဒေသခံတစ်ဦးက "ကျွန်တော်တို့ ကျေးလက်နေဆင်းရဲသားပြည်သူတွေ နိုင်ငံတော်က အခုလို သတိရစာနာထောက်ထားပြီး ကူညီပံ့ပိုးပေးခဲ့တာ နိုင်ငံတော်နှင့် သက်ဆိုင်ရာတာဝန်ရှိသူတွေအပေါ် အထူးကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

တွန်းဇံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင်ဆိုလာမီးအစုံ ၄၈၅ စုံအား ပံ့ပိုးပေးနိုင်ခဲ့ကြောင်းနှင့် လူဦးရေ ၂၄၇၃ ဦးအား အကျိုးပြုခဲ့ကြောင်း သိရသည်။

ဓိုဟောဆာ

မိုင်းရှူးမြို့နယ်ရှိ လွိုင်နိုင်းကျေးရွာနှင့် ပြင်ဦးကျေးရွာများသို့ မြစိမ်းရောင်ရန်ပုံငွေ လွှဲပြောင်းပေးအပ်

တောင်ကြီး၊ ဖေဖော်ဝါရီ ၁

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လွိုင်နိုင်း၊ ပြင်ဦးကျေးရွာသို့ မြစိမ်းရောင် ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို ဇန်နဝါရီ ၂၇ ရက် နံနက် ၁၀ နာရီက မိုင်းရှူးမြို့နယ် ပတ္တမြားခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသီဟန်လင်းမှ မြစိမ်းရောင်ရန်ပုံငွေ လွှဲပြောင်းပေးအပ်ခြင်းနှင့် ပတ်သက်၍ ပြောကြားရာ ကျေးလက်ဒေသရှိ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ မိသားစုဝင်ငွေများ တိုးပွားလာရေး၊ ကျေးလက်ဒေသ ဆင်းရဲမှုလျှော့ချရေး၊ လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးသီဟန်လင်းက မြစိမ်းရောင်ရန်ပုံငွေကျပ်သိန်း ၃၀၀ အား မိုင်းရှူးမြို့နယ် လွိုင်နိုင်းကျေးရွာနှင့် ပြင်ဦးကျေးရွာရှိ ကော်မတီများသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊တက်ရောက်ခဲ့ကြသည်။

အင်းသားလေး(တောင်ကြီး)

ကျေးလက်စာကြည့်တိုက်မှူးများဆင့်ပွားသင်တန်းဖွင့်ပွဲ ဖောင်းပြင်မြို့နယ်၌ကျင်းပ

ဖောင်းပြင်၊ ဖေဖော်ဝါရီ ၁

ကျေးလက်စာကြည့်တိုက်မှူးများ ဆင့်ပွားသင်တန်းဖွင့်ပွဲအခမ်းအနားကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်၊ နံနက် ၉ နာရီက စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့ အခြေခံပညာ အထက်တန်းကျောင်း၊ ယုဇနဆောင်၌ ကျေးလက် စာကြည့်တိုက်မှူးများ ဆင့်ပွားသင်တန်းဖွင့်ပွဲအခမ်းအနား ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ထွန်းက အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မောင်မောင်က ကျေးလက်စာကြည့်တိုက်မှူးများ ဆင့်ပွားသင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

သင်တန်းကာလမှာ သုံးရက်ကြာမြင့်မည်ဖြစ်ပြီး စာကြည့်တိုက် သမိုင်းဘာသာရပ်၊ စာကြည့်တိုက်များထူထောင်ခြင်း ဘာသာရပ်၊ စာကြည့်တိုက်စီမံခန့်ခွဲရေး ဘာသာရပ်၊ စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးဘာသာရပ်၊ မျိုးတူစု ဘာသာရပ်၊ ကတ်တလောက်လုပ်ငန်း ဘာသာရပ်များ ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးလက်စာကြည့်တိုက်မှူးများ ဆင့်ပွားသင်တန်းသို့ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်ကြီးများ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နိုင်ငံရေးပါတီဝင်များ၊ မြို့နယ်အတွင်း ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာအသီးသီးမှ သင်တန်းသား၊ သင်တန်းသူများ စုစုပေါင်းအင်အား ၁၅၀ ဦးခန့် တက်ရောက်ခဲ့သည်။

ဟန်ထွန်း(ပြန်/ဆက်)

ပြည်နယ်တရားသူကြီးချုပ်နှင့် တရားရေးဝန်ထမ်းများ ညှိနှိုင်း

သီပေါ၊ ဖေဖော်ဝါရီ ၁

ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ အဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးအတွက် ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ၊ ပြည်နယ်တရားရေးဦးစီးမှူး၊ ခရိုင်တရားသူကြီးများနှင့် မြို့နယ်တရားသူကြီးများ၏ အကြို လုပ်ငန်းဆိုင်ရာအစည်းအဝေးကို ဇန်နဝါရီ ၂၆ ရက်က တောင်ကြီးမြို့ ရှမ်းပြည်နယ် တရားလွှတ်တော် အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးကြွယ်ကြွယ်က အမှာစကားပြောကြားရာ၌ တရားသူကြီးများ တရားစီရင်ရေးဆောင်ရွက်ရာတွင် သတိပြုလိုက်နာဆောင်ရွက်ရမည့် အထူးဥပဒေများ၊ ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ အဆင့်ဆင့် ကြီးကြပ်မှုအပိုင်း၊ စစ်ဆေးစီရင်မှုအပိုင်း၊ စီမံခန့်ခွဲရေးအပိုင်းများတွင် တွေ့ရှိရသည့် လိုအပ်ချက်များကို လမ်းညွှန်မှာကြားခဲ့ကြောင်းသိရသည်။

ယင်းနောက် ပြည်နယ်တရားလွှတ်တော် တရားသူကြီး ဒေါ်ခင်မေတင့်၊ပြည်နယ်တရားလွှတ်တော် တရားသူကြီးဦးခင်မောင်ဌေးနှင့် ပြည်နယ် တရားရေးဦးစီးမှူး ဒေါ်စိုးခက်ခက်တို့က ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အကြိုလုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တရားလွှတ်တော်တရားသူကြီးများ၊ ပြည်နယ်တရားရေး ဦးစီးမှူးနှင့် တရားရေးအရာရှိများ အပါအဝင် စုစုပေါင်း ၇၈ ဦးတက်ရောက်ခဲ့ကြသည်။

စိုင်း(သီပေါ)

အနေးယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ နှစ်ပတ်လည် အစည်းအဝေးပြုလုပ်

ရန်ကုန် ဖေဖော်ဝါရီ ၁

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်တွင် ၂၀၁၄ ခုနှစ် အနေးယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့၏ နှစ်ပတ်လည် အစည်းအဝေးနှင့် စတုတ္ထအကြိမ်မြောက်ပညာရည်ချွန်ဆုပေးအပ်ပွဲကို ဇန်နဝါရီ၂၇ ရက် မွန်းလွဲ ၁ နာရီက အနေးယာဉ်စည်းကမ်း ထိန်းသိမ်းရေးအဖွဲ့ရုံးခန်းမ၌ ပြုလုပ်ရာ အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး တက်ရောက်ခဲ့ကြောင်းသိရသည်။

ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးမင်းက နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးနှင့် ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် နှစ်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်သော အနေးယာဉ်လုပ်သား ဦးလှအေး၏သမီး မဖြူစင်မော်အား ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်ခဲ့ကြောင်းသိရသည်။

မြင့်ဦး(အင်းစိန်)

ခေတ်အဆက်ဆက်၌ ထင်ရှားသော မန္တလေးမြို့မှ မြန်မာ့ကြေးသွန်းအနုပညာ

à wdvref

မြန်မာ့ကြေးသွန်းအနုပညာ လက်ရာသည် ခေတ်အဆက်ဆက်က ထင်ရှားကျော်ကြားပြီး လက်ရာမြောက်လွန်းလှသည်။ ကြေးသွန်းရုပ်တုတစ်ခုဖြစ်ပေါ်ရန် အဆင့်များစွာဖြတ်ကျော်ရသည်။ ပထမဦးစွာ ရွှံ့စေးနှင့် စပါးခွံတို့ကို သမအောင်နယ်ထားသောမြေဖြင့် မိမိသွန်းလုပ်လိုသည့်ပုံစံကို ပုံဖော်ရသည်။ ပုံဖော်ထားသည့်အကြမ်းထည် ရွှံ့ရုပ်ကို နေလှန်းပေးရသည်။

နေလှန်း၍ ခြောက်သွားသော အကြမ်းထည်ကို အချောကိုင်ရသည်။ ပုံချောထွက်လာပါက ပြန်၍ နေလှန်းပေးထားရသည်။ နေလှန်း၍ ခြောက်သွားသည်နှင့် ကော်ဖတ်စားကာ မြေနုသုတ်ပေးရသည်။ ထို့နောက် ကော်ဖတ်အချောစားကာ ကော်ရည်သုတ် သောအဆင့်တို့ကို ပြုလုပ်ကြရသည်။ ဒုတိယအဆင့် အနေဖြင့် ဖယောင်းကိုင်သောအဆင့်ကိုပြုလုပ်ကြသည်။ ဖယောင်းကိုင်ရန်အတွက် ဖယောင်းကိုအချိုးကျစပ်ပေးရသည်။ ဖယောင်းစပ်ရာတွင် ဖယောင်းအဖြူ ၁၀ ပိဿာ၊ အင်တွဲခြောက်ပိဿာ၊ ရေနံချေးအပျော့၊ အမာတို့ကို လိုသလိုစပ်ပြီး ထည့်ကာကျိုရသည်။ ဖယောင်းကျိုပြီးသည်နှင့် စက်ဖြင့် အပြားကြိတ်ကာ ကိုယ်လိုရာထုကို အပြားပြုလုပ်ရသည်။

မြေကြမ်းမာပြီးသည်နှင့် သံပြားများနှင့်ချုပ်ရသည်။ သံပြားပေါ်တွင် မြေတစ်ထပ်မံပေးရသည်။ ထို့နောက် အောက်ခြေခွာချုပ်ပြီး အပေါက်ဖောက်ကာ မြေမံရပြန်သည်။ ထိုအခြေအနေတွင် အတွင်းပိုင်းကမြေ၊ အလယ်ကဖယောင်း၊ အပြင်ကမြေ၊ အောက်ခြေ ဖောက်နေလှန်းပြီး ခြောက်သည်နှင့် ကြေးသွန်းလောင်းရန် အဆင်သင့်ဖြစ်သွားသည်။

ကြေးသွန်းပြီးသည်နှင့် တစ်ရက်ထားပြီး မြေသားကို ထုခွာလိုက်သည်နှင့် ကြေးသွန်းပုံကြမ်းပေါ်လာသည်။ ထိုကြေးသွန်းပုံကြမ်းကို ခေတ်ပေါ်စက်ကိရိယာဖြင့် အချောကိုင်ကာ ကြေးကို အရောင်တင်ကြရသည်။ ထိုသို့ ပြုလုပ်ပြီးပါက ဈေးကွက်ဝင်သည့် လက်ရာမြောက် ကြေးသွန်းအနုပညာတစ်ခုဖြစ်ပေါ်လာသည်။ ကြေးသွန်းရုပ်တုများမှာ အရွယ်အစားအလိုက် ရက်အနည်းငယ်မှ ရက်များစွာအထိ အချိန်ယူကြရသည်။

လက်ရှိ ကြေးသွန်းဗုဒ္ဓရုပ်ပွားတော်ပုံတစ်ဆူလျှင် ဉာဏ်တော်တစ်ပေ အရွယ်ရုပ်တုမှစကာ အရွယ်အစားအလိုက်ဈေးနှုန်းမြင့်တက်သွားသည်ဟု သိရသည်။ မြန်မာ့ကြေးသွန်း အနုပညာလက်ရာသည် အဆင့်များစွာဖြတ်ကျော်ရပြီး လက်ရာမြောက်စွာ ပြုလုပ်ရသော အနုပညာလုပ်ငန်းဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံအရပ်ရပ်မှ ပုံတူကြေးသွန်းရုပ်တုများကို မန္တလေးမြို့သို့ လာရောက်အပ်နှံကြောင်းကြေးသွန်းပညာရှင်တစ်ဦးထံမှ သိရသည်။

တောင်သူလယ်သမားများအား လယ်ယာမြေဥပဒေနှင့် နည်းဥပဒေများအကြောင်း ရှင်းလင်း

မော်လူး ဖေဖော်ဝါရီ ၁

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသရှိ တောင်သူလယ်သမားများအား လယ်ယာမြေဥပဒေနှင့် နည်းဥပဒေများ အကြောင်းရှင်းလင်းပွဲကို ဇန်နဝါရီ ၂၈ ရက် နံနက် ၁၀ နာရီတွင် မော်လူးအုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် အင်းတော်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်နှင့် အတွင်းရေးမှူး ဦးကျော်ကျော်လွင်တို့က လယ်ယာမြေဥပဒေနှင့် နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောခဲ့သည်။

အဆိုပါ လယ်ယာမြေဥပဒေနှင့် နည်းဥပဒေများအကြောင်း ရှင်းလင်းရာသို့ အင်းတော်မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်၊ အတွင်းရေးမှူး ဦးကျော်ကျော်လွင် (မြေစာရင်းဦးစီးမှူး)၊ မြို့နယ်အထောက်အကူပြုကော်မတီဝင် ဦးချစ်ရွှေ၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမင်းအောင်၊ မြို့နယ် ဒုတိယပညာရေးမှူး ဦးသိန်းဆွေဝင်း၊ မြို့နယ် ကျေးလက်ဦးစီးမှူး ဦးမျိုးမင်းစိုး၊ မြို့နယ် ဆောက်လုပ်ရေး အင်ဂျင်နီယာ ဦးလင်းလင်းထွန်း(SAE)၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဒုတိယဦးစီးမှူး ဦးပြည့်ဖြိုးမောင်၊ မော်လူးဒေသ ကျေးရွာအုပ်စု အသီးသီးမှ အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများ၊ စာရေးများနှင့် ဒေသခံတောင်သူလယ်သမားများ တက်ရောက်ခဲ့ကြသည်။

ခင်မောင်ဆွေ

ဒလမြို့နယ်၌ ဆန်နှင့်အလှူငွေ ပေးအပ်လှူဒါန်း

ဒလ ဖေဖော်ဝါရီ ၁

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် အုံ့ကြီးအနောက်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် တော်ဝင်ဆေးခန်း ပိုင်ရှင် ဦးသိန်းဟန် ဇနီး ဒေါက်တာသန်းသန်းနုနှင့် သမီး မမြတ်သီဂီဟန် မိသားစုက ဆင်းရဲနွမ်းပါးသူများအား ဇန်နဝါရီ ၂၉ ရက်က ဆန်များ လာရောက်လှူဒါန်း၍ အလှူငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ယင်းသို့ လှူဒါန်းရာတွင် ယခင်နှစ်နည်းတူ ယခုနှစ်တွင်လည်း စံပြတံတားချောင်း ဘုန်းတော်ကြီးကျောင်းသို့ ဆန်တစ်အိတ်၊ တံတားချောင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ ဆန်တစ်အိတ် ဆက်ကပ်လှူဒါန်းခဲ့ပြီး အုံ့ကြီးအနောက်ရပ်ကွက်ရှိ ဆင်းရဲနွမ်းပါး မိသားစုများကို ဆန်နှစ်ပြည်နှုန်းဖြင့် စုစုပေါင်း ဆန် ၂၈ အိတ် လှူဒါန်းခဲ့သည်။

ယင်းအပြင် ရပ်ကွက်အတွင်းရှိ ဘုရင့်နောင်လမ်းနှင့် ဗန္ဓုလလမ်းသို့ ဆက်သွယ်ထားသော ကျိုးကျပျက်စီးနေသည့် အောင်စံလှချောင်းကူးတံတား ပြန်လည်တည်ဆောက်နိုင်ရန်အတွက်လည်း အလှူရှင်မိသားစုများက ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းထံသို့ အလှူငွေကျပ်ငါးသိန်း ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါ လှူဒါန်းခြင်းများကို အလှူရှင်မိသားစုများနှင့်အတူ ရပ်ကွက်အုပ်ချုပ်ရေးမှူးဦးရဲထွန်းနှင့် ဆယ်အိမ်မှူး၊ ရာအိမ်မှူးများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများမှ ကူညီဆောင်ရွက်ပေးခဲ့သည်။

ဝါဝါ

သုံးခွမြို့နယ် သိုက်တူးကန်စံပြကျေးရွာ ပဲတီစိမ်းဧက ၅၀ စံပြကွက်သို့ကွင်းဆင်းလေ့လာ

သုံးခွ ဖေဖော်ဝါရီ ၁

ပဲတီစိမ်းဧက ၅၀ စံပြကွက်အတွင်း စိုက်ပျိုးထားသော စိုက်ပျိုးရေးသုတေသနမှ ထုတ်လုပ်ထားသည့် ရေဆင်း ပဲတီစိမ်းမျိုး ရှစ်မျိုးယှဉ်ပြိုင်ကွင်း အောင်မြင်ဖြစ်ထွန်းနေသော ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သုံးခွမြို့နယ် သိုက်တူးကန်စံပြကျေးရွာ တောင်သူ ဦးမြင့်သောင်း၏ စံပြစိုက်ကွင်း၌ ဇန်နဝါရီ ၂၉ ရက် မွန်းလွဲ ၁ နာရီက ကွင်းဆင်းလေ့လာကြကြောင်းသိရသည်။

ကွင်းဆင်းလေ့လာရေးအဖွဲ့သို့ စိုက်ကွင်းတာဝန်ခံ လက်ထောက်ဦးစီးမှူး ဒေါ်လှဲ့လှဲ့ဝင်းနှင့် စိုက်ပျိုးတောင်သူ ဦးမြင့်သောင်းတို့က ရှင်းလင်းပြောကြားပေးခဲ့ကြသည်။ သုံးခွမြို့နယ်တွင်၂၀၁၄-၂၀၁၅ခုနှစ် ပဲမျိုးစုံ စိုက်ပျိုးဧက ၁၃၀၀၀၀ ဧက ကျော် စိုက်ပျိုးထားကြောင်းသိရသည်။

ယင်းကွင်းဆင်းလေ့လာရာတွင် ရန်ကုန်တောင်ပိုင်းခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးထွန်းမြင့်၊ သုံးခွမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးညီညီစော၊ ဒုတိယဦးစီးမှူး ဦးဟန်ဖြိုးဇော်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးတင်မြင့်အောင်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ တက်ရောက်လေ့လာကြကြောင်း သိရသည်။

ကြည်စိုးလွင်(သုံးခွ)

ကချင်အဝတ်အထည်ရက်လုပ်မှု ရေစကြိုမြို့နယ်၌ ကျယ်ပြန့်လာ

ရေစကြို ဖေဖော်ဝါရီ ၁

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တစ်ဝိုက် ကချင်အဝတ်အထည် ရက်လုပ်မှု တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းများ အောင်မြင်နေသည်ဟု ဒေသခံများ၏ပြောပြချက်အရ သိရသည်။

ရေစကြိုမြို့နယ်ရှိ ဒေသခံများသည် ကချင်အဝတ်အထည်ရက်လုပ်မှုကို ၂၀၁၃ ခုနှစ်မှ စတင်၍ ကချင်ပြည်နယ် မြစ်ကြီးနားသို့ သွားရောက်ပညာသင်ယူခဲ့ကြသည်။

"ဦးတို့ ရက်ကန်းရက်လုပ်တာ နှစ်နှစ်ပြည့်ပြီပေါ့။ တစ်ပိုင်တစ်နိုင်ပဲ လုပ်ကြတာပါ။ စီးပွားရေးအရအဆင်ပြေပါတယ်။ လူငယ်တွေလည်း အလုပ်ရတယ်။ အခုလို ကချင်အဝတ်အထည်ကို ရက်လုပ်နိုင်ဖို့အတွက် ရွာက ကလေးမလေးတွေ မြစ်ကြီးနားကို တစ်နှစ်လောက် ပညာသင်သွားခဲ့ရတယ်။ ပြန်လာတော့ ဦးလည်း ကချင်ရက်ကန်းစင် ၁၆ စင် ထောင်ထားတယ်။ စီးပွားရေးအရတော့ အဆင် ပြေတယ်။ တစ်စုံကို ရတ်လုပ်ခ ကျပ် ၈၀၀၀ ကနေ ကျပ် ၁၀၀၀၀ အထိပေးရတယ်။ တစ်စုံကိုငွေကျပ် ၂၀၀၀၀ ရောင်းရတယ်။ တစ်စင်ကိုအစုံ ၃၀ လောက်ရတယ်။ ထဘီသက်သက်ဆိုအကွင်း ၅၀ လောက်ရတယ်" ဟု ရက်ကန်းပိုင်ရှင်တစ်ဦးက ပြောသည်။

ရက်ကန်းရက်လုပ်မှုကို ရေစကြိုမြို့နယ် ကျောက်ကာရွာနှင့် ချင်းယားကုန်းရွာများ၌ အများအပြားတွေ့ရသည်။ **ရင်အောင်ဦး(ရေစကြို)**

ပလောက်မြို့တွင် မိုးပွင့်အထူးစီမံချက် ကွင်းဆင်းဆောင်ရွက်

ပလောက် ဖေဖော်ဝါရီ ၁

ပလောက်မြို့ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းဆောင်ရွက်ရန် ကျန်ရှိနေသူများအတွက် မိုးပွင့်အထူးစီမံချက်ဖြင့် ဖေဖော်ဝါရီ ၁ ရက်မှ ဇွန် ၃၀ ရက်အထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စီမံချက်ကာလအတွင်း ပြည်သူများသိရှိပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စု လူဦး ရေစာရင်း ဆောင်ရွက်နိုင်ရန်အတွက် ပလောက်မြို့ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မြေစိုက်ပိုစတာ စိုက်ထူခြင်း၊ လက်ကမ်းစာစောင်များ ဝေငှခြင်း၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များက ပြည်သူများထံမှ စာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပလောက် ပြန်/ဆက်

မြစ်ငယ်မြို့အနီး မြစ်ငယ်မြစ်ရထားလမ်းကူးတံတားသစ်တည်ဆောက်မှုစတင်

မန္တလေး ဖေဖော်ဝါရီ ၁

မြစ်ငယ်မြို့အနီးမြစ်ငယ်မြစ်ပေါ်တွင် ကမ်းနှစ်ဖက်ကို ဆက်သွယ်ထားသည့် သံတံတားခုံးများကို ဖြူဖွေးစွာတွေ့မြင်ရပြီး မီးရထားအတွက် တံတားတစ်စင်း၊ ကားလမ်းအတွက် တံတားတစ်စီး တည်ဆောက်ကာဆက်သွယ်ကူးလူးသွားလာခဲ့သည်မှာနှစ်ပေါင်းများစွာကြာခဲ့ပြီ ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်မှုနှင့်အညီ ကားများဖြတ်ကူးရန် ခုံးပါဝင်သောသံတံတားနှစ်စင်းဘေးတွင် မျိုးဆက်သစ်တံတားတစ်စင်းကိုတည်ဆောက်နိုင်ခဲ့သည့်အတွက်ပြည်သူများအတွက် အားထားရကာ မြစ်ငယ်မြစ်၏အလှကိုပေါ်လွင်စေခဲ့သည်။ မျိုးဆက်သစ်တံတားကို၂၀၀၃ခုနှစ် မတ် ၇ ရက်တွင်စတင် တည်ဆောက်ခဲ့ပြီး ၂၀၀၅ ခုနှစ် စက်တင်ဘာ ၁၇ ရက်တွင်ပြီးစီးကာ ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ တံတားအရှည်မှာ၈၄၀ပေ၊ တံတားအကျယ်ပေ၈၀ပေ၊ ယာဉ်သွားလမ်းအကျယ် ၇၂ပေ၊ ဘေးတစ်ဖက်တစ်ချက်ဆီတွင်လူသွားလမ်းနှင့်လက်ရန်းပါရှိသည်။

တံတားအမျိုးအစားမှာအုတ်မြစ်သံကူကွန်ကရစ်ထူးပိုင်၊ ကိုယ်ထည်သံကူကွန်ကရစ်၊ အပေါ်ထည်ကြိုတင်အားဖြည့်ကွန်ကရစ်သံကူကွန်ကရစ်၊ တံတားအောက်ရေလမ်းကင်းလွတ်နယ်အကျယ်၇၄ပေ အမြင့်၈ပေ၆လက်မ၊ တံတားခံနိုင်ဝန်ချိန်၄၅တန်ခြောက်လမ်းယာဉ်တစ်စီးချင်း၇၅တန် ခံနိုင်သည်။ယခုအခါ မြစ်ငယ်မြစ်ပေါ်တွင် မီးရထားလမ်းကူးသံတံတားသစ်တစ်စင်း တည်ဆောက်မှုလုပ်ငန်းစဉ်စတင်နေပြီဖြစ်သည်။ လက်ရှိတည်ဆောက်မည့်တံတားအပါအဝင်မြစ် ငယ်မြစ်ပေါ်တွင်တံတားလေးစင်းအပြိုင်မြင်တွေ့ရမည် ဖြစ်သည်။

မြစ်ငယ်မီးရထားလမ်းကူးတံတားသစ်မှာလက်ရှိမီးရထားလမ်းကူးတံတား၏ အရှေ့ဘက် ၁၇မီတာအကွာတွင်တည်ဆောက်ကာ ၁ ဒသမ၂ မီတာ Bore Pileအမျိုးအစားဖြစ်ပြီး Bore Pile အရေအတွက် ၅၀ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ Sub structureudkRcကွန်ကရစ် တိုင်ကိုအသုံးပြုမည်ဖြစ်ကာ ၁ ဒသမ ၂မီတာ Bore Pileအမျိုးအစားဖြစ်ပြီး Bore Pile အရေအတွက် ၅၀ ပါဝင်မည်ဖြစ်ကြောင်းသိရသည်။

Sub structureudk Rc ကွန်ကရစ် တိုင်ကိုအသုံးပြုမည်ဖြစ်ကာ Super structure မှာ ပေ ၁၅ Steel Box Girder(4Nosနှင့် ပေ၄၀ Steel Girder(2Nos)တို့အသုံးပြုတည်ဆောက်မည်ဖြစ်သည်။ တံတားပေအရှည် ၇၂၂ပေရှိမည်ဖြစ်ကာ၂၀၁၆ခုနှစ်တွင်အပြီးတည်ဆောက်မည်ဖြစ်သည်။

မီးရထားလမ်းကူးတံတားသစ်သည် မြစ်ငယ်တံတား တံတားအမှတ်(၈၂၆)ဖြစ်ပြီးတည်ဆောက်မှုလုပ်ငန်းစတင်နေပြီဖြစ်သည်။

လာမည့်၂၀၁၅-၂၀၁၆ခုနှစ်တွင် မြစ်ငယ်မြို့အနီး မြစ်ငယ်မြစ်ပေါ်တွင် တံတားလေးစင်းအပြိုင်တွေ့မြင်ရပြီး မီးရထား၊ ကားတို့ အဆင်ပြေချောမွေ့စွာဖြတ်သန်းသွားလာနိုင်တော့မည်ဖြစ်သည်။ အထူးသဖြင့်မီးရထားလမ်းကူးတံတားသစ်ပေါ်ထွက်လာခြင်းကြောင့်မီးရထားနှစ်စင်းအပြိုင်ကူးလာနိုင်ကာ ရထားစောင့်ကာကူးရသည့်အချိန်ကြန့်ကြာမှုကင်းကာ ရထားခရီးစဉ် ပိုမိုမြန်ဆန်ချောမွေ့လာတော့မည်ဖြစ်ကြောင်းလေ့လာသိရှိရသည်။ **(တိမ်တမန်)**

မလေးရှားနိုင်ငံ KDU Collegeနှင့် MSI Education Consultancy Services တို့ပူးပေါင်း၍ ၂၀၁၅ ပညာသင်ဆုရ ကျောင်းသားကျောင်းသူများအားဂုဏ်ပြု

ရန်ကုန် ဖေဖော်ဝါရီ ၁

မလေးရှားနိုင်ငံ KDU College(ပီနန်) နှင့် Myanmar Search International (MSI) Education Consultancy Services Co.,Ltdတို့ ပူးပေါင်း၍ ၂၀၁၅ ခုနှစ်ကျောင်းဖွင့်ချိန် မလေးရှားနိုင်ငံတွင်ပညာသင်ကြားကြမည့် ပညာသင်ဆုရကျောင်းသားကျောင်းသူ ၁၂ ဦးနှင့် ၎င်းတို့၏ မိဘများအားဂုဏ်ပြုတွေ့ဆုံပွဲကိုဇန်နဝါရီ ၃၀ ရက် ညနေကကျင်းပပြုလုပ်ခဲ့သည်။

ဂုဏ်ပြုပွဲနှင့် တွေ့ဆုံပွဲအခမ်းအနားကိုရန်ကုန်မြစ်အတွင်းသွား အပျော်စီးသင်္ဘောဖြစ်သော Royal Green River ပေါ်တွင်ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်သည်။

"ဒီ ၂၀၁၅ ခုနှစ် ဧပြီ၊ ဇူလိုင်နဲ့ စက်တင်ဘာအတန်းတွေအတွက် လျှောက်လွှာတွေ လျှောက်လို့ရပါပြီ။ ပီနန်က မလေးရှားမှာစက်မှုထွန်းကားပြီး ကျန်းမာရေး ဝန်ဆောင်မှု၊ ခရီးသွားဝန်ဆောင်မှုတွေလည်း ထွန်းကားတယ်။ ကမ္ဘာ့နိုင်ငံအသီးသီးကထင်ရှားတဲ့ ကုန်အမှတ်တံဆိပ်တွေ၊ လုပ်ငန်းတွေ လုပ်ဆောင်နေတဲ့ နေရာလည်းဖြစ်ပါတယ်။ ဒါကြောင့် ပညာရေးတင်မဟုတ်ဘဲ အလုပ်အကိုင် အတွေ့အကြုံကောင်းတွေရနိုင်တယ်။ ၂၀၂၀ မှာ နိုင်ငံတကာပညာရေးဆုံချက်နေရာအဖြစ်သတ်မှတ်ထားပြီး အမေရိကန်တက္ကသိုလ်တွေ လာဖွင့်ဖို့ရှိပါတယ်။ ပီနန်မှာက ၉၅ ရာခိုင်နှုန်းလောက်က မလေးရှားနိုင်ငံသားတရုတ်တွေများပါတယ်" ဟု MSI မှ မန်နေဂျင်းဒါရိုက်တာဒေါ်စုစုလှိုင်က ပြောသည်။

"ပီနန်က အချက်အချာကျတဲ့ မြို့ဖြစ်ပါတယ်။ မလေးရှားနိုင်ငံရဲ့ ခရီးသွားကဏ္ဍရဲ့ ဂျီဒီပီ ၂၈ ရာခိုင်နှုန်းကပီနန်ကပဲဖြစ်ပါတယ်။ ကွာလာလမ်ပူပြီးရင်ဒုတိယအကြီးဆုံးမြို့လည်းဖြစ်ပါတယ်။ မလေးရှားနိုင်ငံမှာ ပြည်ပကနေဆေးလာကုသတဲ့ နေရာမှာ ၆၀ ရာခိုင်နှုန်းလောက်က ပီနန်ကိုလာရောက်တာပဲဖြစ်ပါတယ်။ ကမ္ဘာ့အရပ်ရပ်က စီးပွားရေးကုမ္ပဏီပေါင်းများစွာရှိတဲ့အတွက်အခွင့်အလမ်းတွေ အများကြီးပါပဲ"ဟု ပီနန်ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီး Mr. Danny Law Heng Kiang က ပြောကြားခဲ့သည်။

KDU College (ပီနန်) မှ ဒီပလိုမာသင်တန်း၊ ဘွဲ့ဒီဂရီတန်းများအတွက် မြန်မာကျောင်းသားကျောင်းသူများအား ၈၀ ရာခိုင်နှုန်း ပညာသင်ဆုထောက်ပံ့ပေးအပ်ပြီးသင်ထောက်ကူပစ္စည်းများ ပြည့်စုံမှုတွင် ကြယ်ငါးပွင့် အဆင့်ရရှိထားသည်။ MSI အနေဖြင့် KDUအပါအဝင် နိုင်ငံတကာတက္ကသိုလ်များ၊ ကောလိပ်များနှင့်ချိတ်ဆက်ကာပညာရေး ဝန်ဆောင်မှုများကို မြန်မာကျောင်းသား ကျောင်းသူများအတွက်ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်းသတင်းရရှိသည်။ **(၀၀၁)**

မြန်မာ့သနပ်ခါးနှင့်ကျန်းမာရေး

သနပ်ခါးဟုဆိုလျှင် အမျိုးသမီးများအပြင်အမျိုးသားငယ်တို့ကလည်း စိတ်ဝင်စားကြသည်။ သနပ်ခါးတွင် ရှင်မတောင်သနပ်ခါး၊ ရွှေဘိုသနပ်ခါးနှင့်သီးခေါက်သနပ်ခါးတို့ ပါဝင်ပြီး မျက်နှာရှိညှင်း၊ ဝက်ခြံနှင့် ယားနာတို့ကို ပျောက်ကင်းစေပြီး အသားအရည်ကို ချောမွတ်နူးညံ့စေပြီး မွှေးရနံ့သင်းပျံ့စေသည်။

ရှင်မတောင်သနပ်ခါးအများဆုံးထွက်ရှိရာဒေသမှာ မကွေးတိုင်းဒေသကြီးအတွင်းက ပခုက္ကူ၊ ရေစကြိုနှင့်မြိုင်မြို့နယ်တို့ကအများဆုံးထွက်ရှိကာ ရှင်မတောင်နှင့်နီးသည့် ပခုက္ကူနှင့်မြိုင်မြို့နယ်တို့ကသနပ်ခါးမှာအပွေးကျစ်ပြီး မွှေးရနံ့သင်းပျံ့မှုကြောင့်အကြိုက်များဈေးကောင်းနေကြောင်းသိရသည်။ မကွေးတိုင်းဒေသကြီးအတွင်းကမြို့နယ်များအပြင် မန္တလေးတိုင်းဒေသကြီးနှင့်စစ်ကိုင်းတိုင်းဒေသကြီးအတွင်းကမြို့နယ်အချို့တွင်လည်း ရှင်မတောင်သနပ်ခါးထွက်ရှိသည်။

ရွှေဘိုသနပ်ခါးမှာအသုံးများကြိုက်နှစ်သက်ကြသော်လည်း ထွက်ရှိမှုနည်းပါး၍ဈေးကွက်အတွင်းကျယ်ပြန့်မှုမရှိပေ။ သီးခေါက်သနပ်ခါးကိုပြည်မြို့နယ်နှင့် ဆင်ဖြူကျွန်းမြို့နယ်တို့ကထွက်ရှိပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်း ရှိမြို့နယ်များတွင်စပါးစိုက်ပျိုးချိန်နှင့်ရိတ်သိမ်းချိန်တို့တွင်အမျိုးသမီးများအသုံးများ၍ဈေးကွက်ကောင်းနေကြောင်း သိရသည်။

သနပ်ခါးအမျိုးမျိုးအနက်အကြိုက်များပြီး ဈေးကောင်းရရှိနေသည်မှာရှင်မတောင်သနပ်ခါးပင်ဖြစ်သည်။ ရှင်မတောင်သနပ်ခါးကိုမြို့ကြီးများရှိစတိုးဆိုင်ကြီးများ၊ ကုန်ပပဒေသာဆိုင်များ၊ တန်ဖိုးကြီးဘုရားပွဲတော်ဈေးများနှင့်ကျေးလက်အရောက် ရောင်းဝယ်လျက်ရှိနေကြသည်။

ရှင်မတောင်သနပ်ခါးအများဆုံးထွက်ရှိရာပခုက္ကူမြို့သို့ ဇန်နဝါရီနောက်ဆုံးပတ်က ရောက်ရှိစဉ် သီဟိုဠ်ရှင် မြတ်စွာဘုရားမျက်နှာစာတွင် သနပ်ခါးဆိုင်ဖွင့်လှစ်ရောင်းချနေသူတစ်ဦးက နှစ်ပတ်လည်ရောင်းလို့ကောင်းကြောင်း၊ အရွယ်အစားနှင့်အပွေးကိုကြည့်ပြီး ဈေးနှုန်းသတ်မှတ်ကြောင်း၊ အမျိုးသမီးတို့ အကြိုက်တန်းဝင် ရှင်မတောင်တစ်တုံးကိုအနည်းဆုံးကျပ် ၃၀၀၀ နှင့် အထက်ရောင်းကြောင်းဘုရားပွဲတော်ကာလတွင်ရောင်းရန်အတွက် ကြိုတင်စုဆောင်းထားသော်လည်း ပစ္စည်းများကုန်သည်အထိရောင်းရကြောင်းပြောပြသည်။

ပခုက္ကူမြို့တွင်ရှင်မတောင်သနပ်ခါးရောင်းပြီး စီးပွားဖြစ်နေသူတွေရှိသကဲ့သို့သနပ်ခါးပင်များ စိုက်ပျိုး၍ စီးပွားဖြစ်နေသူဦးမောင်သိန်းက ရှင်မတောင်သနပ်ခါးစိုက်ပျိုးရန် မြေယာကွက်ကဈေးကြီးကြောင်း၊ သနပ်ခါးပင်သုံးစွဲရန်စိုက်ပျိုးပြီးသည်မှ ၁၀ နှစ်၊ ကျော်စောင့်ဆိုင်းရကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုထက် သုံးစွဲမှုကများနေကြောင်း၊သို့အတွက်ရှင်မတောင်သနပ်ခါးက ဈေးကွက်ကျယ်ပြန့်လျက်ရှိနေကြောင်း၊ မြန်မာတို့အလုပ်သွားလုပ်နေကြသည့်အိမ်နီးချင်းနိုင်ငံများကလည်း ဝယ်ယူလျက်ရှိကြောင်းပြောပြသည်။

နိုင်ငံတကာမှမျက်နှာလိမ်းရန် ထုတ်လုပ်နေကြသည့်အလှပြင်သည့်ပစ္စည်းများသည် ဓာတုပစ္စည်းများဖြင့်ထုတ်လုပ်ထားသဖြင့် ရေရှည်တွင်ကျန်းမာရေးကို ထိခိုက်နိုင်သဖြင့်ကျန်းမာရေးကို အထောက်အကူဖြစ်စေသည့် မြန်မာသနပ်ခါးကိုအသုံးပြုခြင်းဖြင့် မြန်မာ့ယဉ်ကျေးမှုကိုထိန်းသိမ်းကြပါစို့။

အောင်ဝင်း(ဖျာပုံ)

ဖယ်ခုံမြို့နယ်ပြည်သူ့ဆေးရုံ၌ တိုးချဲ့လူနာဆောင်များဖွင့်လှစ်

ဖယ်ခုံ ဖေဖော်ဝါရီ ၁

ရှမ်းပြည်နယ် ဖယ်ခုံမြို့နယ်၌ ဂျပန်/မြန်မာသံတမန်ဆက်ဆံရေးအနှစ် (၆၀)ပြည့်အထိမ်းအမှတ် ၂၀၁၃ ခုနှစ်အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်အရ ဂျပန်အစိုးရနှင့် ပြည်သူများ၏ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သော (၂၅)ခုတင်ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံ တိုးချဲ့အမျိုးသားနှစ်ထပ်လူနာဆောင်နှင့် ကလေးတစ်ထပ်လူနာဆောင် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃၀ ရက် မွန်းလွဲ ၁ နာရီခွဲက ဆေးရုံရှေ့တွင်ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကယန်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးလောရင်း၊ ရှမ်းပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းထွဋ်ဦး၊ ဂျပန်သံရုံး ဒုတိယအတွင်းဝန် Mr.Masahiro Fujikawa (မစ္စတာမာဆာဟီရိုဖူဂျီကာဝါ)၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးမောင်ငွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် တိုးချဲ့လူနာဆောင်အသစ်နှင့် ပတ်သက်သော မှတ်တမ်းများကို ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ရာ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီအတွင်းရေးမှူးဦးအောင်ကျော်သန်းက ပေးအပ်ပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာကျော်ကျော်ဦးက လက်ခံရယူသည်။

ဆက်လက်၍ ဖွင့်ပွဲ အထိမ်းအမှတ်အလံများနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီမှ ဧည့်သည်တော်များအား အမှတ်တရရိုးရာဝတ်စုံများ နေရာရောက်ပေးအပ်ခဲ့ပြီး မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးမောင်ငွေးက မြို့နယ်ပြည်သူလူထုကိုယ်စား ကျေးဇူးတင်စကား ပြော-ကြား သည်။

အဆိုပါတိုးချဲ့ဆောင်သစ်များသည် ဂျပန်နိုင်ငံသံရုံး အသေးစားစီမံကိန်းထောက်ပံ့ရေးအစီအစဉ်(GGP)၏ ကူညီပံ့ပိုးမှုဖြင့် အမျိုးသားလူနာဆောင်အလျားပေ ၆၀× ပေ အနံ ၃၀ RC နှစ်ထပ်ဆောင် တစ်ဆောင်၊ ကလေးလူနာဆောင် အလျား ၄၈ ပေ×အနံ ၄၈ ပေ RC တစ်ထပ်ဆောင် တစ်ဆောင်နှင့် အိမ်သာ၊ ရေချိုးခန်း၊ လျှောက်လမ်း၊ လူနာခုတင်၊ ဘီဒို၊ ရေ၊ မီး အစုံအတွက် ငွေကျပ် ၂၁၂၅၁၄၇၃၆ ဖြင့် Mandalay Strength ကုမ္ပဏီမှ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီ ၂၄ ရက်တွင်စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၂ ရက်တွင် ပြီးစီးခဲ့ခြင်းဖြစ်သည်။

အခမ်းအနားသို့ ကယန်းတိုင်းရင်းသားရေးရာဝန်ကြီး၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ ဂျပန်သံရုံးဒုတိယ အတွင်းဝန်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုး တိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ ၃၅၀ ဦးခန့် တက်ရောက်ခဲ့သည်။ **ကိုထွေး(ဖယ်ခုံ)**

မြေသားလမ်းခင်းခြင်း ကွင်းဆင်းဆောင်ရွက်

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် မွေးမြူရေး ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေ ၂၃ ဒသမ ၂၈ သန်းဖြင့် ဘားအံမြို့နယ် ဝတ်ကြီး-ထုံးတောင်လမ်း မြေသားလမ်းခင်းခြင်း ဆောင်ရွက်နေမှုကို ဘားအံမြို့နယ် ကျေးလက်ဦးစီးမှူးနှင့်အဖွဲ့မှ ကွင်းဆင်းကြည့်ရှုစစ်ဆေးဆောင်ရွက်ခဲ့သည်။ အဆိုပါ လုပ်ငန်းဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ ၁၂ ရွာ၊ အိမ်ခြေ ၈၆၃၊ လူဦးရေ ၅၄၇၆ ဦးအား အကျိုးပြုစေမည်ဖြစ်ကြောင်း သိရသည်။ **ကျေးလက်ဦးစီး**

ဝက်သက်နှင့်ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုး

ပုသိမ်ခရိုင် ရွှေသောင်ယံမြို့နယ်ခွဲတွင် ဝက်သက်နှင့်ဂျိုက်သိုးရောဂါကင်းဝေးစေရေးအတွက် ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၁၉ ရက်မှ ၂၅ ရက် အထိ မြို့ပေါ်စာသင်ကျောင်းလေး ကျောင်းတို့တွင် အသက်ငါးနှစ်မှ ၁၅ နှစ်အထိ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၄၀၀ ဦးတို့ကို ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီးဖြစ်ကြောင်းသိရသည်။

ကြည်ကြည်နိုင်(ရွှေသောင်ယံ)

ထားဝယ်တက္ကသိုလ် တွင်ဘာသာရပ်အလိုက် ထမနဲထိုးပြိုင်ပွဲကျင်းပ

ထားဝယ်၊ ဖေဖော်ဝါရီ ၁

တပို့တွဲလသည် မြန်မာ့ရိုးရာယဉ်ကျေးမှု ထမနဲပွဲကျင်းပသည့် အခါကာလဖြစ်သည်နှင့်အညီ ထားဝယ်တက္ကသိုလ်ဘာသာရပ်အလိုက် ထမနဲထိုးပြိုင်ပွဲကို ဇန်နဝါရီ ၃၀ ရက် နံနက် ၈ နာရီ က တနင်္သာရီတိုင်းဒေသကြီး၊ထားဝယ်မြို့ ထားဝယ်တက္ကသိုလ်နောက်ဘက်ရှိကွင်းပြင်တွင် ကျင်းပခဲ့သည်။

ထားဝယ် တက္ကသိုလ်တာဝန်ခံပါမောက္ခချုပ်ဒေါက်တာဘဟန်နှင့် ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တပျော်တပါး ပါဝင်ဆင်နွှဲခဲ့ကြသည်။

ပြိုင်ပွဲမကျင်းပမီ ဘာသာရပ်အလိုက်ထမနဲထိုးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကိုကျင်းပရာ တာဝန်ခံပါမောက္ခချုပ်ဒေါက်တာဘဟန် က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေး၍ ထားဝယ်တက္ကသိုလ်ဘာသာရပ်အသီးသီးမှကျောင်းသား ကျောင်းသူများကသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

ပြိုင်ပွဲတွင် အထူးပြုဘာသာရပ် ရှစ်သင်းဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ရူပဗေဒအသင်းက ပထမဆု၊ ဓာတုဗေဒအသင်းက ဒုတိယဆုနှင့် ရုက္ခဗေဒအသင်းကတတိယဆု အသီးသီးရရှိရာ ဆုများကို တာဝန်ခံပါမောက္ခချုပ်နှင့် ပါမောက္ခ(ဌာနမှူး)များက ချီးမြှင့်ခဲ့ကြသည်။

ထားဝယ်တက္ကသိုလ်အနေဖြင့် တပို့တွဲလရောက်တိုင်း ထမနဲထိုးပြိုင်ပွဲကို ကျင်းပလာခဲ့ရာ ယခုနှစ်ပြိုင်ပွဲသည် တတိယအကြိမ်မြောက်ဖြစ်ကြောင်းသတင်းရရှိသည်။

(ထားဝယ်ခရိုင် ပြန်/ဆက်)

ဝန်ထမ်းအိမ်ရာများမှ ခိုးယူသည့်ဆိုင်ကယ်များကို ပိုင်ရှင်ထံသို့ပြန်လည်ပေးအပ်

နေပြည်တော်၊ ဖေဖော်ဝါရီ ၁

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အရာထမ်း/ဝန်ထမ်းအိမ်ရာများမှ ခိုးယူခံရသည့်ဆိုင်ကယ်များအား ပိုင်ရှင်များထံ သို့ပြန် လည် ပေးအပ်ခြင်းကို ဇန်နဝါရီ လအတွင်း ကကျင်းခဲ့ပသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မြင့်အောင်သန်းက အဖွင့်အမှာစကားပြောကြားပြီး နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကိုကိုအောင်က မှုခင်းဖော်ထုတ်ရရှိမှုအားရှင်းလင်းတင်ပြသည်။

ဆက်လက်၍ဆိုင်ကယ်ပြန်လည်ရရှိသူများ၏ကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး မှုခင်း ဖော်ထုတ်ခဲ့သည့်တပ်ဖွဲ့ဝင်များအား နေပြည်တော်ကောင်စီဝင်က ဂုဏ်ပြုဆုငွေပေးအပ်ရာ တပ်ဖွဲ့ဝင်များကိုယ်စား ရဲမှူးကြီးကိုကိုအောင်က လက်ခံရယူခဲ့ကြောင်း သိရသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မြင့်အောင်သန်းက ပိုင်ရှင်များ လက်ဝယ်သို့ ဖော်ထုတ်ဖမ်း ဆီးရရှိသည့် ဆိုင်ကယ် ၂၅ စီးအနက်မှ ပိုင်ရှင်ပေါ်ပေါက်သော အစီး ၂၀ အား ပိုင်ရှင်များ ကိုယ်စား ပိုင်ရှင်ကိုယ် စားလှယ်တစ်ဦးသို့ ဆိုင်ကယ်သော့နှင့် ဆိုင်ကယ်များ လွှဲပြောင်းပေးအပ်ခဲ့သည်။

သန်းနိုင်(ဇမ္ဗူသီရိ)

ဓာတ်အားပျောက်ဆုံးမှုလျော့နည်းကျဆင်းရေးလုပ်ငန်းများ ဆောင်ရွက်

ညောင်တုန်း၊ ဖေဖော်ဝါရီ ၁

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ၃၃ KV လှိုင်သာယာ-ညောင်တုန်းလိုင်းရှိ နှစ်ဆင့်ပင် ကြေွသီးများအား အရည်အသွေးမီသုံးဆင့်ပင်ကြေွသီးများဖြင့် အသစ်လဲလှယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဦးသန်းထွန်းအောင်ဦးဆောင်ပြီး မအူပင်ခရိုင် လျှပ်စစ်အင်ဂျင်နီယာနှင့် ညောင်တုန်းမြို့နယ် လျှပ်စစ်အင်ဂျင်နီယာတို့ ကြီးကြပ်ပါဝင်ကာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ရုံးဝန်ထမ်းများ ပူးပေါင်းပြီး ဇန်နဝါရီ ၂၅ ရက်က လှိုင်သာယာ-ညောင်တုန်း ဓာတ်အားလိုင်းအား ကြံ့ခိုင်ကောင်းမွန်ရေးနှင့် ဓာတ်အားပြတ်တောက်မှု အကြိမ်လျော့နည်းကျဆင်းရေးတို့အတွက် လျှပ်စစ်ဓာတ်အားလိုင်း ပြုပြင်ထိန်းသိမ်းဆောင်ရွက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထွန်းကျော်(ညောင်တုန်း)

စည်းကမ်းမဲ့လမ်းကူးသူ ၂၃၀၀ကျော်ကို အရေးယူ

ရန်ကုန်၊ ဖေဖော်ဝါရီ ၁

ယခုဇန်နဝါရီလအတွင်း ဇန်နဝါရီ ၁ရက်မှ ၂၈ရက်အထိ စည်းကမ်းမဲ့ လမ်းဖြတ်ကူးသူ စုစုပေါင်း ၂၃၅၃ဦးကို အရေးယူ ခဲ့ကြောင်း အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ၏ ဇန်နဝါရီ ၃၀ ရက်က ပြုလုပ်သောမီဒီယာတွေ့ဆုံပွဲမှ သတင်းရရှိသည်။

အဆိုပါအရေးယူခဲ့သူ ၂၃၅၃ဦးတွင် ကျား ၁၅၁၃ဦးနှင့် မ ၈၄၀ဦးတို့ပါဝင်ခဲ့ပြီး ကျား ၁၉၆ဦးနှင့် မ ၈၅ဦးတို့ကိုလည်း ပညာပေးမှုများပြုလုပ်ခဲ့ကြောင်းသိရသည်။ စည်းကမ်းမဲ့လမ်းဖြတ်ကူးသူများကြောင့် မလိုလားအပ်သောယာဉ်အန္တရာယ်များ ကြုံလာစေသည့်အတွက် ယင်းကဲ့သို့ပြုလုပ်ခြင်းဖြင့် ယာဉ်အန္တရာယ်ဖြစ်ပွားမှုများကြောင့် သေကြေပျက်စီးမှုများလည်း လျော့ပါးလာစေမည်ဟုသိရသည်။

ထိုအရေးယူမှုများစတင်သည့် ၂၀၁၄ခုနှစ် ဒီဇင်ဘာ ၁ရက်မှ ၃၁ရက်အတွင်းတွင် ကျား ၄၃၈ဦး၊ မ ၂၄၇ဦးတို့ အပါအဝင် စုစုပေါင်း ၆၈၅ဦးကို အရေးယူခဲ့ပြီး ကျား ၁၄၂ဦး၊ မ ၇၅ဦးတို့အပါအဝင်စုစုပေါင်း ၂၁၇ဦးကို ပညာပေးခဲ့ပြီးဖြစ်သည် ဟုသိရသည်။ ထိုစည်းကမ်းမဲ့လမ်းဖြတ်ကူးသူများကို စတင်အရေးယူချိန်မှ ဇန်နဝါရီ ၂၈ ရက်အထိ စုစုပေါင်းမှာ ကျား ၁၉၅၁ဦး၊ မ ၁၀၈၇ဦး စုစုပေါင်း ၃၀၃၈ဦးကို အရေးယူနိုင်ခဲ့ပြီး ကျား၃၃၈ဦး၊ မ ၁၆၀ဦး စုစုပေါင်း ၄၉၈ဦးတို့ကို ပညာပေးမှုများ ပြုလုပ်နိုင်ခဲ့ ကြောင်းသိရသည်။

မတော်တဆ ယာဉ်အန္တရာယ်များဖြစ်ပွားမှု မြင့်တက်လာခြင်းကြောင့် ခြေကျင်သွားလာသူများ အနေဖြင့် ယာဉ်စည်းကမ်းလမ်းစည်းကမ်းနှင့်အညီ သွားလာနေထိုင်သင့်ကြောင်းဒေသခံတစ်ဦးကပြောသည်။

(၆၈၀)



ပဲခူးမြို့နယ်ဘုရားကြီးမြို့ရှိ မဟာဝိဇယရံသီစေတီတော်မြတ်ကြီး၏ခြေရင်းရှိ တောင်ပိုင်းရပ်ကွက်တွင် တည်ရှိသော ဒက္ခိဏာရာမတိုက်ခွဲ၌ ဇန်နဝါရီ ၂၉ရက် ညနေ ၄ နာရီ ၃၀ မိနစ်ခန့်တွင် ကျောင်းဆောင်သစ်တည်ဆောက်ရန်မြေကျင်းတူးရာမှ ဒုတိယကမ္ဘာစစ်လက်ကျန်ဟုယူဆရသော ၃လက်မ စိန်ပြောင်းဗုံးသီးသုံးလုံးအားတူးဖော်တွေ့ရှိသဖြင့် ဘုရားကြီးမြို့ အုပ်ချုပ်ရေးရုံးမှတစ်ဆင့်နယ်မြေခံ ရဲစခန်းသို့ အကြောင်းကြားပြီး ထပ်ဆင့်သတင်းပို့ချက်အရ နယ်မြေခံတပ်ရင်းမှ တာဝန်ရှိသူများက စစ်ဆေးသိမ်းဆည်းသွားကြောင်းသိရသည်။

သီဟရာဇာ(ဘုရားကြီး)

ကချင်ပြည်နယ်လွှတ်တော် အတွေ့အကြုံများ ရှင်းလင်း

မိုးကောင်း၊ ဖေဖော်ဝါရီ ၁

ကချင်ပြည်နယ်လွှတ်တော် အစည်းအဝေးအတွေ့အကြုံများရှင်းလင်းပွဲကို ဇန်နဝါရီ ၂၉ ရက်နံနက် ၉နာရီခွဲက မိုးကောင်းမြို့ မိုးကောင်းခန်းမ၌ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျူက အမှာစကားပြောကြားပြီး ပြည်နယ်လွှတ်တော်ဥပဒေပြုရေးဆိုင်ရာကော်မတီဝင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်က ပြည်နယ်လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာဆောင်ရွက်ချက်များ ပြည်နယ်လွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းထားသောဥပဒေ၊ နည်းဥပဒေများနှင့်စပ်လျဉ်း၍ပြောကြားခဲ့သည်။

ပြည်နယ်လွှတ်တော်ဥပဒေပြုရေးဆိုင်ရာကော်မတီဝင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုးနွယ်က ပြည်နယ်လွှတ်တော်၌ အဆိုတင်သွင်းခြင်း၊ မေးခွန်းမေးမြန်းခြင်းများနှင့်စပ်လျဉ်း၍လည်းကောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားကာ ပြည်နယ်လွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေစာအုပ်များကို ဒေသခံပြည်သူများထံ ဖြန့်ဝေပေးအပ်ခဲ့ကြောင်း သိရသည်။

(၄၉၉)

ကလေးတက္ကသိုလ်ကျောင်းသားများ စာသင်ခန်းများလုံလောက်ရန်အတွက် R C သုံးထပ်စာသင်ဆောင်သစ် သုံး ဆောင် ထပ်မံဆောက်လုပ်

ကလေး ဖေဖော်ဝါရီ ၁

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ ကလေးတက္ကသိုလ်ကျောင်းသားကျောင်းသူများ၏ စာသင်ခန်းများလုံလောက်ရန် အလျား ၁၉၂ ပေ၊ အကျယ် ၃၈ ပေ၊ အမြင့် ၃၆ ပေ ရှိRC သုံးထပ်စာသင်ဆောင်သစ်သုံးဆောင်ကို ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ် ပညာရေးဝန်ကြီးဌာန၏ငွေလုံးငွေရင်းမှ ကျပ်သန်းပေါင်း ၁၇၀၇ ဒသမ ၀၀ သန်းအကုန်အကျခံလျက် စိုးမိုးရတနာ၊ Just In Time၊ High Power Union ကုမ္ပဏီတို့က ၂၀၁၄ ခုနှစ်၊ အောက်တိုဘာ ၂၀ ရက်နေ့ကထပ်မံဆောက်လုပ်ခဲ့ကြရာ ယခုအချိန်တွင် ၄၅ ရာခိုင်နှုန်းကျော် ပြီးစီးကြပြီဖြစ်ကြောင်း သိရသည်။

၂၀၁၃ - ၂၀၁၄ ဘဏ္ဍာရေးနှစ်တွင်လည်း နိုင်ငံတော်အစိုးရက ပြည်ထောင်စုဘဏ္ဍာငွေဖြင့် ကျပ်သန်းပေါင်း ၁၉၆၉ ဒသမ ၉၀ သန်းအကုန် အကျခံလျက် အလျား ၁၉၂ ပေ၊ အကျယ် ၃၈ ပေရှိ RC သုံးထပ် စာသင်ဆောင်သစ် သုံးဆောင်ကိုပြည်သူ့ဆောက်လုပ်ရေးအထူးအဖွဲ့-၆မှ ၂၀၁၃ ခုနှစ်၊ ဇူလိုင် ၁ ရက်က ဆောက်လုပ်ပေးခဲ့ရာ ၂၀၁၄ ခုနှစ်တွင် ပြီးစီးပြီးဖြစ်သည်။

ကလေးတက္ကသိုလ်သည် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းရှိကလေး၊ ကလေးဝ၊ မင်းကင်း၊ တမူး၊ မော်လိုက်နှင့် ခန္တီးမြို့နယ်များမှ ကျောင်းသားကျောင်းသူများ၊ ချင်းပြည်နယ်မှ ဖလမ်း၊ဟားခါး၊ ထန်တလန်၊ တီးတိန်၊ တွန်းဇံမြို့နယ်များ၊ ရိဒ်ခေါဒါရ်နှင့်ကျီခါးမြို့နယ်ခွဲတို့မှ ကျောင်းသားကျောင်းသူများက အဆင့်မြင့်ပညာ လာရောက် ဆည်းပူးသင်ယူကြသည့် တက္ကသိုလ်ကြီးတစ်ခုဖြစ်သည်။

ကလေးမြို့ရှိ ကလေးတက္ကသိုလ်သည် ၁၉၉၃ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်တွင် ကလေးကောလိပ် အဖြစ်စတင်ဖွင့်လှစ်ခဲ့ပြီးနောက် ၁၉၉၉ ခုနှစ် ဇူလိုင် ၇ရက်တွင် ကလေးဒီကရီကောလိပ် အဖြစ်တိုးမြှင့်ဖွင့်လှစ်ခဲ့ကာ ၂၀၀၃ ခုနှစ် မေ ၁၄ ရက်တွင်ကလေးတက္ကသိုလ်အဖြစ်သို့တိုးမြှင့်ဖွင့်လှစ်ခဲ့သည့် တက္ကသိုလ်ဖြစ်သည်။

အဆိုပါ ကလေးတက္ကသိုလ်သုံးထပ်စာသင်ဆောင်သစ် သုံးဆောင်ထပ်မံဆောက်လုပ်မှုများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီအမြန်ဆုံးပြီးစီးနိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်၏လမ်းညွှန်ချက်ဖြင့် ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး က အနီးကပ်ကြီးကြပ်လျက်ရှိကြောင်း သိရသည်။

ဂျိုးနက်

သစ်စေ့ပျိုးပွဲတော်ကျင်းပ

ကော့ကရိတ်၊ ဖေဖော်ဝါရီ ၁

ကရင်ပြည်နယ်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ ကော့ကရိတ်မြို့နယ် သစ်စေ့ပျိုးပွဲတော်ကို ဇန်နဝါရီ ၂၉ ရက် နံနက် ၈နာရီက သစ်တောပျိုးဥယျာဉ်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ခိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်လင်းဦးနှင့် ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူလူထုတို့မှ ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီစေ့၊ စိန်ပန်းစေ့၊ မယ်ဇလီစေ့၊ ဗန်ဒါစေ့တို့အား စုပေါင်းပျိုးထည့်ပေးခဲ့ကြောင်းသိရသည်။

အလားတူ ကြာအင်းဆိပ်ကြီးမြို့ သစ်တောဦးစီးဌာနရုံးဝင်းအတွင်း၌ ကျွန်းစေ့သုံးပြည်၊ ပျဉ်းကတိုးသုံးဘူး၊ မဟော်ဂနီစေ့နှစ်ပြည်၊ စိန်ပန်းစေ့နှစ်ဘူး၊ မယ်ဇလီနှစ်ဘူး၊ ဗန်ဒါစေ့ငါးပြည်တို့အား ဌာနဆိုင်ရာများနှင့် ပြည်သူလူထု ၆၃ က စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

စိုးထက်အောင်(ကော့ကရိတ်)

ရုပ်ရှင်နှင့်ရုံးခန်းသဖွယ်အသုံးပြုနိုင်သော Cadillac Escalade ကား

Cadillac Escaslade ကားအသစ်သည် ရွေ့လျားရုံးခန်းအဖြစ်လည်းကောင်း ရုပ်ရှင်ရုံသဖွယ်အဖြစ်လည်းကောင်း အသုံးပြုနိုင်မှာဖြစ်ပြီး ၂၀၁၅ မှာ ထုတ်လုပ်ခဲ့သည့် Cadillac Escalade SUV ကားမော်ဒယ်ကို ပြန်လည်ပြုပြင်ထုတ်လုပ်လိုက်ခြင်းဖြစ်သည်။ ကား၏နောက်ခန်းထိုင်ခုံကို ရုပ်ရှင်ရုံအဖြစ် အသုံးပြုနိုင်ရန်နှင့် ရုံးခန်းအဖြစ် အသုံးပြုနိုင်ရန်အတွက် ပြောင်းလဲရွေ့ပြောင်းနိုင်အောင် စီမံထားခြင်းဖြစ်သည်။ ဒရိုင်ဘာထိုင်ခုံနောက်ကျော တွင် ၄၈ လက်မရှိ 4K အမျိုးအစား မျက်နှာပြင်ကွေး စမတ်တီဗွီကို တပ်ဆင်ထားသည့် အပြင် ဗြိုလ်တုရုပ်မြင်သံကြားစနစ်၊ i Pad၊ Mac အသေးစားကွန်ပျူတာ၊ ရွှေသားအစစ် ၂၄ ကာရက်ပါရှိသော ကားပစ္စည်းသုံးကိရိယာများ၊ ကော်ဖီဖျော်စက်၊ ရုံးခန်းအတွက်ရည်ရွယ်ပြုလုပ်ထားသော ထိုင်ခုံအောက် သိမ်းဆည်းနိုင်သော စားပွဲ၊ သက်တောင့်သက်သာရှိအောင် စီမံထားသော ထိုင်ခုံများနှင့် LED မီးလုံးများလည်း ပါရှိသည်။ မီးခလုတ်၊ အဲကွန်း အပေါက် နှင့် အခြားခလုတ်ခုံများကိုလည်း ရွှေသားအစစ်ဖြင့်သာ ပြုလုပ်စီမံထားသည်။

ကား၏အပြင်ဘက် ပတ်ပတ်လည်တွင် လုံခြုံရေးကင်မရာများ တပ်ဆင်ထားပြီး အတွင်းထဲမှာ ပင်လုံခြုံရေးအခြေအနေကို ကြည့်ရှုနိုင်မည်ဖြစ်သည်။ ကားတွင် ကျည်ကာစနစ်လည်းပါရှိရာ လုံခြုံရေးအရ စိတ်ချရသော ကားအမျိုးအစားဖြစ်သည်။ ယင်းကားကို အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားအခြေစိုက် Lexani ကုမ္ပဏီက ထုတ်လုပ်ထားခြင်းဖြစ်ပြီး ကား၏အမည်ကို Ultra-Luxurious ဟု အမည်ပေးထားသည်။ ကား၏ ဈေးနှုန်းကို ယေဘုယျအားဖြင့် အမေရိကန်ဒေါ်လာ ၇၂၄၇၀ မှ ၉၇၉၄၀ ကြားရှိမည်ဟု ဖော်ပြထားပြီး ကြိုက်နှစ်ရာ အရောင်မျိုးစုံကို ရွေးချယ်ဝယ်ယူနိုင်မည်ဖြစ်သည်။ အကယ်၍ ဝယ်ယူလိုပါက onstar.com တွင် ဝယ်ယူရရှိနိုင်မည်ဖြစ်သည်။

မေလှဲ့သင်း

မက်ခ်ဇူးကားဘတ်ချ်ကို မနာလိုဖြစ်မိကြောင်း ဖွင့်ဟလိုက်တဲ့ ဘီလ်ဂိတ်စ်

နာမည်ကြီး မိုက်ခရိုဆော့ဖ် ကုမ္ပဏီကိုတည်ထောင်ခဲ့သူ ဘီလ်ဂိတ်စ်က ဖေ့စ်ဘွတ်ခ်၏ ဦးဆောင်ညွှန်ကြားရေးမှူး မက်ခ်ဇူးကားဘတ်ချ်ကို မနာလိုဖြစ်မိကြောင်းဗုဒ္ဓဟူးနေ့ နေ့လည်တွင်ကျင်းပခဲ့သော အစီအစဉ်တစ်ခုတွင် ပြောကြားခဲ့သည်။

ယင်းအစီအစဉ်၌ ဘီလ်ဂိတ်စ်ကို သူ့ဘဝ၏ နောင်တရစရာ အကြောင်းအရာနှင့်ပတ်သက်၍ မေးမြန်းခဲ့ရာ သူက တစ်ခုတည်းသော နောင်တရစရာမှာ အခြားနိုင်ငံခြား ဘာသာစကားများကို မသင်ယူနိုင်ခဲ့ခြင်းဖြစ်ကြောင်း ပြောခဲ့သည်။

ထို့ပြင် ၎င်းက ဘာသာစကားများစွာကို သင်ယူနိုင်ခဲ့သော မက်ခ်ဇူးကားဘတ်ချ်ကိုလည်း အားကျမိကြောင်း ပြောခဲ့သည်။ ဘီလီယံနာကြီး ဘီလ်ဂိတ်စ်က "ကျွန်တော် နိုင်ငံခြားဘာသာစကားတစ်ခုမှ မတတ်တဲ့ ညံ့ဖျင်းတဲ့သူ ပါဗျာ။ ကျောင်းမှာတုန်းကတော့ လက်တင်နဲ့ ဂရိဘာသာစကားတွေသင်ခဲ့ဖူးတယ်။ ကျွန်တော်ပြင်သစ် ဒါမှမဟုတ် အာရပ်ဒါမှမဟုတ် တရုတ်ဘာသာစကားတွေ သင်ချင်တယ်။ ဒါမှမဟုတ်သူတို့ထဲက အလွယ်ဆုံးဖြစ်တဲ့ ပြင်သစ်စကားလေးသင်ဖို့ အချိန်တော့ ရကောင်းရနိုင်မယ်လို့ မျှော်လင့်မိတာပဲ။ မက်ခ်ဇူးကားဘတ်ချ်ကတော့ အံ့သြစရာ ကောင်းလောက်အောင်ပဲ မက်ဒရင်းဘာသာစကားကို ကောင်းကောင်းပြောနိုင်ပြီး တရုတ်ကျောင်းသားတွေနဲ့ အမေး၊ အဖြေလုပ်တော့ တရုတ်လိုပြောတာ အရမ်းကို တော်တာဗျ" ဟု ပြောခဲ့သည်။

နာမည်ကျော် ကွန်ပျူတာဖခင်ကြီးဟု တင်စားခေါ်ဆိုနိုင်သော ဘီလ်ဂိတ်စ်သည်ပင် ပြည့်စုံသူတစ်ဦးမဟုတ်ကြောင်းနှင့် သူသည် အင်္ဂလိပ်ဘာသာစကားမှလွဲ၍ အခြားမည်သည့်ဘာသာစကားကိုမျှ မပြောဆိုနိုင်ကြောင်း သိရသည်။

■■■

အချက်အလက်သုံးစွဲမှုကို သိသိသာသာလျှော့ချပေးပြီး ပေါ့ပါးလျင်မြန်သည်

Facebook Lite v 1.0 APK

ယခုနောက်ဆုံးအနေနဲ့ Facebook ကတရားဝင်ဖြန့်ချိပေးလိုက်တဲ့ Facebook Lite App အသစ်ဟာ Android ဗားရှင်းနိမ့်တဲ့ဖုန်းတွေမှာရော အင်တာနက်ဆက်သွယ်မှု နှေးကွေးတဲ့ နေရာတွေမှာပါ အသုံးပြုနိုင်ဖို့ ရည်ရွယ်ထုတ်လုပ်ပေးခဲ့တာဖြစ်ပါတယ်။

ပုံမှန်အားဖြင့် Facebook App ဟာ အင်တာနက်လိုင်းကောင်းမှသာ သုံးလို့အဆင်ပြေပေမယ့် အခု Facebook Lite APK ကတော့ အရွယ်အစားအားဖြင့်လည်း 252 KB omရှိတဲ့အတွက် Mega Bite တစ်ခုထက်တောင်နည်းပါသေးတယ်။ ယင်း App ဟာ လိုဂိုသီးသန့်ပါရှိပြီး အဖြူရောင်နောက်ခံမှာ Lite ဟုအမည်ပါရှိပါတယ်။

Facebook Lite App ခရီးလမ်းဟာ အခုအချိန်မှစတင်မှာဖြစ်ပြီး ယင်းဗားရှင်း 1.0 ကို အဆင့်မြှင့်ချင်ရင် ဒါမှမဟုတ် update လုပ်ချင်ရင်လည်း လုပ်လို့လွယ်ပါတယ်။ ဗားရှင်းနိမ့်နေတဲ့ Android ဖုန်းတွေဟာ အတွင်းပိုင်း မှတ်ဉာဏ် (Memory) နည်းသလို RAM eJY Processor နှုန်းတွေလည်း သိသိသာသာနိမ့်နေတဲ့အတွက် အခုလို ဗားရှင်းနိမ့်တဲ့ ဖုန်းတွေအတွက်ပါ Facebook ကို အလွယ်တကူအသုံးပြုနိုင်ဖို့ ဆောင်ရွက်ပေးလိုက်တာလည်း ဖြစ်ပါတယ်။

အခြားအရေးကြီးတဲ့အချက်တစ်ချက်ကတော့ Facebook အသုံးပြုသူများအားလုံးဟာ မြန်နှုန်းမြင့်တဲ့ အင်တာနက်ကို ရရှိနေကြတာမဟုတ်ပါဘူး။ ယခု Facebook Lite App ကတော့ 2G(ဥပမာအားဖြင့် GPRS၊ EDGE) အင်တာနက်လောက်နဲ့ကို သုံးလို့အဆင်ပြေမှာဖြစ်ပါတယ်။

သို့သော် ယင်း App ကို ကမ္ဘာ့နေရာအနှံ့အပြားမှာ ရရှိနိုင်အုန်းမှာမဟုတ်ဘဲ Android Device များအတွက်သာ ဦးစားပေးဖြည့်ဆည်းနေခဲ့တာဖြစ်ပါတယ်။ အကယ်၍ အသုံးပြုလိုပါလျှင် Mediafire Mirror မှ Facebook Lite v 1.0 APK ကို ဒေါင်းလုတ်ဆွဲပြီး ရယူနိုင်မှာဖြစ်ပါတယ်။

စွန့်ပစ်အမှိုက်များကို စုဆောင်းကာ အိမ်ရာမဲ့များအတွက် အိမ်များဖန်တီးပေးနေသူ

အမေရိကန် အနောက် အုတ်ခ်လန်းဒ်မှ ပညာရှင်တစ်ဦးဖြစ်သူ ဂရက်ချ်ကလိုဟန်သည် လမ်းဘေးတွင်စွန့်ပစ်ထားသောအမှိုက်များကို လိုက်လံစုဆောင်းကာအိမ်ခြေရာမဲ့များအတွက် အိမ်များကို ဆောက်လုပ်ပေးနေကြောင်း အင်တာနက်သတင်းများအရ သိရသည်။

သူသည် လွန်ခဲ့သော နှစ်နှစ်ခန့်က အိမ်များကို စတင်ဆောက်လုပ်ခဲ့ပြီး စတင်ဆောက်လုပ်စဉ်က သူ၏ စိတ်ကူးမှာ အိမ်တစ်လုံးကို တစ်နေ့အတွင်း အပြီးဆောက်လုပ်နိုင်ရန်သာ ရည်ရွယ်ခဲ့သည်။ ထိုအချိန်က သူဆောက်ခဲ့သောအိမ်တွင် ဘီးများပါရှိပြီး လူတစ်ယောက်လှဲသာရုံသာ ရှိသည်။ အိမ်ထဲတွင် မတ်တပ်ရပ်၍ မရပေ။ ဂရက်ချ်သည် အိမ်ကိုဆောက်လုပ်ပြီးနောက် ရည်ရွယ်ချက် တစ်စုံတစ်ရာမရှိသောကြောင့် သူ၏ စတူဒီယိုအတွင်း လပေါင်းများစွာ ထည့်သိမ်းထားခဲ့သည်။

မိုးသည်းသောတစ်ညတွင် ဂရက်ချ်၏ ရပ်ကွက်အတွင်း သွားလာနေသော အိမ်ခြေရာမဲ့ တစ်ဦးဖြစ်သော ချာလင်န်က အိမ်သို့ရောက်လာပြီး မိုးကာဖျင်တစ်ခုလောက်လိုချင်ကြောင်း ပြောသည်။ မိုးရွာနေသည့်အတွက် ချာလင်န်တွင် အိပ်စက်နားခိုရန် အမိုးအကာမရှိသောကြောင့် ဖြစ်သည်။ ထိုအချိန်တွင် ဂရက်ချ်သည် ရုတ်တရက်သူ၏ အိမ်လေးကို သတိရသွားပြီး နောက်နေ့နံနက်တွင် ပြန်လာခဲ့ရန် ချာလင်န်ကိုပြောခဲ့သည်။ နောက်နေ့ချာလင်န် ရောက်လာသောအခါ သူ၏အိမ်လေးကို ပေးခဲ့သည်။

ထိုအချိန်မှစ၍ ဂရက်ချ်သည် မနက်လင်းတိုင်း လမ်းဘေးရှိ တရားမဝင်စုပုံထားသော အမှိုက်များမှ သူအတွက် အိမ်ဆောက်ရာတွင် လိုအပ်သည်များကို ကောက်ယူစုဆောင်းပြီး အိမ်များဆောက်လုပ် ပေးအပ်ခဲ့သည်။ သူ၏ဇနီးနှင့် ကလေးနှစ်ဦးကလည်း သူကိုကူညီပေးခဲ့သည်။ ယခုအခါ လုပ်အားပေးအဖွဲ့ တစ်ဖွဲ့ကလည်း ယင်းရွေ့လျားနိုင်သော အိမ်လေးများကို ကူညီဆောက်လုပ်ပေးလျက်ရှိသည်။

ဂရက်ချ်သည် အိမ်များ၏ အခင်းကို သစ်သားဖြင့်ခင်းထားပြီး တံခါးပေါက်များ၊ ပြတင်းပေါက်များ ထည့်သွင်းပြုလုပ်ပေးထားသည်။ အချို့သော အိမ်များသည် မွေ့ရာ အရွယ်အစားခန့်သာရှိသော်လည်း ပြင်ပအအေးဓာတ်မဝင်အောင် သေချာပြုလုပ်ထားသည့်အတွက် အိမ်ရာမဲ့များအတွက် နွေးထွေးမှုကို အမှန်တကယ် ပေးစွမ်းနိုင်ကြောင်းကို အိမ်ရာမဲ့တစ်ဦးဖြစ်သော ဝင်းဒါးဆိုသူ အမျိုးသမီးက "ဂရက်ချ်ပေးတဲ့အိမ်က ကျွန်မအတွက် ငါးနှစ်တာအတွင်းမှာ အကောင်းဆုံးအိမ်ပါပဲ၊ အထဲမှာ တကယ်ကို နွေးပါတယ်" ဟု ပြောသည်။

ဂရက်ချ်သည် ယခုအထိ အိမ်ပေါင်း တစ်ဒါဇင်ကျော်ကို တည်ဆောက်ပေးခဲ့ပြီးဖြစ်ပြီး သူက "အချို့က တအားဖက်ထားတယ်။ အချို့လည်း အရမ်းပျော်နေတာပေါ့။ ဒါကျွန်တော့်ဘဝရဲ့ အပျော်ဆုံးအချိန်ပဲ။ လူတိုင်းပျော်နေတယ်လေ။ ဒါပေမယ့် ဒီလိုလုပ်တာ အိမ်ရာမဲ့ ပြဿနာကို ဖြေရှင်းနိုင်တဲ့နည်းလမ်းတော့ မဟုတ်သေးဘူး" ဟု ပြောခဲ့သည်။

အသက် ၄၃ နှစ်အရွယ်ရှိ ဂရက်ချ်သည် သူ၏ လက်သမား အတတ်ပညာဖြင့် အိမ်လေးများကို ဒီဇိုင်းသစ်များရေးဆွဲဖန်တီးသွားမည်ဖြစ်ကြောင်းလည်းပြောခဲ့သည်။ သို့သော် ယင်းရွေ့လျားနိုင်သော အိမ်လေးများသည် မြို့တော်တွင် မှတ်ပုံတင်ထားခြင်းမရှိသည့်အတွက် မြို့နယ်တာဝန်ရှိသူများနှင့် ဆွေးနွေးရန်လိုအပ်နေပြီဖြစ်ကြောင်းလည်း သိရသည်။

(ခင်ခင်သက်)

ကိုးကားချက်။
www. nbcbayarea.com

တိုင်းရင်းသားရိုးရာ သားရေတပ်တူရိယာပစ္စည်းများ လှူဒါန်း/ငှားရမ်းပေးနိုင်ရေး ဖိတ်ခေါ်ခြင်း

ယဉ်ကျေးမှုဝန်ကြီးဌာနက တိုင်းရင်းသားရိုးရာ သားရေတပ်တူရိယာပစ္စည်းများကို စုစည်း၍ ယဉ်ကျေးမှုစင်တာအဖြစ် ဖွင့်လှစ်ထားရှိသော ကမ္ဘောဇရိပ်သာ (ချင်းချောင်းနန်းတော်) ရန်ကုန်မြို့၌ **မြန်မာ့တူရိယာပစ္စည်းများပြပွဲ**တွင် ခင်းကျင်း ပြသရန် စီစဉ်လျက်ရှိပါသည်။

သို့ပါ၍ တိုင်းရင်းသားရိုးရာ သားရေတပ်တူရိယာပစ္စည်းများ (ဥပမာ-ရှမ်းအိုးစည်၊ ရခိုင်စည်တော်၊ အိုးစည်၊ ဗုံတို/ဗုံရှည်--- စသည်)များကို စုဆောင်းထားရှိသော ပုဂ္ဂလိကအလှူရှင်များကသော်လည်းကောင်း၊ တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုအသင်းများကသော်လည်းကောင်း၊ လှူဒါန်း (သို့မဟုတ်) ငှားရမ်း (သို့မဟုတ်) ရောင်းချပေးလိုပါက ပေးနိုင်ရေးအတွက် ဖိတ်ခေါ်အသိပေးအပ်ပါသည်။

လှူဒါန်း/ငှားရမ်း/ရောင်းချပေးလိုပါက အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ရုံးချိန်အတွင်း ဆက်သွယ်ပြန်ကြားပေးပါရန် မေတ္တာရပ်ခံပါသည်-

- ဦးဇော်ဌေး၊ ဒုတိယပါမောက္ခချုပ်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)- ဖုန်း-၀၁-၅၉၀၂၃၄
- ဦးညွန့်ဝင်း၊ ညွှန်ကြားရေးမှူး(စီမံ)၊ အနုပညာဦးစီးဌာန၊ ဖုန်း-၀၆၇-၄၀၈၀၃၄
- ဦးသူအောင်၊ ဒုတိယညွှန်ကြားရေးမှူး၊ ယဉ်ကျေးမှုဝန်ကြီးဌာန (ဝန်ကြီးရုံး)၊ ဖုန်း-၀၆၇-၄၀၈၂၈၃

အနုပညာဦးစီးဌာန
ယဉ်ကျေးမှုဝန်ကြီးဌာန

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရန်ကုန်နည်းပညာတက္ကသိုလ်အား BVCH SAS-UK Branch က ဘွဲ့ကြိုအင်ဂျင်နီယာ ပညာရေးဆိုင်ရာ အရည်အသွေးစီမံခန့်ခွဲမှုစနစ်နှင့်ဆိုင်သော ISO 9001:2008 (for Provision of Undergraduate Engineering Education and Training Services) အသိအမှတ်ပြုလက်မှတ် ချီးမြှင့်သည့်အတွက် လမ်းညွှန်ကြီးကြပ်ခဲ့သော **အဆင့်မြင့်နည်းပညာတက္ကသိုလ်များ ဦးစီးကော်မတီဥက္ကဋ္ဌ၊ ဒု-ဝန်ကြီး(ငြိမ်း) ဝဏ္ဏကျော်ထင်ဒေါက်တာဦးညီလှငယ်၊ ပါမောက္ခချုပ် ဒေါက်တာအေးမြင့်၊ (ပါမောက္ခချုပ်-ငြိမ်း) ဒေါက်တာမြမြဦးနှင့်တကွ တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ကြသော ဌာနမှူးများ၊ ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများအား**

ဝမ်းမြောက်စွာ ချီးကျူးဂုဏ်ပြုပါကြောင်းနှင့် ရန်ကုန်နည်းပညာတက္ကသိုလ်ကြီးအား နိုင်ငံတကာအဆင့်တက္ကသိုလ်တစ်ခုဖြစ်လာအောင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ဆက်လက်ကြိုးစားဆောင်ရွက်ပေးနိုင်ကြစေရန် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဒေါက်တာ ဦးဇော်ထွန်း၊ ဒေါက်တာဒေါ်ဌေးကြည် မိသားစု

ကြော်ငြာ



ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ပရဟိတကလေးများဘဝ
ရွှေရောင်တောက်ပဖို့ မြေတောင်မြှောက်ကြစို့

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းစံပြကျေးရွာ၊ မြို့ဦးပရဟိတဘုန်းတော်ကြီးသင်ပညာရေးကျောင်း(လူငယ်စောင့်ရှောက်ရေးဌာန)ကို ၂၀၀၁ ခုနှစ်တွင် နိုင်ငံတော်အစိုးရ၊ သာသနာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့၏ ခွင့်ပြုချက်ဖြင့် စတင်ဖွင့်လှစ်ခဲ့ပါသည်။

ယခုနှစ်၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာ သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းသား၊ ကျောင်းသူကလေးပေါင်း(၂၇၀)ဦးကို ထိန်းသိမ်းစောင့်ရှောက်ထားလျက်ရှိပါသည်။ (၁၃)နှစ်တာခရီးတိုင်အောင် ဖြတ်သန်းလာရသော်လည်း အမာခံငွေပင်ငွေရင်း ကျောထောက်နောက်ခံမရှိခြင်း၊ ရပ်ဝေးအလှူရှင်အားနည်းခြင်းစသော အကြောင်းများကြောင့် လိုအပ်ချက်များစွာရှိနေပါသည်။

အထူးသဖြင့် ကလေးများအတွက် ကျွေးမွေးရေး ဆန်၊ ဆီ၊ ပဲ၊ အာလူး၊ ကြက်သွန်စသည်များလိုအပ်ခြင်း၊ ကျောင်းသူမိန်ကလေးအိပ်ဆောင်လိုအပ်ခြင်း၊ စာအုပ်၊ စာရေးကိရိယာများလိုအပ်ခြင်းတို့သည် အရေးကြီးဆုံးများဖြစ်သည်။ သို့ဖြစ်ပါ၍ စေတနာရှင်ပြည်သူများသည် ဤကျောင်းရှိ ကလေးများအား မိမိတို့၏သားသမီးများပမာ ကရုဏာထား၍ အနာဂတ်မှာ ရွှေရောင်တောက်ပဖို့ ဝိုင်းဝန်း၍ မြေတောင်မြှောက်ကြပါရန် အထူး မေတ္တာရပ်ခံ နှိုးဆော်အသိပေးအပ်ပါသည်။

အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ပါသည်။

၁။ ကျောင်းအုပ်ဆရာတော် ဖုန်း-၀၉-၂၅၅၇၄၈၆၂၄၊ ၀၉-၄၉၃၁၅၃၇၀၊ ရွှေဂုံတိုင်ကမ္ဘောဇဘဏ်
ဦးဇဋိလ KBZ Bank (Account No.007-301-00700708002)ဘဏ်စာရင်းသို့ နီးစပ်ရာဘဏ်၌ ထည့်သွင်း၍ လှူဒါန်းနိုင်ပါသည်။
၂။ ဦးအောင်လွင်-ဒေါ်ချိုချိုထွေး(ငြိမ်းချမ်းရေးနှင့်ကမ္ဘာကျော်ပင်ရင်းထီဆိုင်ကြီး)
အမှတ်(၁၆၈/၁၈၈)၊ အခန်း(၄)၊ (၂၇)လမ်း(အထက်)၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၂၄၈၀၈၈၊ ၀၁-၂၄၉၀၁၃၊ ၀၁-၂၄၉၀၁၅၊ ၀၉-၅၁၄၉၂၀၈
၃။ ဦးဟန်ကြည်-ဒေါ်ဝါဝါကျော် Alpine သောက်ရေသန့်ကိုယ်စားလှယ်မိသားစုပုဇွန်တောင်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၀၁၄၁၉၀၊ ၀၉-၅၁၃၀၁၉၀
၄။ အဖြူရောင်မေတ္တာအဖွဲ့၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၅၅၃၃၅၁၊ ၀၉-၅၄၁၄၂၉၅၊ ၀၉-၅၁၁၂၄၁၆

ပြင်ဆင်ဖတ်ရှုပါရန်

၃၁-၁၀-၂၀၁၄ ရက် ကြေးမုံသတင်းစာ စာမျက်နှာ(၁၅) အမှတ်(၃)ပါ ကန့်ကွက်နိုင်ပါသည်ကြော်ငြာတွင် ဒေါ်ညွန့်ညွန့်တင် ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာတွင် ဒေါ်ညွန့်ညွန့်တင်၏ [၁၂/တမန(နိုင်)၀၃၂၅၂၄] အစား[၁၂/ တမန(နိုင်)၀၃၂၅၃၄]ဟု ပြင်ဆင် ဖတ်ရှုပါရန်။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဘိုကလေးဈေးလမ်း၊ အမှတ်(၄၃)၊ (ပ)ထပ်နေ ဦးစိုးမြင့်၏သား မောင်ဇင်မင်းသူရိန်စိုး [၁၂/ဗတထ(နိုင်)၀၄၃၂၆၅]သည် မိဘနှစ်ပါးအား စိတ်ဆင်းရဲအောင် ခွင့်မလွှတ်နိုင်သောကိစ္စကိုပြုမူခဲ့၍ ၎င်းအား သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးစိုးမြင့်[၆/ကသန(နိုင်)၆၀၂၇၆၇]

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် တိုက်ခန်းကို လက်ရှိအမည်ပေါက်ထံမှ ဝယ်ယူ၍ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁။	ဦးမျိုးနိုင် [၁၂/ကမတ(နိုင်)၀၄၆၆၅၈]	ဒေါ်ရီလေး [၁၂/အစန(နိုင်)၁၂၀၅၁၅]	အခန်းအမှတ်(၄၀၃)၊ ကျွန်းတောဈေးအိမ်ရာ၊ စမ်းချောင်းမြို့နယ်

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

ဦးတင်မြင့် 3M(m.m.m)ဆောက်လုပ်ရေးနှင့် ဒေါ်ကြည်ကြည်သန်း[၁၂/အလန(နိုင်)၀၃၀၀၆၆]တို့နှင့်တကွ အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဂဠုန်ရပ်ကွက်၊ သိပ္ပံလမ်း၊ အမှတ်-၇၃ နေအိမ်အဆောက်အအုံကို ဖျက်သိမ်း၍ အစားထိုးဆောက်လုပ်ခဲ့သော ၆ထပ်တိုက်အဆောက်အအုံ၏ အမိုးပေါ်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်မရဘဲ မည်သူမျှ PentHouse အပါအဝင် တရားမဝင်အဆောက်အအုံ ဆောက်လုပ်ခွင့်မရှိပါကြောင်းနှင့် ဆောက်လုပ်ခွင့်တရားဝင်ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ အဆိုပါ အမိုးမျက်နှာပြင်ဧရိယာ၏ ပိုင်ရေးဆိုင်ခွင့် အကျိုးခံစားခွင့်သည် ပူးတွဲမြေရှင်နှစ်ဦး၏ ပိုင်ရေးဆိုင်ခွင့်သာဖြစ်သဖြင့် ပူးတွဲမြေရှင်နှစ်ဦး၏ စာဖြင့်ရေးသားထားသော နှစ်ဦးသဘောတူညီချက်မရှိဘဲ မည်သူမျှ ဝင်ရောက်စွက်ဖက်၊ စီမံခန့်ခွဲပိုင်ခွင့်၊ အလွဲသုံးခွင့်မရှိပါကြောင်းနှင့် ပူးတွဲမြေရှင် ဒေါ်တင်တင်ဝင်း၏ GPရသူ ဦးစိုးမြင့်ထွန်း မသိရှိဘဲ တရားမဝင် ဝင်ရောက်သုံးစွဲခြင်းများ ဥပဒေနှင့်မညီသော လုပ်ဆောင်မှုများကြောင့် ပူးတွဲမြေရှင်၏ ပိုင်ရေးဆိုင်ခွင့်ကို တစ်စုံတစ်ရာ ထိခိုက်နစ်နာဆုံးရှုံးစေခဲ့ပါက ဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပူးတွဲမြေပိုင်ရှင်ဒေါ်တင်တင်ဝင်း၏ **GP**ရသူ-ဦးစိုးမြင့်ထွန်း

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-သကတ-၁တိုးချဲ့၊ မြေကွက်အမှတ်-၁၀၇/ခ၊ ပေ(၂၀×၆၀)၊ မြေကွက်တည်နေရာအမှတ်(၁၀၇/ခ)၊ တေးဥယျာဉ် (၁၅)လမ်း၊ (၇) ရပ်ကွက်၊ လှိုင်သာယာမြို့နယ်ရှိ ဦးအောင်ဇော်ဦးအမည်ပေါက်ပါမစ်မြေအား ဦးအောင်ဇော်ဦး[၁၂/လသယ(နိုင်)၀၀၆၉၄၃] အမည်ပေါက် မြေချပါမစ်မူရင်းပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံချက်၊ လှိုင်သာယာမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၏ထောက်ခံချက်၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်တို့တင်ပြ၍ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့်ဝယ်ယူထားသူ ဒေါ်ခင်ဆွေအေး[၁၁/ရဗန(နိုင်)၀၄၃၉၅၇]မှ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်တွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

"ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်"

THAWEESAK THAMRONGPHASUK, at No.48/1 Mu. 1 Vangphanplam Muang Changpai, Thailand 57100 ... "JAJACO" ... IV-573/2013 ...

JAJACO

(IV-573/2013)

THAWEESAK THAMRONGPHASUK ... "JAJACO" ... "Shoes, footwear" ... Shoes, footwear ... THAWEESAK THAMRONGPHASUK ...

THAWEESAK THAMRONGPHASUK ...

YE NOOS & ASSOCIATES (Law Firm)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ်(၇၄၆)၊ မြေကွက်တည်နေရာအမှတ်(၇၄၆)၊ သုမိတ္တာ(၁၉)လမ်း၊ (ဒေါ်စောကြည်) [၁၂/ဥကမ(နိုင်)၁၃၁၄၃၉]၊ ဦးသန်းညွန့် [၁၂/ဥကမ(နိုင်)၀၇၃၃၂၃]၊ မသန်းသန်းစိန်(အင်န်/အိုကေအေ-၀၃၆၅၃၇) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်စောကြည်၊ ဦးသန်းညွန့်၊ မသန်းသန်းစိန်တို့က ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရဲစခန်းထောက်ခံချက်တို့တင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ မြေကွက်အမှတ်(၆၂၀)၊ မြေကွက်တည်နေရာအမှတ်(၆၂၀)၊ (၄၄)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်နေ ဦးရဲမြင့်(AC-009750) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးရဲမြင့် (တရားရှုံး) ကိုယ်စား ဒဂုံ မြို့သစ်မြောက်ပိုင်းမြို့နယ်တရားရုံး တရားမကြီးမှုအမှတ်(၁၂၂/၂၀၁၃)၏(၂၀-၁၁-၂၀၁၃)ရက်စွဲပါ စီရင်ချက် တရားမဇာရီမှုအမှတ်(၁၄၃/၂၀၁၃)၏ နေ့စဉ်မှတ်တမ်းနှင့် ဘီလစ်ခန့်အပ်ကြောင်း အကြောင်းကြားစာတို့တင်ပြ၍ ဘီလစ်ဒေါ်လှဲ့လှဲ့ခိုင်[၁၃/တကန(နိုင်)၀၀၃၄၁၉]မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

[illegible]

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ သမိုင်း(၁)လမ်း၊ အမှတ်(၂၆)မြေပေါ်တွင် ဆောက်လုပ်ထားသော ကန်ထရိုက် (၃၂) တိုက်၏ ပထမထပ် (၂)လွှာ၊ အကျယ်အဝန်းအားဖြင့် (အလျား ပေ၂၀×အနံ ပေ၆၀) ရှိ တိုက်ခန်း(၁)ခန်းအား လက်ရှိတရားဝင်ပိုင်ဆိုင်လျက်ရှိသူ ဦးမောင်မောင်ဦး[၁၂/လမန(နိုင်)၀၂၁၃၄၃] ကိုင်ဆောင်သူမှ အထက်ပါတိုက်ခန်းအား အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံလျက် အရောင်းအဝယ်ပြုလုပ်ရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူကလည်း ကမ်းလှမ်းချက်ကို လက်ခံကာ အပြီးအပိုင်ဝယ်ယူရန်အတွက် အထက်ပါ တိုက်ခန်း၏ အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားကြရန် နှစ်ဦးနှစ်ဖက် သဘောတူညီကြပြီး ဖြစ်ပါသည်။

အထက်ပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက ယခုအရောင်းအဝယ်ကိစ္စကို ပြီးဆုံးအောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးတင့်ဝေထွန်း **(LL.B, D.B.L,D.I.L)**
အထက်တန်းရှေ့နေ (စဉ်-၃၁၅၃၃)
အမှတ်(၂၁၁/၂၃၅)၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၅၄၉၅၀၂

ကြော်ငြာ

အထူး ကျေးဇူးတင်ရှိခြင်း

၂၀၁၅ ခုနှစ် မြန်မာနေရှင်နယ်လိဂ် MNL 2015 ပြိုင်ပွဲကြီး၏ ရှစ်ကွင်းမြောက် အိမ်ကွင်းသစ်တစ်ကွင်း အဖြစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့ ညနေ (၃:၃၀)နာရီက ဧရာဝတီ ယူနိုက်တက်အသင်း၏ အိမ်ကွင်း AUFC Stadium ကို ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပါသည်။ အိမ်ကွင်းဖွင့်ပွဲ အခမ်းအနားတွင် ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးခဲ့ပါသော ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် အဖွဲ့ဝင်များ တာဝန်ရှိသူများ လာရောက်အားပေးခဲ့ကြသည့် ဒေသခံပရိသတ်များနှင့် ရှင်သန်မှုအားပေးခဲ့ကြသော ပရိသတ်များ၊ အိမ်ကွင်းဖွင့်ပွဲ အတွက် လိုအပ်သည့်များအား ဝိုင်းဝန်းကူညီ ပေးခဲ့ကြသည့် စေတနာရှင်ထမ်းများ၊ ထိုကဲ့သို့ဖြစ်ပွဲအတွက် အိမ်ကွင်း အသုံးပြုနိုင်ရန် ကြိုးပမ်းခဲ့ကြသည့် ဧရာဝတီယူနိုက်တက် အသင်းတို့ကို အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်
မြန်မာနေရှင်နယ်လိဂ် ကော်မတီ

KBZ BANK

ကမ္ဘောဇဘဏ်လီမိတက်

ရွှေဘုံသာဘဏ်ခွဲ (၂) ကို
၂၀.၁.၂၀၁၅ (အင်္ဂါနေ့) တွင် လည်းကောင်း၊

မိတ္ထီလာဘဏ်ခွဲ (၄) ကို
၂၁.၁.၂၀၁၅ (ဗုဒ္ဓဟူးနေ့) တွင် လည်းကောင်း၊

ကုန်သည်လမ်းဘဏ်ခွဲ - (၆) ထိပ်ရုံး ကို
၂.၂.၂၀၁၅ (တနင်္လာနေ့) တွင် လည်းကောင်း၊

ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ် ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း မိဘပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ရွှေဘုံသာဘဏ်ခွဲ(၂)
အမှတ်(၃၈၃)၊ ရွှေဘုံသာအလယ်ပိုင်းလမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - (၀၁) ၃၇၀၄၇၅၊ ၃၇၀၄၃၆
ဖက်စ် - (၀၁) ၃၇၀၄၉၀၊ ၃၇၀၄၉၁

မိတ္ထီလာဘဏ်ခွဲ(၄)
အမှတ်(၇/က)၊ ရန်ကုန်-မန္တလေးလမ်းမကြီး၊
မောင်စေယျာရပ်ကွက်၊ မိတ္ထီလာမြို့နယ်၊
မိတ္ထီလာခရိုင်၊ မန္တလေးတိုင်းဒေသကြီး။
ဖုန်း - (၀၆၄) ၂၃၇၂၈
ဖက်စ် - (၀၆၄) ၂၅၄၃၃၊ ၂၃၁၈၅

ကုန်သည်လမ်းဘဏ်ခွဲ-(၆)ထိပ်ရုံး
အမှတ်(၅၃)၊ ကုန်သည်လမ်းနှင့်ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - (၀၁) ၃၈၂၆၀၉၊ ၃၈၂၆၁၀၊ ၃၈၂၆၁၃
ဖက်စ် - (၀၁) ၃၈၄၃၅၂၊ ၃၈၄၃၈၀၊ ၃၈၄၇၇၅

www.kbzbank.com

ကြော်ငြာ

ဝန်ထမ်းအလိုရှိသည်

(၁) Sales Manager

(၂) Assistant Sales Manager

(၃) Marketing Manager

(၄) Quality Management Representative

(၅) Chinese Translator

(၆) Driver (Sales)

(၇) Admin Assistant

(၈) Graphic Designer

(၉) Maintenance Engineer (Machine)

CV

14-2-2015

Beauty World Co., Ltd.

ရွှေခင်ရွှေဝှက် Travel & Tours

USD 650

USD 850

USD 4800

USD 1300

USD 1350

Hot Line: 09-73003772

ပျောက်ဆုံးကြောင်း

ကျွန်တော် ကောင်းညက်ဝင်း CDC No 66874 ၏ BST နှင့် EDH လက်မှတ်များမှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။ ဖုန်း-၀၉-၄၅၀၀၆၂၆၅၄

Apex Alliance Travel & Tours Company Limited

ပြည်စုံစုရုံ

အလိုရှိသည်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆)၊ မြေကွက်အမှတ်(၂၉/ဇ)၊ မြေကွက်တည်နေရာအမှတ်(၁၃)၊ မရမ်းမြိုင်လမ်း၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ်၊ မြေအမျိုးအစား(မြေပိုင်မြေ) အမည်ပေါက် မောင်ဘထွန်း၊ မြေအားပိုင်ဆိုင်ကြောင်းစာချုပ်-၅၄၅၃၊ ၂၈-၁၀-၉၇ ဖြင့် ဦးမျိုးသိန်းမှ ပိုင်ဆိုင်ခဲ့ပြီး ၎င်းမကွယ်လွန်မီက မခွဲမစိတ်ရသေးသော ဧရိယာ ပေ(၂၀×၅၀)ခန့်ကို ဦးထွန်းသိန်းထံသို့ အရပ်ကတိ အရောင်းအဝယ်စာချုပ်ဖြင့် ရောင်းချခဲ့သဖြင့် ကျန်အစိတ်အပိုင်း ပေ(၄၇×၅၅)ခန့်သာ ဒေါ်ငွေကျင်မှ ပိုင်ဆိုင်ကြောင်းစာချုပ်-၈၁၅၅၊ ၂၁-၁၀-၁၄ ဖြင့် ပိုင်ဆိုင်ခဲ့ပြီး ဒေါ်ငွေကျင်[၁၂/လမန(နိုင်)၀၅၀၆၈၇]ကိုယ်စား ကိုယ်စားလှယ်လွှဲစာရသူ ဒေါ်ခင်သီတာ[၁၂/လမန(နိုင်)၀၅၀၇၄၅]မှ စာချုပ်အဆက်အစပ်များတင်ပြ၍ မြေတိုင်းလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မြန်မာဆောက်လုပ်ရေးနှင့်ဖွံ့ဖြိုးရေး အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်

Myanmar Construction And Development Public Co.,Ltd(MCD)

Logo Design ပြိုင်ပွဲဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင် အသင်းဝင်များ စုပေါင်း၍ မြန်မာဆောက်လုပ်ရေးနှင့်ဖွံ့ဖြိုးရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်(MCD)ကို ၃၁-၁၂-၂၀၁၄ရက်တွင် ကုမ္ပဏီမှတ်ပုံတင် ဖွဲ့စည်းခွင့်ရရှိပြီးဖြစ်ပါသည်။

အဆိုပါ (MCD) ကုမ္ပဏီအတွက် ခေတ်မီဆန်းသစ်သော မြန်မာ့ဆောက်လုပ်ရေးလောက၏ ပြယုဂ်အဖြစ် ပေါ်လွင်စေရန် ဖန်တီးထားသော Logo အား အဆိုပြု ရေးဆွဲပေးပို့ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

ရွေးချယ်ရေးကော်မတီမှ ရွေးချယ်ခံရသော Logo Design ဒီဇိုင်းအား ချီးမြှင့်ငွေအဖြစ် ကျပ် ၂၀၀၀၀၀၀/-(သိန်းနှစ်ဆယ်တိတိ) ဂုဏ်ပြုမည် ဖြစ်ပါသည်။

လူကြီးမင်းများ၏ Logo Design (၂)မျိုးကို ၂၆-၂-၂၀၁၅ ရက် (ကြာသပတေးနေ့) ညနေ ၄း၀၀ နာရီ နောက်ဆုံးထား၍ အောက်ဖော်ပြပါ လိပ်စာအတိုင်း ပေးပို့ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

စည်းကမ်းချက်များ-

၁။ Logo Design အကြီးဆုံး(A 4) Size အတွင်းနှင့် အသေးဆုံး(၄"×၄")အတွင်း ရေးဆွဲရမည်။

၂။ ပြိုင်ပွဲဝင်ပုံကို Soft Copy & Hard Copy ပေးပို့ရမည်ဖြစ်ပါသည်။

၃။ မိမိကိုယ်တိုင် ဖန်တီးရေးဆွဲထားသော Logo Design ဖြစ်ကြောင်း လက်မှတ်ရေးထိုးဖော်ပြရမည်။

၄။ နှစ်သက်ရာရေးနည်းဖြင့် ရေးဆွဲနိုင်ပါသည်။

၅။ ဆက်သွယ်ရန် အမည်၊ မှတ်ပုံတင်နံပါတ်၊ လိပ်စာ၊ ဖုန်းနံပါတ်တို့ကို ပြည့်စုံစွာ ဖော်ပြရမည်။

ပေးပို့ရမည့်လိပ်စာ

မြန်မာဆောက်လုပ်ရေးနှင့်ဖွံ့ဖြိုးရေး အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်

အမှတ်(၃)၊ သံသုမာလမ်းနှင့် ဝေဇယန္တာလမ်းထောင့်၊ သုဝဏ္ဏလမ်းဆုံ

သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၅၇၉၅၄၇၊ ၅၆၀၇၂၅

Email:mcdyangon 2015 @ gmail.com

Fully Light Travels & Tours Co.,LTD.

TANGO TRAVELS

Ph : 09 731 09637 , 09 250 243343 , 09 250585294

7 Stars PGDMA (16)

09-492623366, 09-421033736, 09-799860155

စာအုပ်စာပေ လူမိုက်ဆေး

မူးယစ် ဆိုက ဆန့်ကျင်ကြ

မြန်မာနိုင်ငံဗိသုကာအသင်း

OCYA (Orientation Course for Young Architects)

လုပ်ငန်းခွင်ဝင်မွမ်းမံသင်တန်းဖွင့်မည်

လုပ်ငန်းခွင်ဝင်ရန် လူငယ်ဗိသုကာများအတွက် Orientation Course for Young Architects အမှတ်စဉ်(၀၄/၂၀၁၅)ကို အောက်ပါအစီအစဉ်အတိုင်း ဖွင့်လှစ်မည်ဖြစ်ပါသောကြောင့် မြန်မာနိုင်ငံဗိသုကာအသင်းနှင့် ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါပြီ။

တက်ရောက်ခွင့်ရှိသူ	-	AMA အသင်းဝင် လူငယ်ဗိသုကာများ။
သင်တန်းကာလ	-	၃ ရက်(၇ ရက်မှ ၉ ရက် ဖေဖော်ဝါရီထိ)။
သင်တန်းကြေး	-	တစ်သောင်းကျပ်(စာရွက်စာတမ်းကြေးများပါပြီး)
သင်တန်းချိန်	-	နံနက် ၉ နာရီမှ ညနေ ၅:၁၅ နာရီထိ။
သင်တန်းနေရာ	-	မြန်မာနိုင်ငံဗိသုကာအသင်း၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန (တတိယထပ်)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
စာရင်းပေးသွင်းရန်	-	၅ ရက်၊ ဖေဖော်ဝါရီလ နောက်ဆုံးထားပြီး အသင်းသို့တယ်လီဖုန်းနှင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။

မြန်မာနိုင်ငံဗိသုကာအသင်း

ဖုန်း-၀၉-၇၃၁၅၄၄၆၀

သင့်သွေးဖြင့် အသက်ကယ်ပါ

အသိပေးကြေညာအပ်ပါသည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက အမှတ်-၆၁၉/၂၀၁၄-၂၀၁၅ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ အောင်ဇော်မင်း သယံဇာတတူးဖော်ထုတ်လုပ်ရေးကုမ္ပဏီလီမိတက်အားပေးရန် တာဝန်ကန့်သတ်ထားသော လီမိတက်ကုမ္ပဏီအဖြစ် ၂၀၁၄ ခုနှစ် မေလ ၁၂ ရက်တွင် မှတ်ပုံတင်ခွင့်ပြုထားရာ ကချင်ပြည်နယ်၊ တနိုင်းမြို့နယ် ရှင်ဗွေယန်မြို့ ရပ်ကွက်(၃)နေ ဒါရိုက်တာဦးအောင်ဇော်မင်း [၉/သပက(နိုင်)၀၃၇၆၃၅] ဖုန်း-၀၉၇၄၁၁၅၂၀၂၊ ဦးအောင်ဇော်သက်[၉/သပက(နိုင်)၀၅၅၉၈၆]တို့နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

We are ISO 9001:2008 and 14001:2004 certified hospital in Yangon. We are currently looking for experienced and dynamic people to join our hospital for the following positions.(Fresh graduate are also welcome.)

- Staff Nurse	5 Posts
- Radiographer	3 Posts
- Medical Laboratory Technologist	2 Posts
- Frontline Supervisor	1 Post
- Mechanical/Electrical Engineer	2 Posts
- Customer Support Services Assistant	5 Posts
- Telephone Operator	2 Posts
- Medical Record Assistant	2 Posts
- Health Care Assistant	5 Posts

Our hospital offers a competitive remuneration package and career development opportunities based on experience and ability.

Those interested can send their application in person within two weeks together with their CVs and 2 recent passport photos,copies of relevant certificates,NRC card,labor registration form, and police station recommendation,to the following address.

Human Resources Department
Pun Hlaing Hospital
Pun Hlaing Golf Estate Avenue
Hlaingtharyar Township,Yangon
Tel;684323,Fax:684324
E-mail:hr.phih @ spa-mm.com
Only short-listed applicants will receive a reply

Konica Wedding Dress Photo Studio

(၆)ကြိမ်မြောက်အလုပ်အကိုင်အခွင့်အလမ်းများပြပွဲ

ကျင်းပမည့်နေ့ရက် - ၂၀၁၅ ခုနှစ် - ဖေဖော်ဝါရီ(၂၀-၂၁-၂၂)
ကျင်းပမည့်အချိန် - နံနက်(၉:၀၀မှ၅:၀၀)
ကျင်းပမည့်နေရာ - တပ်မတော်ခန်းမ(ဦးဝိစာရလမ်း၊ရန်ကုန်)

အခွင့်အလမ်း Opportunity

Z&A awba IBTC

အသေးစိတ်သိလိုပါက -၀၉-၅၁၄၂၃၃၁၊၀၉-၇၃၁၂၀၇၅၄၊၀၉-၇၃၁၈၀၇၂၀ များသို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဝမ်းနည်းကြေကွဲခြင်း
ဒုတိယဗိုလ်မှူးကြီးကျော်ဆွေ
(တပ်မတော်-လေ)(ငြိမ်း)
ရဟတ်ယာဉ်မှူး (Myanmar Helicopters International)
အသက်(၆၂)နှစ်

ဒုတိယဗိုလ်မှူးကြီးကျော်ဆွေ(ငြိမ်း) ရဟတ်ယာဉ်မှူး (Myanmar Helicopters International) အသက် (၆၂)နှစ်သည် ၃၀-၁-၂၀၁၅ရက် (သောကြာနေ့) နံနက် ၆း၅၅ နာရီတွင် ပါရမီဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ဇနီး ဒေါ်ခင်သန့်စင်
လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ဝမ်းနည်းကြေကွဲခြင်း
ဒုတိယဗိုလ်မှူးကြီးကျော်ဆွေ
(တပ်မတော်-လေ)(ငြိမ်း)
ရဟတ်ယာဉ်မှူး (Myanmar Helicopters International)
အသက်(၆၂)နှစ်

သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီးကျော်ဆွေ(ငြိမ်း) (D.S.A-17) ရဟတ်ယာဉ်မှူး (Myanmar Helicopters International) အသက် (၆၂)နှစ်သည် ၃၀-၁-၂၀၁၅ (သောကြာနေ့) နံနက် ၆း၅၅နာရီတွင် ပါရမီဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီနှင့် ဇနီး ဒေါ်ခင်မေစိုး မိသားစု
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်မာကြည်(B.E Civil-74) (၆၉)နှစ်
(ဆန်းသစ်သံဆိုင်)

မန္တလေးမြို့၊ အကွက်(၁၁၈)၊ ကျောက်ပျောက်တန်းရပ်နေ ဦးကိုလေး-ဒေါ်မြညွန့်တို့၏သမီး၊ ဦးခင်အောင်-ဒေါ်ကြည်သင်းမေ၊ ဒေါက်တာဦးဝင်းအောင်၊ ဦးလှဆွေ-ဒေါ်ခင်မာသီတို့၏အစ်မ ဒေါ်ခင်မာကြည်သည် ၂၆-၁-၂၀၁၅ (တနင်္လာနေ့) မွန်းလွဲ ၂း၂၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

1974 Batch, B.E (Civil) မှ
သူငယ်ချင်းကျောင်းသား/သူဟောင်းများ

ကင်ဆာမဖြစ်ရန် ဆောင်ရန်၊ ရှောင်ရန်များ

၁။ အဝမလွန်ပါစေနှင့်။
၂။ အဆီနှင့် ဆီများလျှော့စားပါ။ (တိရစ္ဆာန်နှင့် အသီးအနှံမှရသော ဆီများအားလုံး အကျုံးဝင်သည်)
၃။ အမျှင်များသော အသီးအနှံ အရွက်နှင့် ဆတ်၊ ဂျုံ၊ ပြောင်းများ စားရန်။
၄။ ဗီတာမင်အေနှင့် စီဓာတ်ပါသော အရွက်များစားရန်။
၅။ ဗီတာမင်စီဓာတ်ပါသော အချိုအချဉ်ဓာတ်ရှိသော အသီးများ စားရန်။
၆။ ဂေါ်ဖီထုပ်၊ ဂေါ်ဖီစိမ်းထုပ်၊ ပန်းဂေါ်ဖီ၊ ကညွတ်များစားရန်။
၇။ ကွမ်း၊ ဆေးလိပ်နှင့် အရက်သေစာ စားသောက်ခြင်းမှရှောင်ရန်။
၈။ ဆားဖြင့် စီမံထားသောအစာများ၊ ကျပ်တင်ထားသော အစာများ၊ ယမ်းစိမ်းဖြင့် ပြုပြင်ထားသောအစာများနှင့် အချဉ်သနပ်များ အလွန်အကျွံစားခြင်းမှ ရှောင်ရန်။ (ဥပမာငါးခြောက်၊ ဝက်အူချောင်းနှင့် သနပ်များ)
၉။ လေ့ကျင့်ခန်းမှန်မှန်လုပ်ရန်။
၁၀။ နှစ်ပတ်ထက်ကျော်ပြီး သာမန်မဟုတ်သော လက္ခဏာများ ဖြစ်ပေါ်လျှင် တတ်ကျွမ်းသူနှင့် ပြသရန်။

ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

သင့်သွေးဖြင့် အသက်ကယ်ပါ

အသည်းရောင်အသားဝါ (ဘီ)ပိုးနှင့် (စီ)ပိုးကာကွယ်ရေး နှိုးဆော်ချက်

အသည်းရောင်အသားဝါ ရောဂါဖြစ်စေသော ရောဂါပိုးများတွင် အသည်းရောင်အသားဝါ (ဘီ)ပိုးနှင့် (စီ)ပိုးများလည်း ပါဝင်သည်။ (ဘီ)နှင့် (စီ)ဗိုင်းရပ်(စ်)ပိုးများသည် တစ်ဦးနှင့် တစ်ဦး သွေးနှင့် ကိုယ်တွင်းအရည်များမှတစ်ဆင့် ကူးစက်နိုင်သည်။ အသည်းရောင်အသားဝါဖြစ်ရာမှ အသည်းခြောက်ခြင်း၊ အသည်းကင်ဆာဖြစ်ခြင်းကြောင့် သေဆုံးသည်အထိ အန္တရာယ်ရှိသည်။

သို့ဖြစ်၍ အသည်းရောင်အသားဝါ (ဘီ)ပိုးနှင့် (စီ)ပိုး ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်ရန်အတွက်-

(က) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုစိုက်ပါ။ သွားပွတ်တံ စသည်တို့ကို သီးခြားအသုံးမပြုလျှင် ကူးစက်တတ်သည်ကို သတိပြုပါ။
(ခ) လိင်ဆက်ဆံရာမှ ကူးစက်တတ်သည်ကို သတိပြုပါ။
(ဂ) အပ်စိုက်၊ ဆေးထိုးဆေးသွင်းရာမှ ကူးစက်တတ်သဖြင့် သန့်ရှင်းသော တစ်ခါသုံးအပ်များကိုသာ အသုံးပြုပါ။
(ဃ) သွေးမှတစ်ဆင့် ကူးစက်မှုကို ကာကွယ်ရန်အတွက် သန့်စင်သော သွေးရရှိရန် ဆောင်ရွက်ပါ။
(င) ရောဂါကာကွယ်ကုသရန်အတွက် နီးစပ်ရာကျန်းမာရေးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ပါ။

ကျန်းမာရေးဝန်ကြီးဌာန

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်သိန်းတင်(နေဖြူ-ရေလဲ)
အသက်(၁၀၁)နှစ်

(ဦးမောင်သင်-ဒေါ်ဖွားဇုံ)တို့၏သမီးကြီး၊ (ပွဲစားကြီးဦးဘမောင်)၏ဇနီး၊ (ဦးသန်းမြင့်)-ဒေါ်သန်းသန်း၊ (ဦးစောသိန်း)၊ ဦးဝင်းအောင်-ဒေါ်အေးယဉ်၊ ဦးဇော်ညွန့်-ဒေါ်မြမြဝင်း (အထပြ-ငြိမ်း၊ မြင်းခြံ)၊ (ဦးအောင်သိန်း)၊ (ဦးထိန်ဝင်း)-ဒေါ်တင်အုံးရှိန်၊ ဦးပဉ္စင်း ဦးတိက္ခသာရ (မြစ်ငယ်မြို့)၊ ဦးသောင်းရွှေ- ဒေါ်စိန်စိန်ဝင်း(အထက-၁၊ လမ်းမတော်)၊ ဦးသန့်ဇင်-ဒေါ်ရည်မွန်ဝင်းတို့၏မိခင်ကြီး၊ မြေး ၂၅ယောက်၊ မြစ် ၃၀ယောက်တို့၏ ဘွားဘွားကြီးသည် ၃၁-၁-၂၀၁၅ (စနေနေ့) ညနေ ၅း၄၀နာရီတွင် အထက(၁) လမ်းမတော်ကျောင်းဝင်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၅ (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားအပ်ပါသည်။ (အထက-၁၊ လမ်းမတော်ကျောင်းဝင်းနေအိမ်မှ ကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၂-၂၀၁၅ (သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်မြရီ(တောကျွဲအင်း)
အသက်(၈၅)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကညွတ်ကွင်းမြို့နယ်၊ တောကျွဲအင်းမြို့နေ (ဦးထွန်းဘော်-ဒေါ်ဒါး)တို့၏သမီး၊ ရန်ကုန်မြို့၊ အမှတ် (350/A)၊ သမာဓိ (၃)လမ်း၊ (၈)ရပ်ကွက်၊ ဖွဲ့စုံ၊ ကမ္ဘာအေး၊ မရမ်းကုန်းမြို့နယ်နေ [ဗိုလ်မှူးတင်ကွန့်(ငြိမ်း) (ညွှန်မှူး-ငြိမ်း၊ အကျဉ်းဦးစီးဌာန)]၏ ချစ်လှစွာသောဇနီး၊ [ဗိုလ်မှူးကြီး အုန်းမြင့်(ငြိမ်း)]-ဒေါ်ခင်သိန်းဝင်း၊ ဦးဇော်လွင်-ဒေါ်သီတာ(အကျဉ်းဦးစီးဌာန)၊ ဦးကွမ်းခြံ (Engineering Export, Rtd. Bosh Co., Ltd Japan)-ဒေါ်သန်းသန်းဝင်း (လက်ထောက်ကထိက၊ သတ္တဗေဒဌာန-ငြိမ်း)၊ ဒုမှူးကြီးလွင်စိုး-(ဒေါ်ယဉ်နှင်းမိုး)၊ ဦးလွင်မိုးဇော်-ဒေါ်စန္ဒာသွယ်တို့၏ ချစ်လှစွာသောမိခင်၊ ဒေါက်တာသူသူအုန်းမြင့်၊ ကိုသိန်းထွဋ်တင်-မဝင့်ဝါအုန်းမြင့်၊ ကိုစစ်နိုင်ဦး၊ မောင်လင်းစက်ရောင်စိုးတို့၏ ချစ်လှစွာသောအဘွား၊ မသီရိအိန္ဒာအောင်၊ မစုသီရိခေတ်တို့၏ ဘွားဘွားကြီး ဒေါ်မြရီသည် ၃၁-၁-၂၀၁၅ရက် ညနေ ၆း၃၂နာရီတွင် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ် ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၅ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) [၆-၂-၂၀၁၅(သောကြာနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ နတ်လမ်း ဒါယကာကြီး
ဦးတင်လှ (၉၅)နှစ်
ပြုပြင်ထိန်းသိမ်းရေးစက်ရုံ၊ စက်မှု(၁)ငြိမ်း
(ကျုံဒရယ်ကျေးရွာကော့မှူး)

